The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 47 တနင်္လာနေ့တိုင်းထုတ်ဝေသည် December 4, 2017

# ပြည်ပကုန်သွယ်မှုမြင့်တက်၊ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ လေးဘီလီယံခန့် ပိုမိုပြီး အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံခန့် ရောက်ရှိ

စာမျက်နှာ - ၈



## အာဆီယံ စီးပွားရေး အသိုက်အဝန်းနှင့် CLMV နိုင်ငံများ

စာမျက်နှာ - ၁၂

- (၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲကို တရုတ်နိုင်ငံတွင် ကျင်းပမည်

စာမျက်နှာ - ၁၇

- တောင်ကြီးမြို့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပဲပုပ်ကဏ္ဍတွင် ပါဝင်ပတ်သက်သူများ၏ အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၇ ကျင်းပ

စာမျက်နှာ - ၂၁

- ကရင်ပြည်နယ်အတွင်း သစ်သီးဝလံနှင့် ပန်းမန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၂၃

## လယ်ယာထွက်ကုန်ပစ္စည်းများဆိုင်ရာ ဆန်စပါး၊ သကြားနှင့် ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့သူများအား ပို့ကုန်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးဆိုင်ရာသင်တန်း ဖွင့်လှစ်မည်

စာမျက်နှာ - ၂၀




မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
MYAWADDY BANK LIMITED
လုံခြုံလျှို့ဝှက်၊
ဆောင်ရွက်မြန်မှန်၊
မြဝတီဘဏ်
ATM
GIFT CHEQUE SERVICES
CALL DEPOSIT ACCOUNT
SCHOLARSHIP FUNDING SERVICES
SAVINGS ACCOUNT
MOBILE BANKING SERVICES
SAFE DEPOSIT LOCKER
FIXED DEPOSIT ACCOUNT
CURRENT ACCOUNT
Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301460, 2301402, 2301418
Email : mwdbankygn@mptmail.net.mm
Website : www.mwdbank.com.mm


Delo®
CALTEX Premium Heavy Duty Diesel Engine Oil
Havoline®
CALTEX PRODUCT WHAT MATTER™
THE POWER OF ALL POSSIBILITIES
apoil
Aung Thein Than Co.,Ltd
No.64, Baho Road, Sanchaung Township, Yangon.
Tel :9519 527074, 534346, 539732, 508036, 02 76469, 067 27029, 09 49205956 Fax:527203 www.aungtheinthannmyanmar.com
BMTRADA
ISO 9001
Certificate number : 11089
Hot Line :
09 799970007
09 799655777

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်ကချင်ပြည်နယ်၏ ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးဆောင်ရွက်

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၅ ရက်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့်တွေ့ ဆုံ၍ ပြည်ထောင်စုအစိုးရ၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ကချင်ပြည်နယ်အတွင်း ကုန် သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်နိုင်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၆ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ်ရှိ မြစ်ကြီးနားဒေသ စီးပွားရေး ဖွံ့ဖြိုးရေးဇုန်တည်ဆောက်ရန်လျာထားသည့် နန်ကျင် ဒေသသို့ရောက်ရှိပြီး စီးပွားရေးဇုန်တည်ဆောက်ရန် မြေနေရာရွေးချယ်ထားမှု၊ ဇုန်နယ်မြေအတွင်း လုပ် ငန်းအဆင့်အလိုက်ဆောင်ရွက်ရန် စီမံကိန်းလျာထား ချက်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စု ဝန်ကြီးက ဒေသခံပြည်သူများအား အလုပ်အကိုင်ရရှိ ရေး စီမံဆောင်ရွက်ချက်များ ပွင့်လင်းမြင်သာမှုရှိရေး၊ ဒေသခံလူငယ်များကို လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပို့ချပေးရေး၊ နည်းပညာပိုင်း ပူးပေါင်း ကူညီဆောင်ရွက်ပေးရေးတို့ကို အသေးစိတ်ဆွေးနွေး မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်တို့သည် တာဝန်ရှိသူများနှင့်အတူ နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်း အဝေးခန်းမ၌ကျင်းပသည့် ကချင်ပြည်နယ်အစိုးရ



အဖွဲ့ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ကချင်ပြည်နယ် ကုန်သည် များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုန် သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား ရာတွင် မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍ၏ ၉၀ ရာခိုင်နှုန်း ကျော်သည် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်လျက်ရှိသည့်နည်း တူ ကုန်သွယ်မှုကဏ္ဍတွင်လည်း ပုဂ္ဂလိက ၏အခန်း ကဏ္ဍသည် အဓိကပါဝင်နေခြင်းဖြစ်ကြောင်း၊ သို့ဖြစ် ၍ ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်သည့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်ပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ် ဖက်တွင်လည်း ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိ အောင် ဆောင်ရွက်နိုင်မှသာလျှင် ကုန်စည်ကူးသန်း ရောင်းဝယ်မှုလုပ်ငန်းများ၊ စီး ပွားရေးအခြေခံအဆောက် အဦတည်ဆောက်ခြင်း လုပ်ငန်းများကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ ငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်းရှိ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကုန်သည်လုပ် ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ် ပြီး ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သည့် ကူညီ ပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိ တို့နိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်မှုအပိုင်းတွင် စိုက်ပျိုး ရေးထွက်ကုန်များ၊ စက်မှုလက်မှု ထုတ်ကုန်များ၏ ထုတ်လုပ်မှုကုန်ကျစရိတ်သည် အခြားနိုင်ငံများ၏ ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်ပါက အလွန် များနေသည်ကို

စာမျက်နှာ - ၁၇ သို့

# Ease of Doing Business ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြား



ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် Doing Business အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ Ease of Doing Business ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်း အဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး တက် ရောက်အမှာ စကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာ၌ ၂၀၁၄ ခုနှစ်ကစ၍ Doing Business အစီရင်ခံစာတွင် မြန်မာနိုင်ငံက လိုက်ပါဆောင်ရွက် လျက်ရှိရာ ၂၀၁၈ အစီရင်ခံစာတွင် DTF ရမှတ်၌ တိုးတက်ခဲ့ပြီး နိုင်ငံအား လုံးတန်းစီသည့်အဆင့်တွင် တစ်ဆင့် လျော့ကျသွားကြောင်း၊ Doing Business အဆင့်တွင်မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများထက် အဆင့်နိမ့်ကျ နေပါကြောင်း၊ အဆင့်တိုးတက်အောင် လုပ်ဖို့လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင် ရောက်လာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ် နှံမှု တိုးတက်လာစေရန်အတွက် ကြိုးနီ စနစ်များ လျှော့ချဖို့ရန် လိုအပ်ပါ ကြောင်း၊ ဝန်ကြီးဌာနများမှ Ease of Doing Business အဆင့် တိုးတက် အောင်လက်တွေ့ဆောင် ရွက်နေမှုများ၊ ဖြေလျော့ ဆောင်ရွက်ပေးမှုများကို မီဒီယာများမှတစ်ဆင့် ပုဂ္ဂလိကနှင့် အများပြည်သူသိရှိရန် ဆောင်ရွက်ဖို့ အရေးကြီးကြောင်း၊ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် ညွှန်းကိန်း အလိုက် အကောင်အထည်ဖော်ဆောင် ရွက်မည့် အထောက်အကူပြုအဖွဲ့များ ကိုလည်း ညွှန်ကြားရေးမှူးချုပ်များအား အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေး ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့ပါသည်။

ဆက်လက်၍ ကမ္ဘာ့ဘဏ်မှ Mr. Jose Ricarto Silva၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် Mr. Tony Dickinson တို့က Doing Business တိုးတက်ရေး ဆောင်ရွက် မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး အညွှန်းကိန်းအလိုက် ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာဝန်ကြီး ဌာနများက ရှင်းလင်းဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိပါသည်။

MOC(IR)

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

## ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ သီတင်းပတ်အတွင်း ဆန်တန်ချိန် ရှစ်သောင်းနီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၁၈ရက်မှ ၂၄ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၀၂၂ သန်းတန်ဖိုးရှိဆန်၆၀၃၁၈တန်ကျော်တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန်၂၀၃တန်ကျော်၊ ဧည့်မထဆန် ၄၉၄၀၈ တန်အပြင် ကောက်ညှင်းဆန်၁၇၃တန်ခန့်ပါ တင်ပို့ခဲ့ပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၉၇တန်ကျော်နဲ့ ဧည့်မထဆန် ၉၈တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှငစိန်ဆန်၁၀၂၈၆တန်ကျော် တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၅၃တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှဆန် ၅၂၄၃၁ တန်ခန့်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၈၈၇တန်ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ၈၀၆ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၆၃၂တန်ကျော် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၁၉၄၂ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၆၉၀ ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၂၇၇၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၃တန်လျော့ကျခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာ ၁၉ရက်မှ ၂၅ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၄၇ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၇၉၂၁ တန်ကို ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်ဆန်တင်ပို့မှုများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၁၅၁၀တင်ပို့ပြီး အများဆုံးတင်ပို့ခဲ့ပါတယ်။ အခြားအာရှနိုင်ငံများဖြစ်သော တရုတ်နိုင်ငံသို့ ငစိန်ဆန် ၇၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ငစိန်ဆန် ၄၃၅ တန်၊ ဧည့်မထ ဆန် ၁၆၂၅တန်၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန်တန် ၅၀ တင်ပို့ခဲ့ပါတယ်။ ဒါ့အပြင် အာဖရိကနိုင်ငံများဖြစ်တဲ့ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန် ၃၇၅တန်၊ မက်ဒါဂါးစကားနိုင်ငံသို့ ဧည့်မထဆန် ၂၆၈၅တန်တင်ပို့ပြီး အီးယူနိုင်ငံများသို့ ပေါင်းဆန်တန် ၄၀၀နဲ့ ဧည့်မထဆန် ၇၆၆တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဆန် ၅၄၁၅ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၂၅၀၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၉သန်းတန်ဖိုးရှိ ဆန်ကွဲတန် ၃၉၉၀ တင်ပို့ခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံသို့တန် ၅၀၀နဲ့ အီးယူနိုင်ငံများသို့တန်၃၄၉၀တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲတန် ၄၂၅၀တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၂၆၀လျော့ကျခဲ့တာတွေ့ရပါတယ်။

ကုန်သွယ်ရေးစခန်းများနဲ့ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ရက်သတ္တပတ်အတွင်း ဆန်၇၈၂၃၉တန်နဲ့ဆန်ကွဲ ၆၆၂၂ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ဆန် ၂၀၃၉၃ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

## ရောဝတီတိုင်းဒေသကြီးအတွင်း ကောက်စောစပါးသစ်/စပါးဟောင်း၊ ဆန်သစ်/ဆန်ဟောင်းဈေးနှုန်း အပြောင်းအလဲရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စပါးဈေးကွက်တွင် ယခုလက်ရှိအချိန်တွင် မြို့နယ်စုံမှမိုးကောက်စောစပါးများဝင်ရောက်လျက်ရှိပြီး စပါးသစ် ၄၆ ပေါင် တင်း၁၀၀ကို တိုင်းအတွင်းပျမ်းမျှဈေး ကျပ်ငါးသိန်းနှစ်သောင်းမှ ငါးသိန်းငါးသောင်းဝန်းကျင်၊ ဧည့်မထစပါးဟောင်းတင်း၁၀၀ကို ကျပ်ငါးသိန်းဝန်းကျင်မှ ကျပ်ငါးသိန်းငါးသောင်း၊ ကျပ်ခြောက်သိန်းဝန်းကျင်အထိ ပေါက်ဈေးရှိကြောင်း၊ စပါးသစ်ဈေးနှင့် စပါးဟောင်းဈေးမှာ အချို့မြို့နယ်များတွင် ကျပ်လေးသောင်း၊ ငါးသောင်း ခန့်ဈေးကွာခြားမှုရှိပြီး တိုင်းအတွင်း၌ ဆန်သစ်တစ်အိတ်လျှင် ပျမ်းမျှ ကျပ်၂၀၀၀၀ မှ ကျပ် ၂၂၅၀၀ ရှိပြီး ဆန်အဟောင်း တစ်အိတ်လျှင် ကျပ်၂၅၀၀၀/ကျပ်၂၆၀၀၀နှင့် ကျပ် ၂၄၀၀၀အတွင်း ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ဆန်စပါး ဈေးကွက်ဖွံ့ဖြိုးမှု၊ ဆန်စပါးအရည်အသွေး အရောင်းအဝယ်သွက်မှုအပေါ် ဈေးနှုန်းကွာခြားမှုရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများအရ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ဆန်ဟောင်းဈေးငြိမ်ပြီး ဆန်သစ်ဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဈေးကွက်မှာ ဆန်ဟောင်းဈေးငြိမ်ပြီး ဆန်သစ်အနည်းငယ်ဈေးကျကြောင်း ဝါးတန်းကုန်စည်ဒိုင်မှသိရပါတယ်။ ကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းများအရ ဆန်ဟောင်းများဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ်၄၂၀၀၀နဲ့လတ်စတစ်အိတ်ကျပ်၃၉၀၀၀၊ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၄၃၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၄၁၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စ တစ်အိတ်ကျပ် ၃၈၅၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၆၅၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၅၅၀၀၀မှ ကျပ် ၅၈၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။ ဆန်သစ်ဖြစ်တဲ့ပေါ်ဆန်းအသစ်ရှယ်တစ်အိတ်ကျပ် ၂၆၅၀၀မှကျပ်၂၈၅၀၀ ရှိပါတယ်။ မြောင်းမြပေါ်ဆန်းအသစ်ကတော့ တစ်အိတ်ကျပ် ၃၂၀၀၀မှ ကျပ် ၃၄၀၀၀ရှိပြီး တစ်အိတ်ကို ကျပ် ၃၀၀၀ ခန့်ဈေးကျပါတယ်။ ဆန်သစ်ကပြည်တွင်းစားသုံးမှုသာရှိပြီး အဝယ်နည်းတာကြောင့် ဈေးကျတယ်လို့သိရပါတယ်။

ဆန်ကြမ်းအဟောင်းများဖြစ်တဲ့ ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ် ၂၃၅၀၀နဲ့လတ်စတစ်အိတ်ကျပ် ၂၀၅၀၀၊ နှံ့သီးထပ်ရှယ်တစ်အိတ်ကျပ် ၂၅၀၀၀မှ ကျပ် ၂၅၅၀၀၊ နှံ့ဆန်ရက် ၉၀တစ်အိတ်ကျပ် ၂၆၀၀၀မှ ကျပ် ၂၇၀၀၀ရှိပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။ဧည့်မထ ၂၅မှတ် တစ်အိတ်ကျပ် ၁၉၀၀၀ မှ ကျပ် ၁၉၅၀၀၊ ဆန်ကြမ်းအသစ်(ရှယ်) တစ်အိတ်ကျပ် ၂၁၀၀၀မှ ကျပ်၂၁၅၀၀၊ ရက်၉၀အသစ်တစ်အိတ်ကျပ် ၂၂၅၀၀မှ ကျပ် ၂၃၀၀၀ရှိပြီး တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိ ဈေးကျပါတယ်။ ယခုတစ်ပတ်မှာ ငစိန်ဆန်အသစ်များပါ ဝင်ရောက်လျက်ရှိပြီးတစ်အိတ်ကို ကျပ် ၁၉၅၀၀ မှ ကျပ် ၂၀၀၀၀ ဖြစ်ပါတယ်။ တရုတ်ဘက်က ဆန်သစ်အဝယ်မရှိတာရယ်၊ ပြည်တွင်းဈေးကွက်ပဲရှိတာရယ်ကြောင့် ဈေးကျတာလို့ ဝါးတန်းဆန်ဈေးကွက်မှသိရပါတယ်။

ယခုတစ်ပတ် မူဆယ်ဆန်ဈေးကွက်မှာ ဈေးအနည်းငယ်ကျကြောင်းသိရပါတယ်။ ဧည့်မထ ၅ မှတ်မော်ဘီတစ်အိတ် ယွမ် ၁၄၀ မှ ၁၄၂ ယွမ်၊ ဧည့်မထ ၅ မှတ်စူပါတစ်အိတ်၁၃၆ ယွမ်မှ ၁၃၈ ယွမ်၊ ဧည့်မထ ၁၀ မှတ်မော်ဘီတစ်အိတ် ၁၃၄ ယွမ်မှ ၁၃၆ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၃၃ယွမ်မှ ၁၃၄ယွမ်၊ သုခ ၁၅မှတ်တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၂ယွမ်၊ သုခ၂၅မှတ်တစ်အိတ် ၁၁၉ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၅မှတ်တစ်အိတ် ၁၂၇ ယွမ်မှ ၁၂၈ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၂၁ယွမ် ၁၂၃ ယွမ်၊ ငစိန် ၂၅ မှတ်တစ် အိတ် ၁၁၈ ယွမ်မှ ၁၁၉ယွမ်ရှိပြီး တစ်အိတ်ကို နှစ်ယွမ်မှ ငါးယွမ်အထိ ဈေးကျကြောင်းသိရပါတယ်။ ဈေးကျရခြင်းအကြောင်းကတော့ တရုတ်ဘက်မှဆန်ကိုရွေးဝယ်နေတာကြောင့် ဈေးကျတာလို့သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဆန်အရောင်းအဝယ်ပုံမှန်ရှိသော်လည်း တရုတ်ဘက်မှဆန်ကိုရွေးဝယ်တာရယ်၊ ဈေးကျတာရယ်ကြောင့် ယခုတစ်ပတ်မူဆယ်ကိုဆန်အဝင်လျော့ကြောင်းသိရပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ နိုဝင်ဘာ ၂၃ရက်မှ၂၉ရက်အထိ ၃၉၇၃၆တန်ရှိပြီး ယခင်တစ်ပတ်အဝင်ထက် ၁၃၉၆၁ တန်လျော့နည်းကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၁၂-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၀ | ၄၀၂ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၀ | ၃၉၂ | △ | ၃၉၂ | ၃၈၇ | ▽ | ၃၉၅ | ၃၉၈ | △ | ၃၇၅ | ၃၇၅ | □ |
| ဆန်ဖြူ ၁၀% | ၃၈၈ | ၃၉၀ | △ | ၃၈၇ | ၃၈၂ | ▽ | - | - | - | ၃၇၁ | ၃၇၁ | □ |
| ဆန်ဖြူ ၁၅% | ၃၈၀ | ၃၈၂ | △ | ၃၈၀ | ၃၇၅ | ▽ | - | - | - | ၃၆၇ | ၃၆၇ | □ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၅ | □ | ၃၆၅ | ၃၆၂ | ▽ | ၃၇၅ | ၃၇၀ | ▽ | ၃၄၂ | ၃၄၂ | □ |
| ပေါင်းဆန် | ၄၃၄ | ၄၃၇ | △ | - | - | - | ၃၉၅ | ၃၉၅ | □ | ၄၂၅ | ၄၂၈ | △ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁-၁၂-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၂၃၀၀၀ | □ | ၈၂၈၀ | □ | ၃၇၀၀၀ | □ |
| ပုသိမ် | ၅၅၂၀ | □ | ၂၃၀၀၀ | □ | ၈၄၁၀ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၆၇၀၀ | □ | ၃၆၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၃၀၀၀ | □ | ၁၅၅၀၀ | □ | ၅၃၀၀၀ | □ |
| စစ်တွေ | ၄၃၀၀ | □ | ၁၈၀၀၀ | □ | ၇၂၀၀ | □ | ၃၅၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၄၀၀ | ▽ | ၂၁၀၀၀ | ▽ | - | - | ၄၅၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၆၀၀ | □ | ၂၃၀၀၀ | □ | - | - | ၄၀၃၀၀ | □ |
| မန္တလေး | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၂၀၀ | □ | ၂၄၅၀၀ | □ | - | - | ၅၀၀၀၀ | △ |
| မော်လမြိုင် | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၂၈၀၀၀ | □ |
| လှိုင်ကော် | ၆၉၀၀ | ▽ | ၃၅၀၀၀ | □ | - | - | ၆၀၀၀၀ | △ |
| မြိတ် | ၅၃၀၀ | △ | ၂၆၀၀၀ | □ | - | - | ၃၅၀၀၀ | △ |
| ဘားအံ | ၅၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၅၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၇-၁၁-၂၀၁၇ မှ ၁-၁၂-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 880 | 287,968.12 |
| 2 | Form D | 46 | 33,276.46 |
| 3 | Form E | 121 | 125,468.09 |
| 4 | Korea GSP | 9 | 17,082.76 |
| 5 | Form AK | 170 | 19,028.01 |
| 6 | Form AJ | 12 | 29,485.05 |
| 7 | Form AI | 78 | 236,789.00 |
| 8 | Form AANZ | 18 | 67,237.12 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1334** | **816,334.61** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁-၁၂-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၄/၁၁ | ၁/၁၂ | ပြောင်းလဲမှု | ၂၄/၁၁ | ၁/၁၂ | ပြောင်းလဲမှု | ၂၄/၁၁ | ၁/၁၂ | ပြောင်းလဲမှု | ၂၄/၁၁ | ၁/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၇၇ | ၇၇၇ | ▼ | ၈၃၃ | ၈၀၀ | ▼ | ၈၂၅ | ၈၀၀ | ▼ | ၈၅၀ | ၇၈၅ | ▼ |
| ပဲစင်းငုံ | ၅၄၇ | ၅၄၀ | ▼ | ၅၁၇ | ၅၀၀ | ▼ | ၅၃၀ | ၅၀၅ | ▼ | ၅၂၅ | ၄၇၅ | ▼ |
| ပဲတီစိမ်း | ၁၅၀၀ | ၁၄၁၅ | ▼ | ၁၅၁၁ | ၁၄၇၆ | ▼ | ၁၃၆၅ | ၁၃၉၄ | ▲ | ၁၃၉၅ | ၁၃၉၅ | ■ |
| ကုလားပဲရိုးရိုး | ၂၆၀၀ | ၂၆၀၀ | ■ | ၁၉၂၂ | ၁၈၁၇ | ▼ | ၁၈၉၅ | ၁၈၁၆ | ▼ | ၁၇၁၀ | ၁၅၈၀ | ▼ |
| ပဲလွန်းဖြူ | ၁၇၁၅ | ၁၄၁၅ | ▼ | ၂၀၀၀ | ၁၈၃၃ | ▼ | - | - | - | ၁၅၃၀ | ၁၅၅၅ | ▲ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | - | - | - | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁-၁၂-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၄/၁၁ | ၁/၁၂ | ပြောင်းလဲမှု | ၂၃/၁၁ | ၃၀/၁၁ | ပြောင်းလဲမှု | ၂၃/၁၁ | ၃၀/၁၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၆၀ | ၃၅၀ | ▼ | ၅၅၂ | ၆၂၁ | ▲ | ၅၄၀ | ၅၄၃ | ▲ |
| ပဲစင်းငုံ | ၂၆၀ | ၂၅၀ | ▼ | ၅၅၂ | ၅၅၅ | ▲ | ၆၀၂ | ၅၉၈ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၇၁၀ | ၇၆၁ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၉၀၀ | ၈၇၀ | ▼ | ၇၆၄ | ၇၃၇ | ▼ | ၇၇၃ | ၇၄၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁·၁·၁၇) မှ |
| | (၁၈·၁၁·၁၇)ထိ | (၂၅·၁၁·၁၇)ထိ | (၂၅·၁၁·၁၇) ထိ |
| မတ်ပဲ | ၄၅၀၂၃၄ | ၇၈၃၄ | ၄၅၈၀၆၈ |
| ပဲတီစိမ်း | ၁၁၁၂၆၆ | ၁၂၉၁ | ၁၁၂၅၅၈ |
| ပဲစင်းငုံ | ၂၁၂၀၃၇ | ၁၁၀၉ | ၂၁၃၁၄၆ |
| ကုလားပဲ | ၃၈၃၀၅ | ၂၆၄ | ၃၈၅၆၉ |
| ပဲလွန်းဖြူ | ၁၂၈၃၁ | - | ၁၂၈၃၁ |
| မြေထောက်ပဲ | ၁၈၄၈၅ | ၂၆ | ၁၈၅၁၁ |

## ပြည်ပဲဆန် အဝင်အထွက်မျှလို့ ဈေးမှန်နေ

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်၌ တစ်နေ့လျှင် မြေပဲဆန်အိတ် ၇၀၀ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။ ဆောင်းမြေပဲအသစ်များကို ဝက်ထီးကန်၊ ပေါက်ခေါင်း၊ ပေါင်းတလည်ဘက်မှ ဝင်ရောက်နေပြီး ဝယ်လက်နှင့် ဆီစက်လုပ်ငန်းရှင်များက တစ်နေ့လျှင် အိတ် ၆၀၀ ခန့်ဝယ်ယူနေသဖြင့် အဝင်အထွက်မျှတလို့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ ဆီကြိတ်မြေပဲဆန်ကို ဆီစက်လုပ်ငန်းရှင်များက ဝယ်ယူလျက်ရှိသဖြင့် တစ်ပိဿာလျှင်ကျပ်၂၁၀၀၊လုံးဆန်ကို ပဲလှော်သမားများနှင့်ရန်ကုန်ဝယ်လက်များက ဝယ်ယူမှုရှိသဖြင့် လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ်၂၃၅၀နှင့်လုံးဆန်(အနီ)တစ်ပိဿာလျှင်ကျပ်၂၂၀၀ဖြင့်ယခင်တစ်ပတ်အတိုင်းဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ **ဝေဝေမင်း**

## ပြည်ဘိုကိတ်ပဲသစ်များ အဝင်များလာသလို ဈေးလည်းပိုရလာ

နိုဝင်ဘာလကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်သို့ ပဲသစ်အချို့ဝင်ရောက်လျက်ရှိရာ တစ်ရက်လျှင်အိတ် ၇၀ ကျော် ၁၀၀ နီးပါးအထိ ဘိုကိတ်ပဲသစ်အဝင်များလာခဲ့ပါတယ်။ ပန်းတောင်းနှင့်ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်ခြင်းဖြစ်ပြီး လက်လီဝယ်ယူမှုပိုများနေခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာတစ်တင်းကျပ် ၃၈၅၀၀ ဖြင့် ဈေးပိုရလာသလို အရောင်းအဝယ်လည်း ပိုများလာခဲ့တယ်လို့သိရပါတယ်။ယခင်နှစ်ကပဲသစ်ပေါ်ချိန်အဖွင့်ဈေးမှာတစ်တင်းကျပ် ၂၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် ယခုနှစ်မှာတော့ ပဲသစ်ပေါ်စအချိန်ထဲက ဈေးကောင်းရလာနေပြီဖြစ်လို့ ပြည်ပဝယ်လက်ပဲများထက်ပင်ဈေးပိုရလျက်ရှိကြောင်းသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## နိုဝင်ဘာလကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲတီစိမ်းသီးနှံအရောင်းအဝယ် အသွက်ဆုံးဖြစ်သလို အခြားဆောင်းပဲအချို့ ဝင်ရောက်လာပြီဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ နိုဝင်ဘာလကုန်ပတ်တွင် ဆောင်းပဲသီးနှံသစ်အချို့ဝင်ရောက်လျက်ရှိတယ်လို့သိရပါတယ်။ ဝင်ရောက်လာသောပဲသစ်များမှာ ကုန်းသီးအမျိုးအစားဖြစ်ပြီးစပါးပြီး စိုက်သောဆောင်းပဲများကတော့ အချို့ဒေသများတွင် စိုက်ပျိုးချိန်ဖြစ်လို့ မတ်ပဲ၊ ကုလားပဲ၊ ဘိုကိတ် စသည့်သီးနှံများ စိုက်ပျိုးလျက်ရှိတာကို တွေ့ရပါ တယ်။

ပဲတီစိမ်းသီးနှံမှာ ပဲသစ်များအဝင် ဆက်တိုက်ရှိနေလို့ တစ်ရက်အိတ် ၇၀၀ ကျော်ထိအဝင်များနေကာ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းနှင့် ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်လျက်ရှိပါတယ်။ မန္တလေးလိုင်းသမားများက တရုတ်ဝယ်လက်ဝယ်ယူမှုအပေါ်နေ့စဉ် ဝယ်ယူနေတာကြောင့်အဝင်ရှိသမျှအရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲတစ်တင်းကျပ် ၂၈၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်းကျပ် ၅၀၀ ခန့် လျော့နည်းသော်လည်း အရောင်းအဝယ်သွက်နေခဲ့တယ်လို့ သိရပါတယ်။

မတ်ပဲသီးနှံမှာ ပဲလက်ကျန်များရှိသော်လည်း ဈေးအေးနေတာကြောင့် တစ်ခါတစ်ရံထုတ်ရောင်းချသူများရှိမှသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးမှာတစ်တင်းကျပ် ၁၆၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်ပင် ထပ်မံ ဈေးလျော့နေခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ပဲလက်ကျန်ရှိ တောင်သူအချို့နှင့် လှောင်လက်သမားများက ထုတ်ရောင်းခြင်းမရှိဘဲငွေလို၍ ရောင်းသူရှိမှသာ အိတ်အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့လို့ ဈေးကွက်မှာ အရောင်းအဝယ်အေး ဈေးအေးနေတဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ပဲဝင်ရောက်မှုမရှိပေမယ့် လက်ကျန်လှောင်ပဲများရှိကြလို့ ဝယ်လိုအားရှိသလောက် ရောင်းချနေခဲ့ပြီး ပဲတစ်တင်းကျပ် ၃၅၀၀၀ ဖြင့် လလယ်က ဖြစ်ပေါ်ခဲ့သောဈေးထက် ဈေးလျော့နည်းသွားခဲ့ပါတယ်။

ပဲခွဲစက်သမားများက အဓိကထား ဝယ်ယူမှုရှိကာအိတ် ၁၅၀-၂၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ လဆန်းရက်မှ လလယ်အထိ မျိုးပဲများအဝယ်လိုက်တဲ့အတွက် ပဲဈေးမှာလည်း ဈေးကောင်းရနေခဲ့ကာ လကုန်ရက်မှာတော့ မျိုးပဲအဝယ်မရှိသလောက်ဖြစ်ခဲ့ပြီး ပုံမှန်ဝယ်ယူနေတဲ့အတွက် ဈေးလည်းလျော့နည်းခဲ့တာ တွေ့ရပါတယ်။

ယခင်နှစ် နိုဝင်ဘာလအတွင်းက ပဲတစ်တင်းကျပ် ၄၈၀၀၀ ထိရရှိနေတဲ့အတွက် ပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးဖြစ်ခဲ့သော်လည်း ယခုနှစ်မှာတော့ အခြားပဲအချို့နှင့်ယှဉ်လျှင်ဈေးကောင်းရနေခဲ့ပြီး ယခင်နှစ်ကဈေးထက် လျော့နည်းအရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။

ပန်းတောင်းဘက်မှ ပဲလွန်းဖြူသစ်များ အဝင်ဆက်ရှိနေပြီး တစ်ရက်လျှင် ၁၅ အိတ်ကျော်ခန့် ဝင်ရောက်လျက်ရှိကာ လက်လီဝယ်လက်များဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲတစ်တင်းလျှင် ကျပ် ၃၂၀၀၀ ဖြင့် အဖွင့်ဈေးအတိုင်း ဈေးငြိမ်ရောင်းဝယ်ဖြစ်ခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာလက်ကျန်အနည်းငယ်ရှိခဲ့သလို ပဲသစ်အိတ် ၂၀/၃၀ ကျော် ဝင်လာတဲ့အတွက် ပဲဈေး ကျဆင်းသွားပြီး ပဲတစ်တင်းကျပ် ၂၆၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ပဲဟောင်းတစ်တင်းလျှင် ကျပ် ၃၁၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေခဲ့တယ်လို့သိရပါတယ်။ လက်လီပဲဈေးကွက်မှာစားတော်ပဲသီးနှံက ဈေးအမြင့်ဆုံးရခဲ့လို့ တစ်တင်းကျပ် ၄၈၀၀၀ မှ ကျပ် ၄၉၀၀၀၊ ကနေဒါပဲမှာ တစ်တင်းကျပ် ၃၁၀၀၀ ဖြင့်အရည်အသွေးကွာလို့ ဈေးကွာခြားခဲ့ကြောင်း သိရပါတယ်။

နိုဝင်ဘာလကုန်ပတ်တွင် ပြည်ပဲမျိုးစုံဈေးကွက်မှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်တဲ့ပဲသီးနှံမှာ ပဲတီစိမ်းသီးနှံဖြစ်ပြီး ဈေးအမြင့်ဆုံးရတဲ့ပဲမှာ ပဲကြီးသီးနှံဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲစင်းငုံဈေးအေးလို့ တစ်ခါတစ်ရံမှသာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း အခြားပဲများပုံမှန်အရောင်းအဝယ်ဖြစ်နေသော်လည်း ပဲစင်းငုံသီးနှံကတော့ အရောင်းအဝယ်အေးနေခဲ့ကာ ပဲလက်ကျန်များရှိပေမယ့် ဈေးနှုန်းများကျဆင်းလျက်ရှိပါတယ်။ ဒါ့အပြင် ထုတ်ရောင်းချမှုမရှိတဲ့အတွက် တစ်ခါတစ်ရံမှသာ အိတ် ၁၀၀ မှ ၂၀၀ အထိ ရောင်းချခဲ့ကြရတာကို တွေ့ရပါတယ်။ တချို့လှောင်လက်များကလည်း ပဲလှောင်ချိန်ကဝယ်ဈေးမှာ တစ်တင်းကျပ်နှစ်သောင်းကျော်ပေးခဲ့ရသော်လည်း ယခုအချိန်မှာ ပဲဈေးမှာကျပ်တစ်သောင်းနှင့်နှစ်သောင်းအောက်လျော့နည်းကျဆင်းနေတဲ့အတွက် လှောင်လက်သမားများအနေဖြင့် အရှုံးပေါ်နေသလို ပဲထွက်ပေါ်လာချိန်မှာ ပဲဈေးနှုန်းကျပ်တစ်သောင်းအထက်ရရှိလျှင်တော့ ပဲစိုက်တောင်သူများအတွက် အရှုံးမပေါ်နိုင်ဘူးလို့ ခန့်မှန်းသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## နိုဝင်ဘာလကုန်ပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ(မြောင်) တစ်ပိဿာလျှင် ကျပ် ၂၁၀၀ မှ ၂၂၀၀၊ ကျွန်းဆန် တစ်ပိဿာလျှင်ကျပ်၂၁၀၀၊ S1(မြေပဲဖြူ လုံးဆန်)ကျပ်၂၁၀၀ မှ ၂၂၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ရေစကြိုဒေသထွက်မတ်ပဲတစ်တင်းလျှင် အနိမ့်ဈေး တစ်တင်းကျပ်၁၅၅၀၀၊အမြင့်ဈေးတစ်တင်းလျှင်ကျပ် ၁၆၀၀၀၊ ရေစကြိုကုန်စည်ဒိုင်တွင်ပဲပိစပ်တစ်တင်းလျှင် ကျပ် ၁၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း တွေ့ရသည်။ ကုလားပဲများဖြစ်သော HL တစ်တင်းလျှင်ကျပ် ၃၀၅၀၀၊929 တစ်တင်းလျှင်ကျပ် ၃၀၀၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင်ကျပ် ၃၃၀၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ နှမ်းဖြူသန့် အနိမ့်ဈေးကျပ် ၃၇၀၀၀၊ အမြင့်ဈေးကျပ်၄၀၀၀၀ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေကြောင်းသိရှိရပါသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲဈေးကွက်အတွင်း ပဲကြီးသီးနှံစံချိန်တင် မြင့်တက်ခဲ့

ပြည်ပဲဈေးကွက်အတွင်း ပဲလက်ကျန်များရှိသလို နေ့စဉ်အရောင်းအဝယ်ဖြစ်နေတဲ့ ပဲသီးနှံထဲမှာ ပဲကြီးသီးနှံလည်းပါဝင်နေခဲ့တာကိုတွေ့ရပါတယ်။ ပဲကြော်ဖိုသမားများ ပုံမှန်အဝယ်ရှိပြီး တစ်ရက်အိတ် ၁၀၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကာ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရနေလို့(ရွှေကျွန်း) တစ်တင်းကျပ် ၇၀၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၆၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကဈေးအတိုင်း ဈေးအမြင့်နဲ့ ဈေးငြိမ်နေခဲ့ပါတယ်။

ယခုနှစ်အတွင်း ပဲကြီးသီးနှံမှာ ပြည်ပဝယ်လက်ပဲများထက်ရော ဒေသတွင်းဝယ်လက်ရှိသော ပဲများထက်ပါ ဈေးပိုရကာ စံချိန်တင်မြင့်တက်ခဲ့ကြောင်းသိရှိရပါတယ်။

**ခင်ဆွေဝင်း**

Vol: 17, No.47 Monday December 4 2017

## မြန်မာ့ဆိပ်ကမ်းတွင် ၃၀ . ၁၁ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.CHAO ANOMA | P.Oil(In Buik) ၄၃၀၀ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း (၁) | - KUO HSIUNG | ကုန်သေတ္တာ ၇၈၀ ကုန်တင်ဆဲ |
| ထီးတန်းဆိပ်ကမ်း (၂) | - WEST SCENT | ကုန်သေတ္တာ ၄၀၃ ကုန်တင်ဆဲ |
| အလုံဆိပ်ကမ်း (၁) | - NEW CHALLENGE | ဆန် ၂၃၂၅၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - HANDY STRANGER | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - ANTIMILOS | ဆန် ၂၅၅၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - ALKAR TRUST | ဆန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| သီလဝါဆိပ်ကမ်း (၃) | - SHAMIN | ကုန်သေတ္တာ ၁၅၀ ကုန်တင် ၃၃၆ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၄) | - FURNESS ST KILDA | Steel& Equipment 30000 ကုန်ချဆဲ |
| MMTM JETTY | - MT.FLY GURNARD | MOGAS 92 RON ၄၆၇၉ ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HHL VALPARAISO | Steel Rebars ၁၀၀၀၀ တန်ကုန်ချရန် | ANGOLA | ၁ ◦၁၂ ◦ ၂၀၁၇ |
| KORALIA | Cement (In Bulk) 8000 | MALAYSIA | ၁ ◦၁၂ ◦ ၂၀၁၇ |
| MINANUR CEBI | Steel Bar ၁၇၆၅၇တန်ကုန်ချရန် | CHINA | ၁ ◦၁၂ ◦ ၂၀၁၇ |
| DAYANG BALI | Steel Bar ၇၀၀၀ တန်ကုန်ချရန် | CHINA | ၂ ◦၁၂ ◦ ၂၀၁၇ |
| YAAN BYAE | Steel Bar ၅၂၀၀ တန်ကုန်ချရန် | INDIA | ၂ ◦၁၂ ◦ ၂၀၁၇ |
| LE CHANG | Ammonium Nitrate & Steel Product ၁၁၅၂၈ တန်ကုန်ချရန် | CHINA | ၅ ◦၁၂ ◦ ၂၀၁၇ |
| SPRING CANARY | Steel + G/C ၁၀၀၀၀ တန် ကုန်ချရန် | CHINA | ၅ ◦၁၂ ◦ ၂၀၁၇ |
| VIKING CHANGE | Units Vehicle(RO/RO) ၁၂၂၉ တန်ကုန်ချရန် | JAPAN | ၆ ◦၁၂ ◦ ၂၀၁၇ |
| QUEEN YAN | Ammonium Nitrate ၄၁၀၀ တန်ကုန်ချရန် | CHINA | ၁၀ ◦၁၂ ◦ ၂၀၁၇ |
| COSCO TENGFEI | Units Vehicle(RO/RO) ၁၀၁ တန်ကုန်ချရန် | JAPAN | ၁၇ ◦၁၂ ◦ ၂၀၁၇ |
| ROYAL-08 | Ammonium Nitrate ၁၀၂၀ တန်ကုန်ချရန် | CHINA | ၅ ◦၁၂ ◦ ၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MAERSK ABERDEEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၉ ◦၁၁ ◦ ၂၀၁၇ |
| BAGAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၀ ◦၁၁ ◦ ၂၀၁၇ |
| EVER ABLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀ ◦၁၁ ◦ ၂၀၁၇ |
| KOTA RAJIN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀ ◦၁၁ ◦ ၂၀၁၇ |
| ANAN BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀ ◦၁၁ ◦ ၂၀၁၇ |
| BIPL TRUST | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁ ◦၁၂ ◦ ၂၀၁၇ |
| OEL MALAYSIA | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၂ ◦၁၂ ◦ ၂၀၁၇ |
| SHAHR E KORD | SINGAPORE | သီလဝါဆိပ်ကမ်း | ၂ ◦၁၂ ◦ ၂၀၁၇ |
| PACITA | SINGAPORE | အလုံဆိပ်ကမ်း | ၃ ◦၁၂ ◦ ၂၀၁၇ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃ ◦၁၂ ◦ ၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃ ◦၁၂ ◦ ၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၁ ◦၁၂ ◦ ၂၀၁၇ |
| MT.ROYAL-36 | P.Oil (In Bulk) | INDINESIA | ၁ ◦၁၂ ◦ ၂၀၁၇ |
| MT.MESON | P.Oil (In Bulk) | INDINESIA | ၁ ◦၁၂ ◦ ၂၀၁၇ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁ ◦၁၂ ◦ ၂၀၁၇ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၂ ◦၁၂ ◦ ၂၀၁၇ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၃ ◦၁၂ ◦ ၂၀၁၇ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၃ ◦၁၂ ◦ ၂၀၁၇ |
| MT.OCEAN HAWK | ဒီဇယ်ဆီ | SINGAPORE | ၃ ◦၁၂ ◦ ၂၀၁၇ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၄ ◦၁၂ ◦ ၂၀၁၇ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၄ ◦၁၂ ◦ ၂၀၁၇ |
| MT.AULAC JUPITER | ဒီဇယ်ဆီ | SINGAPORE | ၅ ◦၁၂ ◦ ၂၀၁၇ |
| MT.PRIMROSE | ဒီဇယ်ဆီ | SINGAPORE | ၅ ◦၁၂ ◦ ၂၀၁၇ |
| MT.PRIMROSE | P.Oil (In Bulk) | INDINESIA | ၆ ◦၁၂ ◦ ၂၀၁၇ |
| MT.AMA ZONA | P.Oil (In Bulk) | INDINESIA | ၈ ◦၁၂ ◦ ၂၀၁၇ |

# နိုဝင်ဘာလကုန်ပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော စျေးကွက်နှင့်စျေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီစျေးနှုန်းများ တဖြည်းဖြည်းကျဆင်းလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၉၉၀၀ ဖြင့် တင်း ၅၀ မှ ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်တွင် ကုလားပဲစျေးကွက်မှာ ပြည်ပမှဝယ်လက်မရှိခြင်း၊ အနယ်နယ်အရပ်ရပ်မှ စျေးကွက်များကျဆင်းနေခြင်းတို့ကြောင့် စျေးကျဆင်းနေကြောင်း ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ ယခင်လကကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၄၂၀၀၀ ရှိခဲ့ပြီး ယခုလတွင်မှ ကုလားပဲဖြူ V2တစ်တင်းလျှင် ကျပ် ၃၄၀၀၀ထိ ကျဆင်းလျက်ရှိပါတယ်။ ထို့အတူ ကုလားပဲဝါ HLနှင့် ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ထိ ကျဆင်းနေခဲ့ပြီး အိတ်ရေ ၃၀ မှ ၅၀ ခန့်သာအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်းအသစ် တစ်တင်းလျှင်ကျပ် ၂၈၀၀၀ စျေးဖြင့် တင်း ၅၀ ကျော်ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပခုက္ကူဒေသထွက်ဖြစ်သည့် နှမ်းစျေးကွက်မှာပြည်ပမှအဝယ်လိုက်လာခြင်းကြောင့် တဖြည်းဖြည်းမြင့်တက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်က နှမ်းညိုတစ်တင်းကျပ် ၃၈၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင်ကျပ် ၃၆၀၀၀ ဖြင့် အိတ်ရေ ၅၀ ခန့်အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ဂန့်ဂေါခရိုင်ယောဒေသထွက်ဖြစ်သည့် နှမ်းဝါမှာအရည်အသွေးကောင်းမွန်၍ စျေးကောင်းရရှိနေပြီး တစ်တင်းလျှင် ကျပ် ၃၈၇၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ ပါတယ်။ တိရစ္ဆာန်အစာဖြစ်တဲ့ ပြောင်းဖူးစေ့ (CP)မှာ တစ်တင်းလျှင် ကျပ် ၇၀၀၀ ဖြင့်အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ကြက်သွန်နီစိုက်တောင်သူများတွင် လက်ကျန်နည်းနေတာကြောင့် ကြက်သွန်နီစျေးမှာ အနည်းငယ်မြင့်တက်လျက်ရှိပြီး တစ်ပိဿာလျှင်ထိပ်စ ကျပ် ၂၃၅၀၊ အလတ်စကျပ် ၁၅၀၀၊ အနိမ့်စကျပ်၇၀၀စျေးဖြင့် တစ်နေ့လျှင် ပိဿာချိန် ၁၅၀၀၀ မှ ၄၀၀၀၀ကြား နေ့စဉ်ရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်ဟင်းသီးဟင်းရွက်စျေးကွက်တွင် ခရမ်းချဉ်သီးများ အများအပြားဝင်ရောက်

ယခုတစ်ပတ် ပြည်ဟင်းသီးဟင်းရွက် ကုန်စိမ်းဒိုင်များတွင် ခရမ်းချဉ်သီးသေတ္တာများ လှိုင်လှိုင်ဝင်ရောက်လာတာတွေ့ရပါတယ်။ ကြက်သွန်နီ စျေးမြင့်တက်နေချိန်တွင် ပြည်စျေးကြီးဒိုင်များ၌ ခရမ်းချဉ်သီးစျေးကောင်းရလျက်ရှိနေပါတယ်။

ယခုတစ်ပတ်တွင် ပြည်ဒေသတွင်းမှ ခရမ်းချဉ်သီးများရော နယ်မှခရမ်းချဉ်သီးများပါဝင်ရောက်လာတာကြောင့် စျေးနှုန်းကျဆင်းလာတာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ် ၁၈၀၀-၂၀၀၀ ထိရှိခဲ့ကာ ယခုတစ်ပတ်မှာတော့ ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ် ၈၀၀ သာရှိကြောင်းသိရှိရပါတယ်။

ဒေသတွင်း လက်လီစျေးကွက်များတွင်တော့ တစ်ပိဿာကျပ် ၁၂၀၀ နဲ့ရောင်းချလျက်ရှိပါတယ်။ ဒေသတွင်းသီးကတော့ ရွှေတောင်၊ ကျီးသဲ၊ ပုတီးကုန်းတို့မှ ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်းသိရပါတယ်။ ဟင်းသီးဟင်းရွက်ဒိုင် များတွင် ၁၅ ပိဿာဝင်ခြင်း၊ သေတ္တာအလုံး ၅၀ နီးပါးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**နီနီဝင်း**

# ပြည်ထောပတ်ပဲသီးနှံ ယခင်နှစ်စျေးထက်နှစ်ဆကျော်မြင့်တက်ခဲ့

နိုဝင်ဘာလကုန်ပတ်တွင် ဆောင်းပဲသစ်သီးနှံတစ်မျိုးဖြစ်သော ထောပတ်ပဲ သီးနှံအသစ်များ အနည်းငယ်စတင်ဝင်ရောက်လာပြီဖြစ်တယ်လို့သိရပါတယ်။ ပဲဟောင်းလက်ကျန်မရှိဘဲ ပဲသစ်ဝင်ရောက်မှုအပေါ် လက်လီသမားနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ပဲသစ်စျေးတစ်တင်းကျပ် ၃၁၀၀၀ ဖြင့်စျေးကောင်းရလျက်ရှိ လို့ ယခင်နှစ် နိုဝင်ဘာလမှာ တစ်တင်းကျပ် ၁၃၀၀၀ သာရရှိခဲ့တဲ့အတွက် ယခုနှစ် ထောပတ်ပဲသီးနှံစျေးနှုန်းမှာ တစ်တင်းကျပ်နှစ်သောင်းနီးပါးထိ စျေးပိုရလာခဲ့လို့ ပဲအထွက်လှိုင်ချိန် စျေးလျော့နည်းသွားမည်ဆိုလျှင်တောင် ယခင်နှစ်စျေးထက်တော့ ဆက်ပိုနေဦးမှာဖြစ်တယ်လို့သိရှိရပါတယ်။

**ခင်ဆွေဝင်း**

# နိုဝင်ဘာလနောက်ဆုံးပတ်ရဲ့ မုံရွာကုန်စည်ဒိုင်ပဲစျေးကွက်တွင် ဒေသသုံးပဲအချို့စျေးတက်လာ



နိုဝင်ဘာလနောက်ဆုံးပတ်ရဲ့ မုံရွာကုန်စည်ဒိုင်စျေးကွက်တွင် ပဲစျေးကွက်မှာ ဝယ်လိုအားကောင်းတဲ့ ဒေသသုံးပဲများဖြစ်ကြတဲ့ ပဲကြီး၊ ပဲပုပ်စေ့၊ ပဲနီလုံးကြားများ စျေးတက်ခဲ့တာတွေ့ရပါတယ်။ ဒေသတွင်း လက်လီအသုံးများသည့် ပဲနီလုံးကြားမှာ ယခုတစ်ပတ်အတွင်း တစ်တင်းလျှင် ကျပ် ၄၇၅၀၀ အမြင့်ဆုံးစျေးပေါက်ခဲ့ပြီး တစ်ရက်အိတ် ၁၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲပုပ်စေ့မှာလည်း တစ်တင်းလျှင်ကျပ် ၄၃၇၀၀ထိစျေးရရှိခဲ့ပြီး တစ်ရက်အိတ် ၁၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှသိရှိရပါတယ်။

ယခုတစ်ပတ်မှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၃၄၀၀၀ ၊ 929 တစ်တင်းလျှင် ကျပ် ၃၀၀၀၀နှင့်ထိုင်ဝမ် တစ် တင်းလျှင်ကျပ် ၃၀၅၀၀ ဖြင့် စျေးနှုန်းအနည်းငယ်ကျဆင်းခဲ့ပြီး တစ်ရက် ၅၀၀ခန့်ဖြင့် အရောင်းအဝယ်အေးသွားကြောင်း ကုန်သည်ရပ်ကွက်မှသိရှိရပါသည်။

ယခုတစ်ပတ် မတ်ပဲစျေးကွက်မှာတော့ ဒေသတွင်းဝယ်လက်အနည်းငယ်ရှိသောကြောင့် အမြင့်ဆုံးစျေးတစ်တင်းလျှင်ကျပ် ၁၈၅၀၀ ထိရှိခဲ့ပြီး တစ်ရက်လျှင် အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ် ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။ပဲစင်းငုံစျေးကွက်မှာတော့ တစ်တင်းလျှင်ကျပ် ၁၀၀၀၀ ဖြင့် စျေးနှုန်းအတက်အကျရှိခဲ့ပြီး တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။ယခုတစ်ပတ် ပဲတီစိမ်းသီးနှံမှာ စိမ်းကြီး တစ်တင်းလျှင် ကျပ် ၂၆၀၀၀ နှင့် စိမ်းသေးတစ်တင်း ကျပ် ၂၇၀၀၀ဖြင့် ပဲသစ် များအနည်းငယ်ဝင်ရောက်လာပြီး တစ်ရက်လျှင်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရှိရပါတယ်။

အခြားပဲမျိုးစုံစျေးကွက်မှာ ပဲသစ်စိုက်ပျိုးချိန်ရာသီဖြစ်လို့ ပဲဟောင်းလက်ကျန်နည်းချိန်ဖြစ်ရာ ဒေသသုံးပဲအချို့ စျေးဆက်လက်မာနေတာကို တွေ့ရှိရပါတယ်။ ပဲကြီးတစ်တင်းလျှင် ကျပ် ၇၀၀၀၀-ကျပ် ၇၃၀၀၀ မြေထောက်ပဲတစ်တင်းလျှင် ကျပ် ၄၀၀၀၀၊ ပုဂံပဲတစ်တင်းလျှင်ကျပ် ၄၀၀၀၀ ၊ စွန်တာနီ တစ်တင်းကျပ် ၄၅၀၀၀ ၊ ပဲလွန်းဖြူတစ်တင်းကျပ် ၃၆၀၀၀၊ ပဲလွန်းပြာတစ်တင်းကျပ် ၃၂၀၀၀ ဖြင့် အသီးသီးပေါက်စျေးဖြစ်ပေါ်ခဲ့ပြီးအရောင်းအဝယ်အားဖြင့်ပုံမှန်ဖြစ်ခဲ့တယ်လို့မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှလေ့လာသိရှိရပါတယ်။ **လင်းလင်းသန့်**

## ကြက်သွန်

# ပြည်ကြက်သွန်နီဖြူ ပုံမှန်အဝင်ရှိပြီး ဈေးများကျနေ

ပြည်ပွဲရုံများသို့ ယခုတစ်ပတ်အတွင်း ကျိုင်းတုံ၊ တောင်ကြီးတို့မှ ကြက်သွန်ဖြူ အိတ်များ ပုံမှန်ဝင်ရောက်လျက်ရှိနေပါတယ်။ ပြည်ဒေသပွဲရုံများနဲ့ ဈေးများမှာ အရောင်းအဝယ်အေးပြီး ဈေးနှုန်းများကျဆင်းလျက်ရှိနေပါတယ်။

ယခုတစ်ပတ် ကြက်သွန်နီဖြူ ဈေးနှုန်းတွေကတော့ ပွဲရုံအိတ်ဆွဲဈေး တစ်ပိဿာ (ရှမ်းစ) ကျပ် ၂၃၀၀(ကြူကုတ်စ)ကျပ်၁၆၅၀ဈေးတို့ဖြစ်ပြီး လက်လီ တစ်ပိဿာဈေး(ရှမ်းစ ကျပ် ၂၈၀၀နှင့် (ကြူကုတ်) ကျပ် ၂၂၀၀တို့ဖြင့် ရောင်းချလျက်ရှိနေပါတယ်။ ပွဲရုံတွင် တစ်ရက်လျှင်အိတ် ၂၀၀နီးပါးခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**

# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီ(အသစ်)များ ပိုမိုအရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ရေနံချောင်း၊ ကျောက် ပန်းတောင်း၊ ပခုက္ကူ ဆိပ်ဖြူအစရှိတဲ့ နယ်များမှ ပိဿာ ၃၀ ဝင်အိတ် ၁၀၀ မှ ၁၅၀ ထိ နေ့စဉ်ဝင်ရောက်နေကြောင်းသိရပါတယ်။ ကြက်သွန်နီ(အသစ်)များ ဝင်ရောက်မှုရှိသလို အဟောင်းမှာလည်း နေ့စဉ်အိတ် ၂၀၀ ဝန်းကျင်ခန့်ဝင်ရောက်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကြက်သွန်နီ(အဟောင်း)မှာ မကြာခင်အစို့အပေါက်များ ထွက်ရှိလာတော့မည်ဖြစ်သည့်အတွက် အဝယ်မလိုက်ဘဲ ကြက်သွန်နီ(အသစ်)မှာ အစိုဓာတ်အနည်းငယ်ရှိပေမယ့် ဈေးနှုန်းသင့်တင့်သည့်အတွက် (အဟောင်း)ထက် ပိုမိုအဝယ်လိုက်နေတာ တွေ့ရပါတယ်။

ဈေးနှုန်းအနေဖြင့် ကြက်သွန်နီ (အသစ်)ဈေးနှုန်းမှာ လက်ကားတစ်ပိဿာလျှင် ကျပ်၂၂၀၀မှ ကျပ်၂၃၀၀ရှိပြီး လက်လီဈေး မှာ ကျပ် ၂၄၀၀မှ ကျပ် ၂၅၀၀နှုန်းတို့ဖြင့် ရောင်းဝယ်နေတာတွေ့ရပါတယ်။

ကြက်သွန်နီ(အဟောင်း)ဈေးနှုန်းမှာ ယခုတစ်ပတ်ပွဲရုံ လက်ကားဈေး တစ်ပိဿာ(ကြီး) ကျပ် ၃၁၀၀မှ ကျပ် ၃၂၀၀၊ (လတ်) ကျပ် ၃၀၀၀၊(သေး) ကျပ် ၂၈၀၀ မှ ကျပ် ၂၉၀၀နှုန်းရှိပြီး လက်လီဈေးများတွင် (ကြီး) ကျပ် ၃၅၀၀ မှ ကျပ် ၃၆၀၀၊ (လတ်) ကျပ် ၃၂၀၀ မှ ကျပ် ၃၄၀၀၊ (သေး) ကျပ် ၂၉၀၀-၃၀၀၀-၃၁၀၀နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက်ကားဈေးတစ်ပိဿာလျှင်(ကြီး)ကျပ် ၂၉၀၀မှ ကျပ် ၃၀၀၀၊ (လတ်) ကျပ် ၂၇၀၀ မှ ကျပ် ၂၈၀၀၊ (သေး) ကျပ် ၂၅၀၀မှ ကျပ် ၂၆၀၀နှုန်းရှိပြီး လက်လီဈေး (ကြီး) ကျပ် ၃၂၀၀မှ ကျပ်၃၃၀၀၊ (လတ်)ကျပ် ၃၀၀၀မှကျပ်၃၁၀၀၊(သေး)ကျပ်၂၇၀၀-၂၈၀၀-၂၉၀၀နှုန်းရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်း နှင့်နှိုင်းယှဉ်ပါက လက်လီ/လက်ကားတစ်ပိဿာလျှင် ကျပ် ၂၀၀ မှ ၃၀၀ခန့် ပိုမိုမြင့်တက်သွားတာတွေ့ရပါတယ်။

အစား အသောက်ချက်ပြုတ်ရောင်းချသူ စားသုံးသူတချို့၏ ဈေးကွက်လိုအပ်ချက်အရ ပြည်ဈေးကွက်တွင် တရုတ်ကြက်သွန်နီများ မှာယူရောင်းချမှုရှိပြီး တစ်ပိဿာလျှင် ပွဲရုံ လက်ကားဈေးကျပ် ၉၀၀ မှ ကျပ် ၁၀၀၀ နှုန်းရှိ၍ လက်လီဈေးများတွင် ကျပ် ၁၂၀၀ မှ ကျပ် ၁၄၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်နေကြောင်းလည်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## နနွင်း

# ရှမ်းနနွင်းအသစ်မဝင်သော်လည်း အဟောင်းလက်ကျန်များသာ အရောင်းအဝယ်ဖြစ်နေ

ရှမ်းနနွင်းကတော့ဈေးကွက်မှာ အသစ်မဝင်လာသေးပါဘူး။ အဝင်နည်းသွားတာကြောင့် အဟောင်းလက်ကျန်တွေသာ အရောင်းအဝယ်ဖြစ်နေပါတယ်။ တောင်သူတွေထံမှာ လက်ကျန်နည်းသွားပေမယ့်လှောင်လက်တွေထံမှာတော့ ကျန်ရှိနေပါသေးတယ်။ လတ်တလောပြည်ပဝယ်လက်တွေကလည်းမရှိတော့ အရောင်းအဝယ်လည်းသိပ်ပြီးမဖြစ်ဘူးလို့ ဒေသခံနနွင်းပွဲရုံတွေထံမှသိရပါတယ်။ ဈေးကွက်သို့ တစ်ရက်ကိုပိဿာချိန်တစ်ရာမှ တစ်ရာ့ငါးဆယ်ခန့်သာအဝင်ရှိနေတယ်လို့လည်းသိရပါတယ်။

ပြည်တွင်းသုံးအတွက် ပုံမှန်ဝယ်ယူနေကျ ဝယ်လက်တွေဖြစ်တဲ့ တပ်ကုန်း၊ ပြည်၊ မုံရွာစတဲ့မြို့တွေကသာ အဝယ်ရှိနေပြီး တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း လေးသောင်းခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ နနွင်းကို အမျိုးအစားအလိုက် အရည်အသွေးအလိုက်ခွဲပြီး ရောင်းဝယ်ကြပါတယ်။ ခြင်ဆေးခွေပြုလုပ်ဖို့အတွက် နနွင်းခေါင်းတွေကိုတော့ တစ်ပိဿာကျပ် ၁၀၀၀ နဲ့ အရောင်းအဝယ်ပြုလုပ်သလို ဟင်းခတ်အမွှေးအကြိုင်နဲ့ ပရဆေးတွေမှာအသုံးပြုဖို့အတွက် တောင်ပို့လစထိပ်စကိုတစ်ပိဿာ ကျပ် ၂၇၀၀၊ လတ်စကို တစ်ပိဿာ ကျပ် ၁၅၀၀ ဈေးရှိပါတယ်။ ဆင်တောင်နနွင်းကတော့ ဒီဇင်ဘာလမှာဈေးကွက်ကိုအနည်းငယ်ဝင်လာနိုင်တယ်လို့ သိရှိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

# နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာနှစ်သိန်းကျော် ဝင်ငွေရရှိခဲ့

နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း နနွင်း (ရှမ်းစ) ၂၅၄တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၈၄ တန်၊ အိန္ဒိယနိုင်ငံသို့ ၁၄ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၂၇ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၁၂၉တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နနွင်းတန်ချိန် ၂၆၉ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နနွင်း ၁၅ တန်ကျော်တင်ပို့မှုလျော့နည်းခဲ့ပါတယ်။နနွင်းတစ်တန်ကို အမေရိကန်ဒေါ်လာ၈၀၀-၈၃၅ ဝန်းကျင်ရရှိခဲ့တယ်လို့သိရပါတယ်။ နနွင်းတင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၁၂၂၅၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

# ရှမ်းချင်းအသစ်များဈေးကွက်သို့ ဝင်ရောက်

ရှမ်းချင်းအသစ်တွေကတော့ ပုံမှန်ဝင်ရောက်လာပါပြီ။ အောင်ပန်းဈေးကွက်မှာတော့ ၅ရက်တစ်ဈေးကိုပိဿာချိန် သောင်းဂဏန်းခန့်ဝင်ရောက်နေပါတယ်။ ချင်း(ဥမ)ကတော့ အချို့ပွဲရုံတွေမှာ လက်ကျန်အနည်းငယ်သာရှိပါတော့တယ်။ အချို့ဝယ်လက်တွေက ဥမကိုဝယ်ယူနေလို့လက်ကျန်တွေ ရောင်းရတယ်လို့သိရပါတယ်။ အခုလတ်တလောဈေးကွက်ကိုဝင်နေတဲ့ ရှမ်းချင်းအသစ်တွေကလည်းတောင်သူတွေက စိတ်ကြိုက်မဟုတ်ပေမယ့် ဈေးနှုန်းသင့်တင့်စွာရနေသလို အစိုအတိုင်းအရောင်းအဝယ်ဖြစ်နေလို့ ချင်းခြောက်ပြုလုပ်ခြင်းမရှိကြသေးပါဘူး။ ချင်းခြောက်ကလည်းအဝယ်မလိုက်လို့ ဈေးအနည်းငယ်ပြန်ကျလာတယ်လို့ ဈေးကွက်မှသိရှိရပါတယ်။

ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ပင်းတယမြို့နယ်တွေကထွက်တဲ့ချင်းတွေကအောင်ပန်းဈေးကွက်ကိုဝင်တာကြောင့် အောင်ပန်းဈေးကွက်ကနေပဲ မြန်မာပြည်အနှံ့စီးဆင်းပါတယ်။ တောင်ကြီးအရှေ့ဘက်ခြမ်းဖြစ်တဲ့ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်ကထွက်တဲ့ ချင်းတွေကတော့ ဟိုပုံးဈေးကွက်မှာစုပြီး ဟဲဟိုးမြို့နယ်တစ်ဝိုက်ကထွက်တဲ့ ချင်းတွေကတော့ ဟဲဟိုးဈေးကွက်မှတစ်ဆင့်ပြန်ပြီးစီးဆင်းကြပါတယ်။

လောလောဆယ်မှာတော့ အောင်ပန်းဈေးကွက်မှာ တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း ၁ ဒသမ ၃၅ သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပြည်တွင်းဝယ်လက်တွေကသာ ဝယ်ယူမှုရှိနေတယ်လို့လည်းသိရပါတယ်။ တောင်ကြီးအရှေ့ဘက်ခြမ်းမှာ စိုက်တဲ့ချင်းတွေက အောင်ပန်းချင်းထက် နောက်ကျမှဈေးကွက်ကိုဝင်ပါတယ်။ ဒီလကုန်မှသာဈေးကွက်ကို ဝင်လာနိုင်မယ်လို့လည်း သိရပါတယ်။

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာ ပေါက်ဈေးကအနိမ့်ဆုံးကျပ် ၃၀၀ မှ အမြင့်ဆုံးကျပ် ၄၀၀ရှိပြီး ချင်းခြောက်ကတော့ကျပ် ၁၀၀ မှကျပ် ၁၁၀၀ ဈေးရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် အနည်းဆုံးအခကြေးငွေ သုံးသပ်ပြင်ဆင်ရေး ဆွေးနွေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၏ အနည်းဆုံးအခကြေးငွေသုံးသပ်ပြင်ဆင်ရေးဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၉ရက်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂) ၌ကျင်းပရာ အနည်းဆုံးအခကြေးငွေနှုန်းထားသတ်မှတ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဒေါက်တာလှမြတ်သွေး၊ အတွင်းရေးမှူး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဦးနှင့်တိုင်းဒေသကြီးကော်မတီဝင် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကျွမ်းကျင်ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်နှင့် အလုပ်သမားကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ပါသည်။

တိုင်းဒေသကြီးအနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးသက်ဦးက အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာနှင့်ပတ်သက်၍တိုင်းအတွင်း စုစုပေါင်းအစည်းအဝေး(၁၂)ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ယခုတက်ရောက်လာသူများကလည်း အနည်းဆုံးအခကြေး ငွေသတ်မှတ်၍ဗဟိုသို့တင်ပြရမှာဖြစ်သည့်အတွက် အခြားတိုင်း/ပြည်နယ်များ၏ အနည်းဆုံးအခကြေးငွေသတ်မှတ် ထားမှုများနှင့် မိမိတို့ဒေသ၏ စီးပွားရေးလုပ်ငန်းများနှင့် လိုက်လျောညီထွေရှိမည့် အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးရန် ဝိုင်းဝန်း ဆွေးနွေး၍ လုပ်ငန်းရှင်များဘက်မှ ကျပ် ၄၀၀၀ မှ ကျပ် ၄၈၀၀ နှင့် အလုပ်သမားကိုယ်စားလှယ်များဘက် မှ ကျပ် ၅၂၀၀ အဆိုပြုနှုန်းထားသတ်မှတ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ စည်ပင်ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ ပုလဲ မြို့နယ်မှ တာဝန်ရှိသူများသည် မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်း၍နိုဝင်ဘာ ၂၂ရက်တွင် ပုလဲမြို့နယ်လက်တောင်းကြီး စည်ပင်သာယာဈေးရှိ ကုန်စုံဆိုင် ခြောက်ဆိုင်၊ စားသုံးဆီ နှစ်ဆိုင်၊ ကုန် စိမ်းဆိုင် နှစ်ဆိုင်၊ လက်ဖက်ရည်ဆိုင် နှစ်ဆိုင် စုစုပေါင်း ၁၂ ဆိုင်ကို ထုတ် ကုန်လုံခြုံစိတ်ချရမှုရှိစေရန် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းကဲ့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ဦးစီးမှူး ဒေါ်ခိုင်မို့မို့က စားသောက်ကုန်များအား ရောင်းချရာတွင် ဘေးကင်းလုံခြုံမှုရှိသည့် အစား အသောက်များကိုသာရောင်းချရန်၊ FDA မှစားသုံးရန်မသင့်ကြေညာထား သည့် စားသောက်ကုန်များအား ရောင်းချခြင်းမပြုရန်၊ သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များ၊ ကုန်ပစ္စည်းများကိုသာ ရောင်းချရန် ပြောကြားခဲ့ပြီး ဒေါက်တာညီထွေးပိုင်နှင့် ဒုတိယဦးစီးမှူး ဦးကျော်ဖြိုးအောင် တို့ကလည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့(မြင်းမူ)**



# ပြည်ပကုန်သွယ်မှုမြင့်တက်၊ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ လေးဘီလီယံခန့် ပိုမိုပြီး အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံခန့် ရောက်ရှိ

[ ရှင်မင်းအုံ့ (တန့်ဆည်) ]

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရန်အတွက် အစိုးရနှင့်ပြည်သူလက်တွဲညီညီ ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရသည် နိုင်ငံ၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးမူဝါဒ(၁၂)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ အောင်မြင်စွာဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ "ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် (Developing National Economy Through Trade)"ဟူသော မျှော်မှန်းချက်နှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ပြည်ပကုန်သွယ်မှုကဏ္ဍသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသော အခန်းကဏ္ဍတစ်ခုဖြစ်နေသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် မိမိတို့ဝန်ကြီးဌာနက ချမှတ်ထားသည့် မျှော်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ ပို့ကုန်များအား ခိုင်မာသောစျေးကွက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေး၊ စျေးကွက်သေချာသည့် ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ပို့ကုန်တင်ပို့မှု လွယ်ကူလျင်မြန်စေရေးနှင့် နိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍအား နှစ်စဉ်အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ ၂၉ ဒသမ၂၁ ဘီလီယံဖြင့် ကုန်သွယ်မှုသမိုင်းတစ်လျှောက် အမြင့်ဆုံးတန်ဖိုးသို့ ရောက်ရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီလမှ နိုဝင်ဘာလ ၂၄ ရက်နေ့ထိ) ကုန်သွယ်မှုဆောင်ရွက်နိုင်မှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလမှ နိုဝင်ဘာလ ၂၄ ရက်နေ့ထိ) ကာလတူထက် ၃ ဒသမ ၉ ဘီလီယံကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှုသမိုင်းတွင် မှတ်တိုင်သစ်တစ်ရပ် ထပ်မံစိုက်ထူနိုင်တော့မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုအခြေအနေဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ နိုဝင်ဘာလ ၂၄ ရက်နေ့အထိ) ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ ဘီလီယံ ဖြစ်တဲ့အတွက် ကုန် သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက်ပို့ကုန် ၁ ဒသမ ၆ ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံအပါအဝင် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရှိရပါတယ်။

ပြည်ပပို့ကုန်ကဏ္ဍကိုကြည့်မယ်ဆိုရင် ဒီနှစ်မှာသစ်တောထွက်ပစ္စည်းအုပ်စုကလွဲလို့ ကျန်ပို့ကုန်ပစ္စည်းများအားလုံး ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း အောက်ပါအတိုင်း လေ့လာသိရှိရပါတယ်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | ပို့ကုန်အုပ်စု | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂၄-၁၁-၂၀၁၇ ထိ) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (၂၄-၁၁-၂၀၁၆ ထိ) | နှိုင်းယှဉ်ချက် (+) / (-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၈၇၇ | ၁၇၆၈ | ၁၀၉ |
| ၂ | တိရစ္ဆာန်ထွက်ကုန်ပစ္စည်း | ၁၅ | ၅ | ၁၀ |
| ၃ | ရေထွက်ကုန်ပစ္စည်း | ၄၀၂ | ၃၃၅ | ၆၇ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉၂၇ | ၆၅၅ | ၂၇၃ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၄၂ | ၁၅၃ | - ၁၁ |
| ၆ | စက်မှုကုန်ချော | ၄၁၀၃ | ၃၂၄၃ | ၈၆၀ |
| ၇ | အခြား | ၁၅၃၀ | ၁၂၀၃ | ၃၂၇ |
| | **စုစုပေါင်း** | **၈၉၉၇** | **၇၃၆၂** | **၁၆၃၅** |

လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၁၈၇၇ သန်းကျော်တင်ပို့နိုင်ခဲ့ပြီး အဓိကတင်ပို့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကတော့ ပဲမျိုးစုံတန်ချိန် ၉ ဒသမ ၇သိန်းကျော်၊ တန်ဖိုး ၆၇၁ ဒေါ်လာသန်း၊ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂၁ သိန်းကျော်၊ တန်ဖိုး ၆၄၃ ဒေါ်လာသန်း၊ ရော်ဘာတန်ချိန် သုည ဒသမ ဒသမ၇ သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၄ သန်း၊ နှမ်းတန်ချိန် သုညဒသမ ၈၁ သိန်း၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၉၇ သန်း၊ သစ်သီးဝလံမျိုးစုံ တန်ချိန် ၄ ဒသမ ၇ သိန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၉၀ နှင့် ပြောင်းတန်ချိန် ရှစ်သိန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၇ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ ဒီနှစ်ဒီအချိန်ထိတော့ မြန်မာနိုင်ငံရဲ့ဆန်နှင့်ဆန်ကွဲ တင်ပို့မှုက ယခင်နှစ်ကာလတူထက် တန်ချိန် ၁၄ သိန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၂ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး လယ်ယာကဏ္ဍ တင်ပို့မှုရဲ့အဓိကနေရာမှာ ရောက်ရှိနေတာကို တွေ့ရပါတယ်။ ဆန်နှင့်ဆန်ကွဲတင်ပို့မှုတွင် ယခင်နှစ်က နယ်စပ်ကုန်သွယ်မှုဖြင့် တင်ပို့မှုအားလုံး၏ ၇၂ ရာခိုင်နှုန်းဖြင့် အဓိကတင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းမှ တင်ပို့မှုတွင် ၆၀ ရာခိုင်နှုန်းနှင့် နယ်စပ်ကုန်သွယ်မှုဖြင့် တင်ပို့မှု ၄၀ ရာခိုင်နှုန်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ပင်လယ်ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲတင်ပို့သည့် နိုင်ငံများအနေဖြင့်လည်း ယခင်နှစ်က ၂၉ နိုင်ငံသာ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်မှာ ၄၈ နိုင်ငံ တင်ပို့နိုင်ခဲ့သဖြင့် ၁၉ နိုင်ငံသို့ စျေးကွက်တိုးချဲ့ တင်ပို့နိုင်တဲ့အပြင် မြန်မာ့ဆန်တင်ပို့မှုမှာ စံချိန်သစ်တင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

ယခု ဧပြီလ မှ နိုဝင်ဘာလ ၂၄ ရက်နေ့အထိ ကာလအတွင်း သဘာဝဓာတ်ငွေ့တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ၂၀၁၄ သန်း တင်ပို့နိုင်ခဲ့ပြီး ပြည်ပပို့ကုန်တင်ပို့မှုတွင် ပထမနေရာတွင်ရှိနေကာ ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၂၅၀ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ CMP စနစ်ဖြင့် ချုပ်ပြီးအထည်တင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၈၄ သန်းနဲ့ ဒုတိယနေရာတွင်ရှိနေပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၅၂၅ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ယခုနှစ်မှာ ရေထွက်ပစ္စည်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့မှုဟာ ယခင်နှစ်များထက် အနည်းငယ်သာ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုဟာ ယခုနှစ် ဧပြီလ မှ နိုဝင်ဘာလ ၂၄ ရက်နေ့အထိ တန်ဖိုးအမေရိကန်ဒေါ်လာ ၉၂၇ သန်း တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူမှာ အမေရိကန်ဒေါ်လာ ၆၅၄ သန်းသာ တင်ပို့နိုင်တဲ့အတွက်အမေရိကန်ဒေါ်လာ၂၇၃ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုကို အသေးစိတ်လေ့လာကြည့်တဲ့အခါ သတ္တုနှင့် သတ္တုရိုင်းများတင်ပို့မှုဟာ ယခုဘဏ္ဍာနှစ် (ဧပြီလ မှ နိုဝင်ဘာလ ၂၄ ရက်နေ့အထိ) အမေရိ ကန်ဒေါ်လာ ၄၁၅ သန်းတင်ပို့နိုင်ပြီး ယခုနှစ်ကာလတူတင်ပို့နိုင်မှုဟာ အမေရိကန်ဒေါ်လာ ၁၇၅ သန်းသာရှိတဲ့အတွက် အမေရိကန်ဒေါ်လာ သန်း ၂၄၀ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ အခြားသတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ယခုနှစ် (ဧပြီလမှ နိုဝင်ဘာလ ၂၄ ရက်နေ့အထိ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၁၆ သန်း တင်ပို့ခဲ့ပြီး ယခင်နှစ်ကာလတူတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၈၉ သန်းရှိသဖြင့် အမေရိကန်ဒေါ်လာ ၁၂၇ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှုတွင် တင်ပို့သည့်စျေးကွက်မှာ ထူးခြားစွာပြောင်းလဲမှုမရှိသော်လည်း သတ္တုနှင့်သတ္တုရိုင်းပစ္စည်း အမျိုးအစားများနှင့် တင်ပို့သည့်အရေအတွက်များ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ပိုမိုတင်ပို့တဲ့နိုင်ငံတွေကတော့ တရုတ်၊ မလေးရှား၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

ပြည်ပမှသွင်းကုန်တင်သွင်းမှုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလ ၂၄ ရက်နေ့အထိ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ၈ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ၅ ဘီလီယံရှိသည့်အတွက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဓိက ပိုမိုတင်သွင်းတဲ့ သွင်းကုန်ပစ္စည်းတွေကတော့ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရပါတယ် -

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ (၂၄-၁၁-၂၀၁၇ အထိ) | ၂၀၁၆-၂၀၁၇ (၂၄-၁၁-၂၀၁၆ အထိ) | နှိုင်းယှဉ်ချက် (+) / (-) |
|---|---|---|---|---|
| ၁ | ဒီဇယ်ဆီ | ၁၀၉၃ | ၅၃၄ | ၅၅၉ |
| ၂ | ဓါတ်ဆီ | ၆၈၁ | ၃၅၁ | ၃၃၀ |
| ၃ | လေယာဉ်နှင့်လေယာဉ်အပိုပစ္စည်းများ | ၂၄၀ | ၂၃ | ၂၁၇ |
| ၄ | စက်နှင့်စက်ပစ္စည်းများ | ၇၈၃ | ၅၈၃ | ၂၀၀ |
| ၅ | ဓါတုဗေဒချည်ခင်များ | ၁၉၁ | ၅၉ | ၁၃၂ |
| ၆ | ဆေးဝါးပစ္စည်းများ | ၃၃၉ | ၂၀၉ | ၁၃၀ |
| ၇ | စားအုန်းဆီ | ၃၅၄ | ၂၄၁ | ၁၁၄ |
| ၈ | ချည်ထည်များ | ၁၁၄ | ၁၆ | ၉၈ |
| ၉ | ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ | ၄၀၅ | ၃၃၆ | ၆၈ |
| ၁၀ | မီးရထားနှင့် မီးရထားပစ္စည်းများ | ၇၄ | ၁၁ | ၆၃ |

ပြည်ပသွင်းကုန် တင်သွင်းမှုတွင် ယခင်နှစ်ကာလတူ ပိုမိုတင်သွင်းခဲ့သည့် ကုန်ပစ္စည်းများအား လေ့လာကြည့်ပါက အဓိကအားဖြင့် ရေနံထွက်ပစ္စည်းများဖြစ်သည့် ဒီဇယ်၊ ဓာတ်ဆီ တင်သွင်းမှုသည် မိမိတိုင်းပြည်၏ မော်တော်ယာဉ် အနေအထားနှင့် အခြားစက်မှုလုပ်ငန်းများ တည်ဆောက်ရေးလုပ်ငန်းများ သုံးစွဲမှုအပေါ်မူတည်နေကြောင်း၊ ဓာတုဗေဒချည်ခင်များ တင်သွင်းမှုသည် အထည်အလိပ်လုပ်ငန်းများဖြစ်သည့် SME လုပ်ငန်းများ ပြန်လည်ဦးမော့လာသည့် အခြေအနေကိုပြနေကြောင်း၊

**စာမျက်နှာ - ၁၇ သို့**

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့

နိုဝင်ဘာ ၁၉ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၃၇၀၃၁၅၉၈ တန်ဖိုးရှိဒီဇယ် ၇၈၃၆၀ ဒသမ ၄၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၁၈၄၅၃၇၆ တန်ဖိုးရှိ ဓာတ်ဆီ ၂၄၅၉၃ ဒသမ ၄၃ တန်၊ စုစုပေါင်း ၁၀၂၉၅၃ ဒသမ ၈၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၀၉၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၁၇၄၅၀ ကျော် အဝင်ပိုခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၅၇၃၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၁၇၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

နိုဝင်ဘာ ၁၈ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၆၀၂၅ တန်ဖိုးရှိ ဒီဇယ်၁၀၇ ဒသမ ၁၄ တန် တင်သွင်းခဲ့ပြီး မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၄၀ တန်ဖိုးရှိ Re-Export ဒီဇယ် ၁၅၇၁၄ ဒသမ ၂၉ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၂၀ တန်ဖိုးရှိ Re-Export ဒီဇယ် ၂၃၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊အဆင့်မြင့်ဒီဇယ်၊အောက်တိန်း (92)နဲ့ (95) မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၇၈၀၊ အောက်တိန်း (92) ကျပ် ၇၈၀၊ အောက်တိန်း (95) ကျပ် ၈၂၀၊ အဆင့်မြင့် ဒီဇယ်ကျပ် ၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာ ၂၇ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၅၉၀၀၀၊ ရောင်းဈေး ကျပ် ၁၆၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၀၀၀ ဈေးမြင့်ခဲ့သော်လည်း ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာ ၂၇ ရက်မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ် ၁၇၀၀၀၀၊ ရောင်းဈေး ကျပ် ၁၇၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၀၀၀ ဈေးမြင့်ခဲ့သော်လည်း ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၉၃၅ ကျပ်၊ ဒီဇယ်တစ်လီတာ ကျပ် ၈၂၀၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၈၄၀၊ အောက်တိန်း(92)တစ်လီတာ ကျပ် ၈၆၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ နိုဝင်ဘာလ ၂၇ ရက်တွင်ဒီဇယ်ဝယ်ဈေးကျပ် ၁၆၇၀၀၀၊ ရောင်းဈေး ကျပ် ၁၇၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာတစ်ပတ်လုံးဒီဈေးနဲ့အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ နိုဝင်ဘာ ၂၇ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၈၀၀၀၊ ရောင်းဈေးကျပ် ၁၇၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၂၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၈၀၀၊ အောက်တိန်း (95) ကျပ် ၈၅၅ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ်၃၆၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ကျပ် ၈၀၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၂၀၊ အောက်တိန်း (92) ကျပ် ၈၁၀၊ အောက်တိန်း(95) ကျပ် ၉၃၀ နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၇၅၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၇၅၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## ကမ္ဘာ့ရွှေဈေးကျဆင်းလာသဖြင့် ပြည်တွင်းရွှေဈေးများ ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့သော်လည်း ဈေးကွက်ပိတ်ရက်ဖြစ်သည့် သောကြာနေ့တွင် ပြန်လည်ကျဆင်းလာခဲ့သည်။

ကမ္ဘာ့ရွှေဈေးများ ကျဆင်းလာသဖြင့် ပြည်တွင်းရွှေဈေးများ ကျဆင်းလာရခြင်းဖြစ်သော်လည်း ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်မြင့်တက်နေသဖြင့် ကျဆင်းသင့်သလောက် မကျဆင်းခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

"ကမ္ဘာ့ရွှေဈေး ကျဆင်းသွားတယ်ဆိုပေမယ့် ပြည်တွင်းရွှေဈေးက သိသိသာသာလိုက်ပြီး ကျမလာဘူး။ ဒီတစ်ပတ်ထဲမှာ ပြည်တွင်းငွေလဲနှုန်းက နည်းနည်းပြန်တက်လာတယ်။ အဲဒါကြောင့် ပြည်တွင်းရွှေဈေးက အများကြီး ကျဆင်းမသွားတာပါ။ ကမ္ဘာ့ရွှေဈေးကို အမေရိကန်ဒေါ်လာ ၁၃၀၀ အထက်ရောက်မယ်လို့ မှန်းထားကြတဲ့သူတွေရှိပေမယ့် အမေရိကန်ဗဟိုဘဏ်ရဲ့ အခုရက်ပိုင်းအတွင်း ထုတ်ပြန်ချက်တွေကြောင့် ကမ္ဘာ့ရွှေဈေးက ပြန်ကျသွားတယ်။ အဲဒါကြောင့် ကမ္ဘာ့ရွှေဈေးကွက်က ပြန်လှုပ်လာတယ်။ ပြည်တွင်းမှာတော့ သိပ်အကျကြီးမဟုတ်လို့ ဈေးကွက်က ငြိမ်နေပါတယ်"ဟု ပြည်တွင်းရွှေဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးကွက်တွင် နိုဝင်ဘာ ၂၇ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၃၄၀၀၀ ရှိခဲ့ပြီး နိုဝင်ဘာ ၃၀ ရက်တွင် ကျပ် ၉၃၂၂၀၀ သို့ ကျဆင်းခဲ့သည်။ ဒီဇင်ဘာ ၂ ရက်တွင် ကျပ် ၉၃၁၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာ ၂၇ ရက်က တစ်အောင်စလျှင် ၁၂၈၈ အမေရိကန်ဒေါ်လာရှိခဲ့ပြီး နိုဝင်ဘာ ၃၀ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၈၀ သို့ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၁ ရက်တွင် ၁၂၇၅ အမေရိကန်ဒေါ်လာသို့ ဆက်လက် ကျဆင်းခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်မြင့်တက်

ရက်သတ္တသုံးပတ်ဆက်တိုက် ငြိမ်သက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် အနည်းငယ် ပြန်လည်မြင့်တက်ခဲ့ကြောင်း ပြည်တွင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိသည်။

ဈေးကွက်အတွင်းအရောင်းအဝယ်များ အေးနေရာမှ အနည်းငယ်ပြန်လည်သွက်လာမှုကြောင့် ဈေးများပြန်လည်မြင့်တက်လာရခြင်းဖြစ်သည်ဟုဆိုသည်။

"ခရီးသွားရာသီတွေလည်းရောက်လာပြီဆိုတော့ ဈေးကွက်က နည်းနည်းပြန်လှုပ်လာတယ်။ ဈေးကွက်ပြန်လှုပ်လာတဲ့အတွက် အရောင်းအဝယ် ပြန်သွက်လာတယ်လို့ ပြောရမယ်။ စပါးပေါ်တဲ့ရာသီလည်းရောက်နေတဲ့အတွက် ဈေးကွက်ပြန်လှုပ်လာတာပါ။ နိုဝင်ဘာလတစ်လလုံး ဈေးကွက်ပျောက်နေသလိုမျိုး ခံစားနေရတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုတစ်ပတ်တွင် ဈေးစဖွင့်ချိန်က အနိမ့်ဈေးဖြင့် ဈေးဖွင့်ခဲ့သော်လည်း ဈေးပိတ်ရက်ဖြစ်သည့် သောကြာနေ့တွင်မူ အမြင့်ဈေးဖြင့် ဈေးပိတ်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၎င်း၏ရည်ညွှန်းငွေလဲနှုန်းများကို ထုတ်ပြန်ရာတွင် နိုဝင်ဘာ ၂၇ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၆၆ ကျပ်ဖြစ်သော်လည်း ဒီဇင်ဘာ ၁ ရက်တွင် ၁၃၆၄ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် နိုဝင်ဘာ ၂၇ ရက်က အမေရိကန် တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၇ ကျပ်၊ ဝယ်ဈေး ၁၃၅၅ ကျပ်ရှိခဲ့ပြီး နိုဝင်ဘာ ၃၀ ရက်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်ရှိခဲ့သည်။ ဒီဇင်ဘာ ၁ ရက်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၇ ကျပ်ရှိခဲ့သည်။ **မယ်သီတာ**

## MCB ၏စတော့ရှယ်ယာဈေး ပြန်လည်မြင့်တက် တစ်စုလျှင် ကျပ် ၈၈၀၀ သို့ ရောက်ရှိလာ

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် စတော့ရှယ်ယာများအနက် MCB ၏ အစုရှယ်ယာဈေးသည် ပြန်လည်မြင့်တက်လာခဲ့ပြီး တစ်စုလျှင် ကျပ် ၈၈၀၀ သို့ရောက်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

MCB ၏ အစုရှယ်ယာဈေးနှုန်းများသည် ပြီးခဲ့သည်တစ်ပတ်က တစ်စုလျှင် ကျပ် ၈၂၀၀ ဖြင့်ရောင်းဝယ်လျက်ရှိသော်လည်း အရောင်းအဝယ်မရှိသည့် နေ့ရက်များပင်ရှိခဲ့သည်။

အစုရှယ်ယာဈေး မြင့်တက်ခဲ့သော်လည်း အရောင်းအဝယ်ဖြစ်မှုပမာဏမှာ အနည်းငယ်သာ ရှိခဲ့သည်။

ကျန် အစုရှယ်ယာများအနက် MTSH က ကျပ် ၃၁၅၀၊ FMI က ကျပ် ၁၂၅၀၀၊ FPB က ကျပ် ၂၅၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

December 1, 2017
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.32 |
| BDT | Bangladesh Taka | 82.86 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.61 |
| EUR | Euro | 0.84 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 64.51 |
| I DR | Indonesia Rupiahs | 13539.55 |
| JPY | Japan Yen | 112.59 |
| MYR | Malaysia | 4.09 |
| PKR | Pakistan Rupees | 105.32 |
| PHP | Philippines Pesos | 50.36 |
| RUB | Russia Rubles | 58.50 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1084.00 |
| LKR | Sri Lanka Rupe | 152.78 |
| THB | Thailand Baht | 32.64 |
| GBP | United Kingdom Pounds | 0.74 |
| VND | VietnamDon | 22710.37 |

*Source:xe.com*

## World Gold Price

November-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 27 | 1294 | 1292 | 1292 |
| 28 | 1297 | 1296 | 1296 |
| 29 | 1297 | 1297 | 1297 |
| 30 | 1289 | 1285 | 1285 |
| 1 | 1277 | 1276 | 1276 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 27-11- 2017 | 934.00 | 934.00 |
| 28-11-2017 | 935.00 | 935.20 |
| 29-11- 2017 | 936.50 | 937.00 |
| 30-11-2017 | 934.00 | 933.80 |
| 1-12- 2017 | 930.00 | 929.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 27 | 6.60 | 32.68 | 84.61 | 64.75 |
| 28 | 6.60 | 32.61 | 84.11 | 64.42 |
| 29 | 6.60 | 32.55 | 84.96 | 64.40 |
| 30 | 6.61 | 32.63 | 82.12 | 64.44 |
| 1 | 6.61 | 32.64 | 82.86 | 64.51 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 27-November | 17.02 | 3241.64 | 2098.87 | 6959.79 | 938.00 |
| 28-November | 17.00 | 3192.71 | 2096.89 | 6831.08 | 947.00 |
| 29-November | 16.86 | 3200.21 | 2090.49 | 6814.77 | 948.00 |
| 30-November | 16.50 | 3162.30 | 2050.16 | 6728.59 | 944.00 |
| 1-December | 16.40 | 3161.20 | 2033.19 | 6732.56 | 939.00 |

## Energy NYMEX

1-12-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 57.72 | 0.32 | 0.56 |
| Brent Crude Futr (USD/bbl) | 63.07 | 0.44 | 0.70 |
| Gasoline Rbob Fut (Cent/gal) | 174.69 | 1.69 | 0.98 |
| Natural Gas Futr (USD/MMBtu) | 3.08 | 0.05 | 1.72 |
| Heating Oil Futr (Cent/gal) | 191.18 | 1.42 | 0.75 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ဘိလပ်မြေအဝင်လျော့

နိုဝင်ဘာလ ၁၉ ရက်မှ ၂၅ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၉၆၀တန်ဖိုးရှိ ဘိလပ်မြေ၂၀၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၂၀၀နဲ့ တရုတ်နိုင်ငံမှ ၃ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ တန်ချိန်၂၁၂၄၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန်၂၀၀၀၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။

နိုဝင်ဘာလ ၁၈ ရက်မှ၂၄ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန် ၆၆၀၀ ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၅၆၀၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၉၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှအဝင်ပိုခဲ့ပါတယ်။



# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ဒီတစ်ပတ် ဆင်(ထိုင်း)နဲ့ စိန်(ထိုင်း)က ဈေးနည်းနည်းမြင့်လာပြီးဆင်မြန်မာနဲ့ ကြံ့(မြိုင်ကလေး)က ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၅၀၊ ဆင်(ထိုင်း) ကျပ် ၅၅၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ၅၂၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ကောင်းပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ခရောင်းဘိလပ်မြေ ကျပ်၅၂၀၀၊ကြံ့နှစ်ကောင် ကျပ်၄၈၀၀၊အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဆင်မင်း(ကျောက်ဆည်)ကျပ် ၃၉၀၀၊ခရောင်းကျပ်၅၂၀၀၊ကျားခေါင်းကျပ်၄၂၀၀၊ မော်လမြိုင်ဆင် ကျပ် ၆၇၀၀၊ ဆင်(ထိုင်း)ကျပ်၇၀၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ်၄၇၀၀၊ဆင်(ထိုင်း)ကျပ်၆၁၀၀၊ စိန်(ထိုင်း)ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

တောင်ကြီးဈေးကွက်မှာ အရောင်းအဝယ်ကောင်းတယ်။ ဒါပေမဲ့ ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှစုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ယခင်တစ်ပတ်ထက်ရေလမ်းမှမြေသြဇာတန်ချိန် ၁၀၀၀၀ကျော်အဝင်ပို

နိုဝင်ဘာလ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၉၁၃၅၃ တန်ဖိုးရှိမြေသြဇာ ၂၃၀၇၁ ဒသမ ၀၉၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၂၀၉၂ ဒသမ ၈၀ တန်၊ ဂျာမနီနိုင်ငံမှ ၂၅၁၃ တန်၊ အိန္ဒိယနိုင်ငံမှ ၂၀ ဒသမ ၇၅ တန်၊ အီရန်နိုင်ငံမှ တန် ၁၀၅၀၊ ဂျပန်နိုင်ငံမှ ၁၀၀၂၀ ဒသမ ၉၂ တန်၊ မလေးရှားနိုင်ငံမှ ၄၈၈ ဒသမ ၆၀တန်၊ နော်ဝေနိုင်ငံမှ ၁၄၇ ဒသမ ၉၃ တန်၊ ပါကစ္စတန်နိုင်ငံမှ ၁၃၄၄ တန်၊ ရုရှားနိုင်ငံမှ တန်ချိန် ၅၀၀၊ ထိုင်းနိုင်ငံမှ ၄၀၅၀ ဒသမ ၆၀ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၈၁၆ ဒသမ ၅၀ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၂၈၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ မြေသြဇာတန်ချိန် ၁၀၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ဇင့်ဆာလဖိတ်၊ နိုက်တြိုဂျင်၊ ပိုတက်၊ အာမို ၁၆း၁၆း၈၊ ယူရီးယား(၁၅း၁၅း၁၅)၊ ယူရီးယား(၁၅း၁၅း၁၅- နေရွက်လှေ)၊ ကွန်ပေါင်း (၁၂း၁၁း၁၈)၊ ဓာတ်ဆား၊ အာမို၊ အော်ဂဲနစ်တို့ဖြစ်ပါတယ်။

# မြေသြဇာဈေးကွက်အရောင်းပုံမှန်ရှိ

နိုဝင်ဘာ ၁၉ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိသီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ မြေသြဇာအဝင်မှာတန်ချိန် ၂၃၀၇၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၁၂၈၂၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၀၀၀ ကျော်အဝင်ပိုခဲ့ပါတယ်။ နိုဝင်ဘာ ၁၈ ရက် မှ နိုဝင်ဘာ ၂၄ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၄၁၉၀ ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာတန်ချိန် ၁၃၂၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၈၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ မြေသြဇာအဝင်ပိုခဲ့ပါတယ်။ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့မန္တလေးမှာ အရောင်းအေးပြီး တောင်ကြီးနဲ့ မန္တလေးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဆောင်းသီးနှံအတွက် မုဒုံ၊ သံဖြူဇရပ်၊ ချောင်းဆုံဘက်မှ အဝယ်ရှိတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်၊ဒါပေမယ့် ဈေးငြိမ်တယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုလဲ-အသေး၄၆%(ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်)က ကျပ် ၂၀၀၀၊ ကွန်ပေါင်း၁၆း၁၆း၈ က ကျပ် ၅၀၀နဲ့ တီစူပါ၄၆%က ကျပ် ၁၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်)ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ အာမို၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ဇာမဏီ ကျပ် ၁၇၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၄၂၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၄၂၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်)ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၅၀၀၊ မြားကမ္ဘာကျပ်၁၆၀၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် တီစူပါက ကျပ် ၃၀၀ဈေးမြင့်ခဲ့ပြီး အာမို ၁၀း၁၀း၅ က ကျပ် ၅၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ်၂၃၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၂၀၀၊ တီစူပါ၄၆% ကျပ် ၂၁၆၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၄၅၀၀၊ အာမို၁၀း၁၀း၅ ကျပ် ၁၆၀၀၀၊ မြားကမ္ဘာ ကျပ် ၁၄၈၀၀၊ သံကွင်း-ကွန်ပေါင်း(၁၅း၅း၅း)ကျပ်၁၆၂၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၀၀၀၊ ပိုတက်(အင်ဒို) ကျပ် ၂၃၆၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီနဲ့နို့မှုန့်အဝင်ပို

နိုဝင်ဘာလ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း စင်ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၉၅၅၃၆ တန်ဖိုးရှိCow Bell နို့ဆီ ၂၈၄ ဒသမ ၅၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ တန်ချိန် ၂၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့ဆီတန်ချိန် ၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၂၆၀ ဒသမ ၇၀ တန်၊ မလေးရှားနိုင်ငံမှ ၃၃ ဒသမ ၃၆၅တန်နဲ့ စင်ကာပူနိုင်ငံမှ ၂ ဒသမ ၁၃၁ တန်၊ စုစုပေါင်း ၂၉၆ ဒသမ ၁၉၆ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ တန်ချိန်၂၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၉၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၁၁ မှ ၂၄/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၁၁ မှ ၁၇/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၄.၄၅ | ၂၄၈.၅၀ | (-) | ၁၈၄.၅၀ |
| ၂။ | လွယ်ဂျယ် | ၅၀၈.၀၀ | ၄၂၀.၀၀ | (+) | ၈၈.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၂၀၀၈.၀၀ | ၂၇၃၉.၀၀ | (-) | ၇၃၁.၀၀ |
| ၅။ | တာချီလိတ် | ၂၀၀၀.၀၀ | ၃၀၀.၀၀ | (+) | ၁၇၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၉၅၀.၀၀ | ၁၉၀၀.၀၀ | (+) | ၅၀.၀၀ |
| ၈။ | မြိတ် | ၇၀.၀၀ | - | (+) | ၇၀.၀၀ |
| | စုစုပေါင်း | ၆၆၀၀.၄၅ | ၅၆၀၇.၅၀ | (+) | ၉၉၂.၉၅ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၁၁ မှ ၂၄/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၁၁ မှ ၁၇/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၇၄၉.၆၀ | ၉၈၂၉.၉၀ | (-) | ၁၀၈၀.၃၀ |
| ၂။ | လွယ်ဂျယ် | ၁၃၄.၀၀ | ၉၈.၀၀ | (+) | ၃၆.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၄၄၀.၅၀ | ၆၃၁.၉၅ | (+) | ၈၀၈.၅၅ |
| ၄။ | ကန်ပိုက်တီ | ၂၇၀.၀၀ | ၃၂၀.၀၀ | (-) | ၅၀.၀၀ |
| ၅။ | မြဝတီ | ၉၆၉.၅၅ | ၁၁၉၂.၅၅ | (-) | ၂၂၃.၀၀ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | ၁၀၀.၀၀ | - | (+) | ၁၀၀.၀၀ |
| ၈။ | ရိုဒ် | ၂၅၃၆.၀၀ | ၁၁၄၃.၅၀ | (+) | ၁၃၉၂.၅၀ |
| | စုစုပေါင်း | ၁၄၁၉၉.၆၅ | ၁၃၂၁၅.၉၀ | (+) | ၉၈၃.၇၅ |

ခင်မိုးသူ

## နှမ်း

### ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မူဆယ်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၆၉ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ၂၂၂၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့ နှမ်းအမျိုးအစားတွေမှာ နှမ်းနက်တန် ၁၆၅၀၊ နှမ်းညို ၁၉၃ တန်ကျော်၊ နှမ်းဖြူ ၂၃၃ တန်နဲ့ နှမ်းညို (အခွံချွတ်) ၁၄၄ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ ၂၀၄၃ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ၁၇၈ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၆ သန်းတန်ဖိုးရှိ နှမ်းနက် ၃၄ တန်နဲ့ နှမ်းဖြူ (အခွံချွတ်) တန် ၆၀ စုစုပေါင်း ၉၄ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန် ၁၄၀ ကျော်နဲ့ နှိုင်းယှဉ်ပါက ၄၆ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၄၀၄၀၈၂ ကျပ်နဲ့ နှမ်းနက်တစ်တန်လျှင် ၂၂၂၀၄၀၈ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### မုံရွာဆီထွက်သီးနှံဈေးကွက် နှမ်းမျိုးစုံဈေးတက်



နိုဝင်ဘာလ နောက်ဆုံးပတ်မှာ မုံရွာကုန်စည်ဒိုင်ဈေးကွက်ရဲ့ ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်ဈေးငြိမ်နေပြီး နှမ်းမျိုးစုံဈေး အနည်းငယ်မြင့်တက်ခဲ့တာတွေ့ရပါတယ်။ ယခင်တစ်ပတ်က တစ်တင်းလျှင် ကျပ် ၄၁၀၀၀ ရှိတဲ့နှမ်းဖြူဟာ ယခုတစ်ပတ်တွင်ကျပ် ၄၅၀၀၀ ထိ မြင့်တက်ခဲ့ပြီး နှမ်းညိုမှာလည်း ယခင်တစ်ပတ်ကတစ်တင်းလျှင် ကျပ် ၃၄၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၄၅၀၀ နှင့် နှမ်းနက်တစ်တင်းလျှင် ယခင်တစ်ပတ်ကကျပ် ၄၀၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၄၁၀၀၀ ဖြင့် အသီးသီးဈေးမြင့်ခဲ့ပြီး အရောင်းအဝယ်အားဖြင့်လည်း နှမ်းဖြူနှင့်နှမ်းညိုမှာ တစ်ရက် အိတ် ၅၀၀ ခန့်စီအရောင်းအဝယ်ဖြစ်ခဲ့ပြီး နှမ်းနက်မှာ တစ်ရက် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးကွက်မှာ ဈေးဆက်လက်ငြိမ်ခဲ့ကာ မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ၂၃၂၅ ကျပ်-၂၃၇၅ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ကျပ် ၂၂၅၀ နှင့် ဆီဆန် တစ်ပိဿာလျှင် ကျပ် ၁၉၀၀ ဖြင့် အသီးသီးဈေးငြိမ်ခဲ့တာ တွေ့ရှိရပါတယ်။

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင် စားသုံးဆီဈေးကွက်မှာတော့ ပဲဆီ တစ်ပိဿာလျှင် ကျပ် ၃၈၀၀-ကျပ် ၃၇၀၀၊ နှမ်းဆီ တစ်ပိဿာလျှင်ကျပ် ၄၀၀၀-ကျပ် ၃၇၀၀ နှင့်စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၁၈၀၀- ကျပ် ၁၇၈၀ အသီးသီး ဈေးနှုန်းဖြစ်ပေါ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။

**လင်းလင်းသန့်**

### စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းအပြင် ပဲစိုက်တောင်သူများနှင့် တွေ့ဆုံခြင်း

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနသည် နိုဝင်ဘာလ ၂၂ ရက်တွင် ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာ၊ အ. လ. ကကျောင်း၌ ခရိုင်တာဝန်ခံ၊ စလင်းမြို့နယ်တာဝန်ခံ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ ဆရာ/ဆရာမများနှင့်အတူ စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ပြီး ပဲစိုက်တောင်သူများနှင့်လည်း တွေ့ဆုံ၍ပဲတင်ပို့မှုအခြေအနေ၊ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်တွင်းပဲစားသုံးမှု အခြေအနေများ၊ အခက်အခဲများအား မေးမြန်းဆွေးနွေးခဲ့ပါသည်။

အလားတူပင် နိုဝင်ဘာ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ လေ့လာရေးရောက်ရှိနေသော ဦးစီးအရာရှိများနှင့်အတူ ကံပြားအရှေ့ကျေးရွာနှင့် ကံရွာလေးကျေးရွာရှိ စာသင်ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ ပဲစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စိုက်ပျိုးထားရှိပြီးသော ယာခင်းများထဲသို့ ကွင်းဆင်းလေ့လာခြင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် သရက်မြို့နယ်၊ တာဝန်ခံနှင့် ဝန်ထမ်းများမှ သရက်မြို့နယ်၊ ရေဖြူကျေးရွာ အ. မ. ကကျောင်း၊ နေ့လယ်ပိုင်းတွင် ရွာတောင်ကျေးရွာ အ. မ. ကကျောင်းတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာများပေးခဲ့ပြီး ပဲစိုက်တောင်သူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

### ပြည်တွင်းဆီဈေးနှုန်းများ (၁-၁၂-၂၀၁၇)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၀၀၀ | ၅၀၀၀ | □ | ၄၇၀၀ | ၄၇၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၁၀၀ | ၂၀၀၀ | ▽ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မကွေး | ၅၀၀၀ | ၄၅၀၀ | ▽ | ၄၅၀၀ | ၄၄၀၀ | ▽ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၂၁၀၀ | ၂၀၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁-၁၂-၂၀၁၇ US$/Ton

| အမျိုးအစား | နိုဝင်ဘာတတိယပတ် | နိုဝင်ဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၅၅.၅၀ | ၆၄၄.၀၀ | ▽ |
| RBD P.Olein | ၆၆၄.၀၀ | ၆၅၁.၀၀ | ▽ |
| RBD P.Stearin | ၆၈၈.၀၀ | ၆၆၅.၀၀ | ▽ |

*Source: bepi.mpob*

## စားအုန်းဆီ

### ရင်းဂစ်တန်ဖိုး ပြန်လည်ကျဆင်းလာမှုကြောင့် စားအုန်းဆီကုန်သည်များ ပြန်လည်အဆင်ပြေလာ

ရင်းဂစ်နှင့် အမေရိကန်ဒေါ်လာတို့၏ လဲလှယ်နှုန်းများ ပြန်လည်ကျဆင်းလာသဖြင့် မလေးရှားစားအုန်းဆီဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင်ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ငွေလဲနှုန်းသည် တစ်နှစ်တာအတွင်း အမြင့်ဆုံးနှုန်းသို့ရောက်ရှိခဲ့ပြီးနောက် နိုဝင်ဘာ ၂၉ ရက်က သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာခဲ့ရာ အမေရိကန်တစ်ဒေါ်လာလျှင် ၄ ဒသမ ၀၈၇၅ ရင်းဂစ်ရှိခဲ့သည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီလအတွက် စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးများသည် အောက်တိုဘာ ၂၃ ရက်ကတည်းကမြင့်တက်ခဲ့ရာ နိုဝင်ဘာ ၃၀ရက် ဈေးကွက်ပိတ်ချိန်တွင် ၁ ဒသမ ၆ ရာ ခိုင်နှုန်းမြင့်တက်ခဲ့သဖြင့် တစ်တန်လျှင် ၂၆၀၃ ရင်းဂစ်ရှိခဲ့သည်။

သို့သော် တစ်ပတ်အတွင်းဈေးနှုန်းကို ကြည့်မည်ဆိုလျှင် တစ်ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်ကို တွေ့ရသည်။ ယခုနှစ်ဖေဖော်ဝါရီလကတည်းက ကျဆင်းခဲ့သည့် စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးများသည် နိုဝင်ဘာလ တစ်လအတွင်း ၇ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ နိုဝင်ဘာ ၃၀ ရက်က ရောင်းချရသည့် စားအုန်းဆီပမာဏသည် ၂၅ တန်ရှိ အတွဲပေါင်း ၃၇၆၈၉ တွဲရှိခဲ့သည်။

“အမေရိကန် ပဲပုပ်ဆီဈေးကွက်က အချိန်တော်တော်ကြာမြင့်တက်နေတဲ့အတွက် ဈေးကွက်ကို သူကပဲ လွှမ်းမိုးနေပါတယ်”ဟု ကွာလာလမ်ပူရှိ စားအုန်းဆီကြိုရောင်းကြိုဝယ် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၃၀ ရက်က ငွေလဲနှုန်း ကျဆင်းလာသဖြင့် ဈေးကွက်အမှာများ မြင့်တက်လာခဲ့သည်ဟု အခြားသော ကုန်သည်တစ်ဦးကဆိုသည်။ ဒီဇင်ဘာ ၁ ရက်သည် မလေးရှားနိုင်ငံ၏ အမျိုးသားနေ့ဖြစ်သည့်အတွက် စားအုန်းဆီဈေးကွက် ပိတ်ထားသည်ဟုဆိုသည်။

စားအုန်းဆီဈေး အတက်အကျကြောင့် အခြားသော ဟင်းရွက်ဆီဈေးကွက်ကိုပါ အကျိုးသက်ရောက်စေခဲ့သည်။ ထို့ကြောင့် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ဒီဇင်ဘာလအတွက် စားအုန်းဆီစာချုပ်ချုပ်ဆိုဈေးသည် တစ်ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးသည် သုညဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

နိုဝင်ဘာလအတွင်း မလေးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုသည် ယခင်လနှင့်နှိုင်းယှဉ်ပါက ၅ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း Intertek Testing Service ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ပြင် Societe Generale de Surveillance ၏ ထုတ်ပြန်ချက်တွင် နိုဝင်ဘာလအတွင်း မလေးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုသည် ယခင်လနှင့်နှိုင်းယှဉ်ပါက ၇ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ဖော်ပြထားသည်။

စားအုန်းဆီ တစ်တန်ဈေးနှုန်းအား ၂၅၁၉ ရင်းဂစ်မှ ၂၅၅၅ ရင်းဂစ်အတွင်းရှိရန် မျှော်မှန်းထားကြောင်း ရိုက်တာသတင်းဌာန၏ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

# အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် CLMV နိုင်ငံများ

[ အောင်ထူး ]

**ဒေဝေါကြီးကို ကြောက်လန့်ခြင်း**

၂၀၁၇ ခုနှစ်ကုန်ခါနီးတော့ မြန်မာနိုင်ငံက စီးပွားရေးလောကသားအချို့ဟာ ၂၀၁၈ခုနှစ်ရောက်မှာကို ကြောက်နေကြတယ်။ ဘာကြောင့်ပါလဲ။ ၂၀၁၈ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံဟာ အာဆီယံစီးပွားရေးအသိုက်အဝန်းကို အပြည့်အဝ အကောင်အထည်ဖော်ရတော့မှာမို့လိုပါ။ တကယ်တော့ အာဆီယံစီးပွားရေးအသိုက်အဝန်းက ၂၀၁၅ ခုနှစ်ကတည်းက ပေါ်ပေါက်ခဲ့ပါပြီ။ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်းမှာ ထားရှိခဲ့တဲ့ မျှော်မှန်းချက်ကတော့ အာဆီယံကို တစ်ခုတည်းသော ဈေးကွက်နှင့်ထုတ်လုပ်မှုများ၏ အခြေခံဒေသဖြစ်ရန်၊ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချနိုင်စွမ်းမြင့်မားသည့် စီးပွားရေး ဒေသဖြစ်ရန်၊ မျှတသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဒေသဖြစ်ရန်၊ ကမ္ဘာ့စီးပွားရေးစနစ်တွင် အပြည့်အဝပါဝင်သော ဒေသဖြစ်ရန်ဖြစ်ပါတယ်။ ဒါပေမယ့် အာဆီယံစီးပွားရေးအသိုက်အဝန်းမှာ အာဆီယံနိုင်ငံအသစ်များဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် (CLMV)တို့ကို အထူးအခွင့်အရေးပေးတဲ့အနေနဲ့ ၂၀၁၈ခုနှစ်အထိ လိုက်နာ အကောင်အထည်ဖော်ရမယ့် တာဝန်တွေကို ရွှေ့ဆိုင်းပေးခဲ့တာပါ။ ဒီလိုအချိန်ပေးထားပေမယ့် လိုက်နာရမယ့်အချက်တွေကို အကောင်အထည်မဖော်ခဲ့တဲ့ နိုင်ငံတွေကတော့ အိပ်ရာကနိုးထလာပြီး ၂၀၁၈ ရောက်မှာ ကြောက်လန့်နေကြတယ်။ တချို့က ကျွန်တော်တို့ငယ်ငယ်က လူကြီးမိဘတွေ ခြောက်လှန့်ခဲ့သလို အာဆီယံစီးပွားရေးအသိုက်အဝန်းကို ဒေဝေါကြီးတစ်ခုလို ခြောက်လှန့်နေကြတယ်။ ငယ်ငယ်က ဒေဝေါကြီးကို ဘာကြီးမှန်းမသိပေမယ့် ကျွန်တော်တို့ ကြောက်ခဲ့ကြတယ်။ တခြားနိုင်ငံတွေနဲ့ ပြိုင်ဆိုင်ဖို့ မကြိုးစားဘဲ သူများပြိုင်လာမှာကို မလိုလားသူတွေကတော့ ပြည်တွင်းလုပ်ငန်းတွေပျက်စီးကုန်တော့မှာပဲဆိုပြီး ရင်မဆိုင်ရသေးခင်မှာ ကြောက်လန့်နေကြပါတယ်။ တကယ်တော့ အာဆီယံအသိုက်အဝန်းဟာ ကြုံဆိုသင့်တဲ့ အရာဖြစ်ပြီး ကြောက်လန့်စရာမလိုပါဘူး။ အာဆီယံအသိုက်အဝန်းဟာ ရေတိုစိန်ခေါ်မှုတွေ ရှိကောင်းရှိပေမယ့် ကာလရှည်မှာတော့ တကယ့်ကို အကျိုးရှိနိုင်တဲ့အခွင့်အလမ်းပါ။

မြန်မာနိုင်ငံ အာဆီယံဝင်ခါစ ၁၉၉၇ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံသမ္မတရာမို့စ် ပြောခဲ့ဖူးတာရှိတယ်။ အနာဂတ်မှာ စစ်ပွဲဆိုတာ စစ်မြေပြင်မှာ တိုက်ရမှာမဟုတ်ဘဲ ကော်ပိုရေးရှင်းတွေရဲ့ ဘုတ်အဖွဲ့ရုံးခန်းတွေမှာ တိုက်ရမှာလို့ဆိုခဲ့တယ်။ ထိုင်းနိုင်ငံခေါင်းဆောင်တွေကတော့ နယ်နိမိတ်ဆိုတာ အရေးမကြီးပါဘူး။ ဘာကြောင့်လဲဆိုတော့ အာဆီယံဟာ အသိုက်အဝန်းတစ်ခုဖြစ်လာလို့ ဖြစ်ပါတယ်။ အာဆီယံအသိုက်အဝန်းဖြစ်လာလို့ စီးပွားရေးမှာ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချရေးဟာသာ အရေးကြီးတယ်လို့ ဆိုပါတယ်။ ပြိုင်ဆိုင်မှုဟာ ရေတိုမှာ စွမ်းရည်မပြည့်တဲ့ လုပ်ငန်းအချို့ကို ပျောက်ပျက်စေနိုင်တယ်။ ဒါပေမဲ့ survival of the fittest ဆိုတဲ့ ဒါဝင်သီအိုရီရဲ့စကားလို ပြိုင်ဆိုင်မှုမှာ ကြံ့ကြံ့ခံနိုင်အောင်၊ စွမ်းရည်ပြည့်အောင် ကြိုးစားကြရမယ်။ ဒါမှရေရှည် တည်တံ့ရှင်သန်နိုင် မှာ ဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုဟာ ကာလတိုမှာ စီးပွားရေးလုပ်ငန်းအချို့ ပျောက်ကွယ်သွားစေနိုင်ပေမယ့် အခွင့်အလမ်း အသစ်တွေကြောင့် ပိုမိုကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းအသစ်တွေနဲ့ အစားထိုးလာကြမှာပါပဲ။ နိုင်ငံတွေက သက်နုတဲ့ လုပ်ငန်းတွေကို အကာအကွယ်ပေးရင်းပေးရင်းနဲ့ ဒီလုပ်ငန်းတွေဟာ ကြီးထွားရင့်ကျက်မလာဘဲ ဒုံရင်းဒုံရင်းဖြစ်နေတဲ့သာဓကတွေ အများကြီးရှိခဲ့ပါတယ်။ ပြိုင်ဆိုင်မှုကသာ တိုးတက်မှုကို ကြံဆောင်ပေးနိုင်မှာဖြစ်ပါတယ်။

အတိတ်ကတော့ နိုင်ငံတွေဟာ မိမိနိုင်ငံက သက်နုလုပ်ငန်း(infant industry) တွေကို အကာအကွယ် ပေးဖို့ဆိုပြီး အကောက်အခွန်အတားအဆီးတွေ၊ အကောက်ခွန်မဟုတ်တဲ့ ကုန်သွယ်မှုအတားအဆီးတွေနဲ့ ကာကွယ်ခဲ့ကြပါတယ်။ ဒါပေမယ့် ကုန်သွယ်မှုမှာ လွတ်လွတ်လပ်လပ်ဆောင်ရွက်ခွင့်ပေးခြင်းကနေ အကျိုးရှိတယ်ဆိုတာကို သိလာကြတော့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွေ တည်ထောင်လာပြီး လွတ်လပ်စွာ ကုန်သွယ်မှုကို ဆောင်ရွက်လာကြတယ်။ တစ်ဖန်ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ကုန်သွယ်မှုလွတ်လပ်ခွင့်ပေးဖို့ စေ့စပ်ညှိနှိုင်းရတာ နှေးကွေးတယ်ဆိုပြီး ဒေသဆိုင်ရာလွတ်လပ်စွာကုန်သွယ်မှု အစီအစဉ်တွေ၊ နှစ်နိုင်ငံချင်းဆိုင်ရာ ကုန်သွယ်မှု အစီအစဉ်တွေကို ထူထောင်လာကြပါတယ်။ အာဆီယံဟာ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ရဲ့ နိုင်ငံစုံ လွတ်လပ်စွာကုန်သွယ်မှုကို အားပေးခဲ့သလို၊ အာဆီယံနိုင်ငံများအချင်းချင်း လွတ်လပ်တဲ့ကုန်သွယ်မှုဧရိယာကိုလည်း ထူထောင်နိုင်ကြပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းကို ၂၀၁၅ မှာ ထူထောင်နိုင်ခဲ့ကြပါတယ်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် (CLMV) တို့ကလည်း ၂၀၁၈ခုနှစ်မှာ အာဆီယံရဲ့ အကောက်အခွန်လျှော့ချရေး အစီအစဉ်ကို လိုက်နာကြတော့မှာမို့ အာဆီယံနိုင်ငံအချင်းချင်းကုန်သွယ်ရင် အကောက်ခွန်လုံးဝပေးစရာမလိုတော့တဲ့ အခြေအနေကို ရောက်တော့မှာဖြစ်ပါတယ်။ ဒါကိုပြည်တွင်းက လုပ်ငန်းရှင် အချို့ဟာ အာဆီယံနိုင်ငံတွေနဲ့ပြိုင်နိုင်မှာ မဟုတ်ဘူး၊ ပြည်တွင်းဈေးကွက်တွေတော့ ပျက်တော့မှာပဲဆိုတဲ့ ဒေဝေါကြီးကိုကြောက်တဲ့ ခြောက်လုံးတွေနဲ့ ခြောက်လှန့်နေကြတယ်။

ကုန်သွယ်ရေးကြောင့် ထိခိုက်မယ်ပြောပေမယ့် အာဆီယံနိုင်ငံတွေဟာ နိုင်ငံတကာ ကုန်သွယ်ရေးကို အခြေပြုပြီး စီးပွားရေးတိုးတက်မှုရရှိခဲ့တာ မငြင်းနိုင်တဲ့ သာဓကပါ။ ၂၀၁၆ ခုနှစ်မှာ တစ်ကမ္ဘာလုံးရဲ့ စီးပွားရေးတိုးတက်မှုဟာ ၃ ဒသမ ၁ ရာခိုင်နှုန်းရှိချိန်မှာ အာဆီယံဟာ ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်းဒီနှုန်းကို ဆက်လက်ထိန်းထားနိုင်မယ်လို့ဆိုပါတယ်။ အာဆီယံနိုင်ငံများရဲ့ စီးပွားရေးတိုးတက်မှုမှာ အဓိကတွန်းအားကတော့ ပြည်သူများရဲ့ သုံးစွဲမှုမြင့်တက်လာခြင်းနဲ့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကြောင့် ဖြစ်ပါတယ်။ အာဆီယံနိုင်ငံများရဲ့ စုစုပေါင်း ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) ဟာ ၂၀၀၀ခုနှစ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ၆၂ ထရီလီယံသာရှိခဲ့ပေမယ့် ၂၀၁၆ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅ ထရီလီယံအထိ တိုးတက်လာပါတယ်။ ခုနစ်နှစ်အတွင်းမှာ တစ်နှစ်ကိုပျမ်းမျှ ၅ဒသမ၃ ရာခိုင်နှုန်းနဲ့ တိုးတက်လာတာ ဖြစ်ပါတယ်။ ကုန်သွယ်မှုအပိုင်းမှာ ကြည့်ရင်လည်း အာဆီယံ အချင်းချင်းကုန်သွယ်မှုဟာ ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃၇၆ ဘီလီယံရှိခဲ့ပေမယ့် ၂၀၁၇ ခုနှစ်ရောက်တော့ အမေရိကန်ဒေါ်လာ ၅၂၀ ဒသမ ၉၆ ဘီလီယံရှိလာပါတယ်။ ဒီပမာဏဟာအာဆီယံစုစုပေါင်းကုန်သွယ်မှုရဲ့ ၂၃ ဒသမ ၄၈ ရာခိုင်နှုန်းမျှရှိတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ တစ်လုံးတစ်စည်းတည်းသော ဈေးကွက်ဖြစ်လာတဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်းကရတဲ့ အကျိုးလို့ဆိုနိုင်ပါတယ်။

**အာဆီယံကပေးတဲ့အကျိုးကျေးဇူးများ**
**(Benefits from ASEAN)**

အာဆီယံကို နောက်ဆုံးမှအဖွဲ့ဝင် ဖြစ်လာပြီး ဖွံ့ဖြိုးမှုနည်းပါတယ်ဆိုတဲ့ CLMV လို့ခေါ်တဲ့နိုင်ငံတွေကိုကြည့်ပါ။ ဗီယက်နမ်က အာရှကျား (Asian Tiger) တစ်ကောင် ဖြစ်လာခဲ့ပြီး လျင်မြန်စွာတိုးတက်နေပါတယ်။ ဈေးကွက်ကို ဖွင့်ပေးနိုင်တော့ အာဆီယံနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံက အမာတာကုမ္ပဏီ(Amata)ရဲ့အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်နိုင်ခဲ့တယ်။ အင်ဒိုနီးရှားနိုင်ငံကဆီးမင်း ကုမ္ပဏီဟာ ဒေါ်လာသန်း ၂၀၀ တန် ဘိလပ်မြေစက်ရုံကို ဗီယက်နမ်မှာ တည်ဆောက်နိုင်ခဲ့တယ်။ အာဆီယံအပေါင်းတစ် (ASEAN+1) နိုင်ငံဖြစ်တဲ့ ကိုရီးယားသမ္မတနိုင်ငံက ဆမ်ဆောင်းကုမ္ပဏီဟာ ဗီယက်နမ်နိုင်ငံမှာ လက်ကိုင်ဖုန်းစက်ရုံကို ထူထောင်နိုင်ခဲ့တယ်။နောက်ဆုံးပေါ် ဆမ်ဆောင်းဂလက်ဆီ (S8+) ဖုန်းကို သားဖြစ်သူက မကြာခင် အောက်တိုဘာလအတွင်းက လက်ဆောင်ပေးခဲ့တယ်။ တယ်လီဖုန်းထည့်တဲ့ဘူးကို ကြည့်လိုက်တော့ ဗီယက်နမ်မှာ လုပ်သည် (Made in Vietnam) တဲ့။ တကယ်တော့ ဒီလုပ်ငန်းသုံးခုစလုံးဟာ မြန်မာနိုင်ငံမှာထူထောင်ဖို့ ပထမဦးဆုံး ချဉ်းကပ်ခဲ့တဲ့ လုပ်ငန်းတွေပါ။ မြန်မာနိုင်ငံလို ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံကလွန်ခဲ့တဲ့နှစ် ၂၀ အတွင်း စဉ်ဆက်မပြတ်တိုး တက်မှုရရှိခဲ့တာကြောင့် အာရှကျားအဖြစ် ပေါ်လာတော့မယ်လို့ ကြွေးကြော်နေပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ စင်ကာပူနိုင်ငံက တစ်နှစ်လျှင် တစ်ဦးကျဝင်ငွေ အမေရိကန်ဒေါ်လာ ၅၂၉၆၂ ဒသမ ၆ ဖြင့် အမြင့်ဆုံးဖြစ်နေပြီး မြန်မာနိုင်ငံက အမေရိကန်ဒေါ်လာ ၁၂၉၇ ဒသမ ၁၊ ကမ္ဘောဒီးယားနိုင်ငံက အာဆီယံထဲမှာ အနည်းဆုံးအဖြစ် အမေရိကန်ဒေါ်လာ ၁၂၆၆ ဒသမ ၃ နဲ့ရပ်တည်နေတာဖြစ်ပါတယ်။ ကုန်းတွင်းပိတ်ပြီးနိုင်ငံမှာ သဘာဝသယံဇာတ အရင်းအမြစ်များစွာမရှိလို့ ကုန်သွယ်ရေးမှာ အားလုံးကိုဖွင့်ပေးခဲ့တဲ့ လာအိုနိုင်ငံတောင် မြန်မာနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံကိုဖြတ်ကျော်ပြီး တစ်ဦးကျဝင်ငွေ အမေရိကန်ဒေါ်လာ ၂၂၀၂ ဒသမ ၈ ဒေါ်လာကို ရောက်ရှိနေတာကိုအံ့ဩဖွယ်တွေ့ရပါတယ်။ CLMV ထဲက နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဗီယက်နမ်ထက်တောင် လာအိုက တစ်ဦးကျဝင်ငွေ ပိုမိုမြင့်နေတာတွေ့ရပါတယ်။ ပြီးခဲ့တဲ့အက်စ်ကက်ပ်ရဲ့ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးမှာ လာအိုက ၂၀၂၀ မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ လွတ်မြောက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်ဘွဲ့ရတော့မယ် (graduation)လို့ ဆိုပါတယ်။

**အကျိုးရအောင် ဘာတွေလုပ်မလဲ**
**(Getting Benefits)**

အာဆီယံက အကျိုးကျေးဇူးရရှိအောင် အာဆီယံနိုင်ငံများထဲက CLMV နိုင်ငံများဟာ သိသူဖော်စား နေကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း အာဆီယံကပေးတဲ့ အကျိုးကျေးဇူးများကိုရယူလိုလျှင် ယှဉ်ပြိုင်နိုင်စွမ်းအားမြှင့်တင်နိုင်မယ့် ပတ်ဝန်းကျင် (Enabling Environment) ကို ဖန်တီးယူ ရပါလိမ့်မယ်။ ဒီလိုဆောင်ရွက်ရာမှာ အောက်ပါအချက်များကိုထည့်သွင်း စဉ်းစားဖို့လိုပါမယ်-

**(က) ကူးသန်းရောင်းဝယ်မှုစရိတ်များကို လျှော့ချခြင်း (Reducing Transaction Cost)**

အာဆီယံနိုင်ငံများရဲ့ ထုတ်လုပ်ရောင်းချရာမှ ဖြစ်ပေါ်လာတဲ့ ကုန်ကျစရိတ်များကို လေ့လာရာမှာ ထိုင်းနိုင်ငံရဲ့ထုတ်လုပ်ရောင်းချမှုစရိတ်ဟာ ပစ္စည်းတန်ဖိုးရဲ့ ၈ ရာခိုင်နှုန်းရှိနေပြီး မြန်မာနိုင်ငံမှာတော့ ၄၀ ရာခိုင်နှုန်း ရှိနေတယ်လို့ဆိုပါတယ်။ ထုတ်လုပ်ရောင်းချမှုစရိတ်တွေ ကြီးမြင့်တာကြောင့် မြန်မာနိုင်ငံဟာ အာဆီယံမှာ ယှဉ်ပြိုင်မရောင်းချနိုင်တဲ့ အနေအထားရှိနေပါတယ်။ ထုတ်လုပ်ရောင်းချစရိတ်ကို လျှော့ချနိုင်အောင် ဈေးသက်သာတဲ့ သယ်ယူပို့ဆောင်မှုကို ပိုမိုအသုံးပြုရမှာ ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်မှုမှာ ရေကြောင်းခရီးဟာ ဈေး အသက်သာဆုံးဖြစ်ပြီး မီးရထားက ဒုတိယ၊ ကုန်းလမ်းက တတိယနဲ့ လေကြောင်းလမ်းက စတုတ္ထ လိုက်ပါတယ်။ မြစ်၊ ချောင်း၊ ပင်လယ်အဆက်အသွယ်ရှိတဲ့ မြန်မာနိုင်ငံအတွက် ရေကြောင်းကိုသုံးရင် ကုန်ကျစရိတ်သက်သာနိုင်ပါတယ်။ ဒါ့အပြင် သိုလှောင်ရုံတွေ၊ အအေးခန်းတွေ၊ ကုန်းတွင်းဆိပ်ကမ်းများ၊ bonded warehouses၊ ရေနက်ဆိပ်ကမ်းများ၊ လျှပ်စစ်မီး စတာတွေရရှိအောင် ဆောင်ရွက်ပေးခြင်းဟာ ကုန်ကျစရိတ်ကို လျှော့ချနိုင်ပါတယ်။ ဒါ့အပြင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရာမှာ လွယ်ကူစေဖို့ ကြိုးနီစနစ်များကို လျှော့ချဖို့လည်းလိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေး လုပ်ငန်းဆောင်ရွက်ရန် လွယ်ကူမှုအညွှန်းကိန်း (Ease of Doing Business)မှာ ၂၀၂၀ ခုနှစ်ရောက်ရင် လက်ရှိ ၁၇၁ အဆင့်ကနေ ၁၀၀ အောက် ရောက်ရှိအောင် ရည်မှန်းချက်ထားကြိုးစားမှုမှာ ထုတ်လုပ်ရောင်းဝယ်မှုမှာ ကုန်ကျစရိတ်များကို လျှော့ချစေနိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ကမ္ဘာ့ဘဏ်ရဲ့စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်လွယ်ကူမှု အညွှန်းကိန်းမှာ အာဆီယံနိုင်ငံများဖြစ်တဲ့ စင်ကာပူနိုင်ငံက ၂၀၁၇ ခုနှစ်မှာ ဒုတိယနေရာ၊ မလေးရှားက ၂၄၊ ထိုင်းနိုင်ငံက ၂၆၊ ဘရူနိုင်းက ၅၆၊ ဗီယက်နမ်က ၆၈၊ အင်ဒိုနီးရှားက ၇၂၊ ဖိလစ်ပိုင်က ၁၁၃၊ ကမ္ဘောဒီးယားက ၁၃၅၊ လာအိုက၁၄၁ ရှိနေကြတာ တွေ့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကို ဝီဒိုဒို တက်လာစဉ်က သူ့နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် လွယ်ကူမှုအညွှန်းကိန်း ၁၀၉ ဖြစ်နေတာကို သူ့သမ္မတသက်တမ်းကုန်မယ့် ၂၀၁၉ ခုနှစ်မှာ ၄၀ ရောက်အောင်ချမယ်လို့ ရည်မှန်းခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ အင်ဒိုနီးရှား နိုင်ငံရဲ့အဆင့်ဟာ ၇၂ အထိကျလာလို့ အဆင့် ၄၀ ရောက်မယ့် မျှော်မှန်းချက်ဟာ မဝေးတော့ဘူးလို့ ဆိုနိုင်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မတ်လအတွင်း အာဆီယံ စီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးမှာ ချမှတ်ခဲ့တဲ့ရည်မှန်းချက်တစ်ခုကတော့ အာဆီယံနိုင်ငံများမှ ကုန်သွယ်မှုကုန်ကျစရိတ် (Trade Transaction Cost)ကို ၂၀၂၀ခုနှစ်မှာ ၁၀ ရာခိုင်နှုန်းလျှော့ချဖို့ ဖြစ်ပါတယ်။ ဒီလိုလျှော့ချနိုင်တာနဲ့အမျှ အာဆီယံရဲ့ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချနိုင်စွမ်းဟာ တိုးတက်လာမှာ ဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ပဲအမျိုးအစားအားလုံးအတွက် ပြည်ပတင်ပို့ခွင့်ကန့်သတ်ချက်များအား အိန္ဒိယအစိုးရဖယ်ရှား

အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့်နှစ်သီးနှံရာသီ၌ ပဲအမျိုးမျိုးစံချိန်တင်ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် အစိုးရက သတ်မှတ်ထားသည့် အနိမ့်ဆုံးအထောက်အကူပြုဈေးနှုန်း (MSP) အောက်ရောက်ရှိသည်အထိ ပဲဈေးနှုန်းများကျဆင်းလျက်ရှိရာ တောင်သူလယ်သမားများ ဈေးကောင်းရရှိစေရေး သေချာမှုရှိစေရန် ပဲအမျိုးအစားအားလုံးအတွက် ပို့ကုန်တင်ပို့ခွင့်ကန့်သတ်ချက်များဖယ်ရှားကြောင်းကို နိုဝင်ဘာလ ၁၆ရက်တွင် အိန္ဒိယအစိုးရကထုတ်ပြန်ကြေညာခဲ့ပါသည်။

ကမ္ဘာပေါ်တွင် ပဲအများဆုံးထုတ်လုပ်ပြီး ပဲအများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ၂၀၁၆-၁၇ သီးနှံရာသီ၌ ပဲမျိုးစုံတန်ချိန် ၂၂ ဒသမ ၉၅ သန်းအထိစံချိန်တင်ထုတ်လုပ်နိုင်ခဲ့သည့်အပြင် ပြည်ပမှတန်ချိန်ငါးသန်းခန့် တင်သွင်းခဲ့သည့်အတွက် ပြည်တွင်းဈေးကွက်၌ ကုန်စည်အလွန်အမင်းပေါများလာပြီး ဈေးထိုးကျသည့်အနေအထားတစ်ခုလည်းဖြစ်လာခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်သီးနှံရာသီတွင်လည်း ပြည်တွင်း၌ပဲမျိုးစုံအထွက်ကောင်းမည်ဟု အိန္ဒိယအစိုးရက ခန့်မှန်းထားပြီး အစိုးရလက်ဝယ်တွင်လည်း အရန်ပဲတန်ချိန် ၁ ဒသမ ၈ သန်းခန့်ရှိနေကြောင်း၊ အိန္ဒိယနိုင်ငံ၏ပြည်တွင်းပဲ လိုအပ်ချက်မှာ တစ်နှစ်လျှင်တန်ချိန် ၂၄သန်းဝန်းကျင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လယ်သမားများအနေဖြင့် ၎င်းတို့၏ ထွက်ကုန်များအတွက် ဈေးကောင်းရရှိပြီး ဈေးကွက်ရွေးချယ်မှုအခွင့်အလမ်း ပိုမိုများပြားလာစေရန်အတွက် ပို့ကုန်တင်ပို့ခွင့်ကန့်သတ်ချက်များအား ပဲအမျိုးအစားအားလုံးအပေါ် ဖယ်ရှားပေးရန် စီးပွားရေးရာကော်မတီက အတည်ပြုလိုက်ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

အိန္ဒိယအစိုးရသည် ပြီးခဲ့သည့်နှစ်လခန့်က ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲတီစိမ်းတင်ပို့ခွင့်တားမြစ်ချက်အားဖယ်ရှားခဲ့သော်လည်း အဆိုပါ ပဲအမျိုးအစားများသဘော်တင်ခြင်းကိုမူ စိုက်ပျိုးရေးပို့ကုန်မြှင့်တင်ရေးအဖွဲ့ (APEDA) ၏ထောက်ခံချက်ဖြင့်သာ တင်ပို့ခွင့်ရှိပြီး ကုလားပဲလုံးဖြူ (kabulichana) နှင့် အော်ဂဲနစ်ပဲများတင်ပို့ခွင့်ကိုလည်း ပမာဏအကန့်အသတ်ဖြင့်သာ ခွင့်ပြုခဲ့ကြောင်း၊ ယခုကဲ့သို့ ပဲအမျိုးအစားအားလုံးကိုပြည်ပသို့တင်ပို့ခွင့်ပြုလိုက်ခြင်းကြောင့် လယ်သမားများအား ၎င်းတို့ထွက်ကုန်များအတွက် ဈေးကောင်းရရှိလာစေရန် အထောက်အကူပြုစေနိုင်ပြီး စိုက်ဧကတိုးချဲ့စိုက်ပျိုးလာစေရန်အတွက် အားပေးရာရောက်သည်ဟု သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

“ယခုအခါ အိန္ဒိယနိုင်ငံ၌ ပဲမျိုးစုံတင်ပို့ခြင်း/တင်သွင်းခြင်းတို့နှင့်စပ်လျဉ်းသည့်မူဝါဒများကို ပြန်လည်လေ့လာသုံးသပ်ရန် စားနပ်ရိက္ခာဝန်ကြီးဌာန၊ အတွင်းဝန်ဦးဆောင်သည့် ကော်မတီအား အိန္ဒိယစီးပွားရေးရာကက်ဘိနက်ကော်မတီက အခွင့်အာဏာပေးအပ်ထားပြီး ပြည်တွင်းထုတ်လုပ်မှုနှင့် လိုအပ်ချက်၊ ပြည်တွင်းနှင့် နိုင်ငံတကာဈေးနှုန်းများ၊ ကမ္ဘာ့ကုန်သွယ်မှုပမာဏတို့အပေါ် မူတည်၍ ပို့ကုန်/သွင်းကုန်ပမာဏကန့်သတ်ခြင်း၊ ကြိုတင်မှတ်ပုံတင်ခြင်းနှင့် သွင်းကုန်ခွန်နှုန်းထားပြောင်းလဲခြင်းစသည့် အစီအမံများကို ချင့်ချိန်သုံးသပ်ဖော်ဆောင်ရန် တာဝန်ပေးအပ်ခဲ့ကြောင်း” သိရှိရပါသည်။

ယခုကဲ့သို့ ပဲမျိုးစုံတင်ပို့ခွင့်ပြုလိုက်ခြင်းကြောင့် ပြည်တွင်း၌ပိုလျှံနေသည့်ပဲများအတွက် သင့်တင့်သည့် ဈေးကွက်တစ်ခုရရှိလာစေနိုင်ကြောင်း၊ ထို့ပြင် မျှသာမကနိုင်ငံအတွက် အထောက်အကူပြုစေနိုင်ပြီး ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များအတွက် ဈေးကွက်ပြန်လည်ရရှိလာစေနိုင်မည်ဖြစ်ကြောင်း၊ပြည်တွင်းပဲထုတ်လုပ်မှုမှာလည်း စဉ်ဆက်မပြတ်တိုးတက်လာမည်ဟု ခန့်မှန်းထားရာ ပဲမျိုးစုံအတွက် ပြည်ပသွင်းကုန်အပေါ် မှီခိုနေရသည့် အနေအထားမှာလည်း တဖြည်းဖြည်းလျော့ကျလာမည်ဟု သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

ထို့ပြင် လတ်တလော ပြုလုပ်လိုက်သည့် ပဲတင်ပို့မှုကန့်သတ်ချက်ဖယ်ရှားခြင်း ဆုံးဖြတ်ချက်သည် ကမ္ဘာ့ကုန်စည်စီးဆင်းမှုနှင့် ပေါင်းစည်းရေးကို ဦးတည်စေမည်ဖြစ်ကာ တောင်သူလယ်သမားများအတွက် ကောင်းမွန်သည့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာအလေ့အကျင့်ကောင်းများရရှိလာစေနိုင်ပြီး ထုတ်လုပ်မှုပမာဏကိုလည်း တိုးတက်ကောင်းမွန်လာစေနိုင်ကြောင်း၊ အစိုးရအနေဖြင့် ပဲထုတ်လုပ်မှုမြင့်မားစေရေး လုပ်ငန်းစဉ်များစွာကို ချမှတ်ဖော်ဆောင်ခဲ့ပြီး ပဲတန်ချိန်နှစ်သန်းခန့်ကိုလည်း ဈေးကွက်ပေါက်ဈေး၊ MSP ဈေးနှုန်းတို့အနက်ပိုမြင့်သည့်ဈေးတို့ဖြင့် ဝယ်ယူပေးခဲ့ကြောင်း ဖော်ပြထားပါသည်။

အစိုးရ၏ ယခုဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ India Pulses and Grains Association (IPGA) ဥက္ကဋ္ဌဖြစ်သူ Pravin Dongre က ပဲဈေးကွက်ပျက်နေခြင်းကိုလည်း တည့်မတ်လာစေနိုင်ပြီး MSP ဈေးအောက်ရောင်းချနေရသည့် ပဲမျိုးစုံကိုလည်းအထောက်အကူပြုစေမည်ဖြစ်ကာ ပဲစက်လုပ်ငန်းများကိုလည်း ပြန်လည်သက်ဝင်လှုပ်ရှားလာစေမည်ဖြစ်ကြောင်း၊ ထိုမျှသာမက တောင်သူလယ်သမားများအတွက် အကျိုးအမြတ်တိုးတက်ကောင်းမွန်လာစေနိုင်ပြီး ပဲမျိုးစုံကဏ္ဍ၌ရင်းနှီးမြှုပ်နှံမှုပိုမိုကြီးမားလာစေမည့် အလားအလာများရှိကြောင်း ပြောကြားခဲ့ပါသည်။

လက်ရှိကာလတွင် အိန္ဒိယအစိုးရသည် ဈေးပေါသောသွင်းကုန်များကို ထိန်းချုပ်ဟန့်တားထားရန်အတွက် ပဲအမျိုးအစားအချို့အပေါ် သွင်းကုန်ပမာဏကန့်သတ်ချက်များ သတ်မှတ်ထားခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၇-၁၈ သီးနှံရာသီအတွက် ပဲထုတ်လုပ်မှုပမာဏအား တန်ချိန် ၂၂ ဒသမ ၉သန်းရှိရန်ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# သီးနှံများအတွက် သင့်တင့်သည့် ဈေးနှုန်းများရရှိရန်နှင့် စိုက်ပျိုးရေးချေးငွေများအား သက်သာခွင့်ပေးရန် ဒေလီမြို့၌ တောင်သူလယ်သမားများက ဆန္ဒပြတောင်းဆို

အိန္ဒိယနိုင်ငံတစ်ဝန်းမှ ထောင်ပေါင်းများစွာသော လယ်သမားများသည် စိုက်ပျိုးသီးနှံများအတွက် သင့်တင့်သည့်ဈေးနှုန်းရရှိရေးနှင့် ၎င်းတို့ရယူထားသည့် စိုက်ပျိုးရေးချေးငွေများ သက်သာခွင့်ပေးရေးအတွက် မြို့တော်ဒေလီ၌ နိုဝင်ဘာလ ၂၀ ရက်တွင် ဆန္ဒပြတောင်းဆိုခဲ့ကြောင်း သိရှိရပါသည်။

ပြည်နယ်ပေါင်း ၂၅ ပြည်နယ်မှ အဖွဲ့ဝင်များစုစည်းထားသည့် တောင်သူလယ်သမားကိုယ်စားလှယ် အဖွဲ့သည် ကျေးလက်ဒေသတွင် ရင်ဆိုင်နေရသည့် ဆင်းရဲဒုက္ခများကို အဆုံးသတ်ပေးရန် ဝန်ကြီးချုပ် နရိန္ဒရာမိုဒီထံ မေတ္တာရပ်ခံတောင်းဆိုခဲ့ကြောင်း၊ ထို့ပြင် တောင်သူလယ်သမားသမဂ္ဂပေါင်း ၁၈၄ ခုကိုပေါင်းစည်းထားသည့် All India Kisan Sangharsh Coordination Committee (AIKSCC) ကလည်း နိုင်ငံအတွင်းရှိ တောင်သူလယ်သမားများ၏ လိုလားချက်များအနက် အနည်းဆုံးနှစ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဥပဒေများအား စဉ်းစားထုတ်ပြန်ပေးစေလိုသည်ဟု ဝန်ကြီးချုပ်မိုဒီထံ အိတ်ဖွင့်စာတစ် စောင်ပေးပို့၍ တောင်းဆိုခဲ့ကြောင်း သိရှိရပါသည်။

တောင်သူလယ်သမားများအနေ ဖြင့် ၎င်းတို့၏စိုက်ပျိုးရေးထွက်ကုန်များအတွက် သင့်တင့်ကောင်းမွန်သော ဈေးနှုန်းများရရှိခံစားနိုင်ရေးအတွက် အစိုးရက ဥပဒေအရတရားဝင်ထုတ်ပြန်ပေးစေလိုကြောင်း၊ ထိုသို့ဈေး ကောင်းများရရှိနိုင်ရန်အတွက် အစိုးရအနေဖြင့် ပိုမိုမြင့်မားသည့်ဈေးနှုန်းများဖြင့် ပမာဏများများဝယ်ယူခြင်း၊ သင့်တင့်သည့်ကုန်သွယ်ရေးမူဝါဒများချမှတ်ခြင်း၊ သတ်မှတ်သည့်အနိမ့်ဆုံး အထောက်အကူပြုဈေးနှုန်း (MSP) များအောက်လျော့၍ ဝယ်ယူသည့် ကုန်သည်များအား အရေးယူခြင်းတို့ဖြင့် ဆောင်ရွက်စေလိုကြောင်း အဆိုပါအိတ်ဖွင့်ပေးစာတွင် ဖော်ပြပါရှိကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၌ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်များ၌ နှစ်နှစ်ဆက်တိုက် မိုးခေါင်ခဲ့သည့်အတွက် လယ်သမားများ၏ ဝင်ငွေအပေါ် ထိခိုက်မှုများရှိခဲ့ပြီး အကြွေးဝန်ပိခဲ့သည့်အခြေအနေများကို ရင်ဆိုင်ခဲ့ရကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် မုတ်သုံရာသီ ပုံမှန်ဖြစ်လာသည့်အတွက် သီးနှံများအထွက်ကောင်းခဲ့သော်လည်းစိုက်ပျိုးရေးထွက်ကုန်သီးနှံဈေးနှုန်းများမှာ နှစ်နှစ်ဆက်တိုက်နိမ့်ကျနေခြင်းကြောင့် မြို့တော်ဒေလီ၌ တောင်သူလယ်သမား များ ဆန္ဒပြရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အရှေ့ပိုင်းစီးပွားရေးစင်္ကြံ(EEC ) စီမံကိန်းများအတွက် ၂၀၁၈ခုနှစ်တွင် ထိုင်းနိုင်ငံက ဘတ်၇၄၅ဘီလီယံသုံးစွဲမည်

ထိုင်းနိုင်ငံအစိုးရက ဦးစားပေးအကောင်အထည်ဖော်လျက်ရှိသည့် အရှေ့ပိုင်းစီးပွားရေး စင်္ကြံ(Eastern Economic Corridor- EEC)တွင် တည်ဆောက်မည့် အကြီးစားအခြေခံအဆောက်အအုံစီမံကိန်းများအတွက် ၂၀၁၈ ခုနှစ်တွင် ဘတ် ၇၄၅ ဘီလီယံကို သုံးစွဲရန်လျာထားကြောင်း သိရှိရပါသည်။

၂၀၁၈ခုနှစ်တွင် EEC၌ အကောင်အထည်ဖော်မည့် အကြီးစားအခြေခံအဆောက်အအုံ စီမံကိန်းပေါင်း ၁၀၃ခုရှိပြီး စီမံကိန်းအများစုကို ငါးနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများကို အရှိန်မြှင့်ဆောင်ရွက်မည့်အပြင် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန်လည်း ဆွဲဆောင်မည် ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည့်အရေးကြီးစီမံကိန်းများ၌ လမ်ချဘန်ဆိပ်ကမ်း-ဥတပါအိုလေဆိပ်လမ်းစီမံကိန်း၊ မတ်တဖွတ်ဆိပ်ကမ်းတိုးချဲ့ခြင်းနှင့် EEC ၌ ပါဝင်သည့်ပြည်နယ်သုံးခုတွင် အကောင်အထည်ဖော်မည့် အဝေးပြေးလမ်းစီမံကိန်းများဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး Mr.Arkhom က ပြောကြားခဲ့ပါသည်။

အခြားသောစီမံကိန်းများမှာလမ်ချဘန် ဆိပ်ကမ်းတတိယအဆင့်စီမံကိန်း၊ဥတပါအိုလေယာဉ်ပြုပြင်ထိန်းသိမ်းရေးစင်တာနှင့်ဗန်ကောက်-လယောင်းအမြန်ရထားလမ်းကွန်ရက်တို့ဖြစ်ပါ သည်။ လမ်ချဘန်ဆိပ်ကမ်း တတိယအဆင့်စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၁၈ခုနှစ် ပထမသုံးလပတ်တွင် လိုအပ်သောစည်းမျဉ်းစည်းကမ်းများကိုထုတ်ပြန်မည်ဖြစ်ပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်သည်။ ယင်းစီမံကိန်းအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုဘတ် ၈၈ဘီလီယံလိုအပ်ပြီး လက်ရှိလေဆိပ်၏ဆောင်ရွက်ပေးနိုင်မှုထက် နှစ်ဆတိုးတက်လာမည်ဖြစ်ပါသည်။

ထို့နောက် ဥတပါအိုလေယာဉ်ပြုပြင်ထိန်းသိမ်းရေးစင်တာ၏ ပထမအဆင့်စီမံကိန်းအတွက် အပြည်ပြည်ဆိုင်ရာထိုင်းလေကြောင်း(Thai Airway International)နှင့် အမေရိကန်အဲယားဘတ်စ်ကုမ္ပဏီတို့ ရွေ့လာမည့်သီတင်းပတ်အနည်းငယ်အတွင်း လက်မှတ်ရေးထိုးရန်စီစဉ်ထားပါသည်။ အဆိုပါစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုသည် ဘတ် ၂၀၀ ဘီလီယံလိုအပ်မည်ဖြစ်ပါသည်။ EEC ၏ ပထမအဆင့်စီမံကိန်းများ၌ အကျုံးဝင်သည့် အခြားသောစီမံကိန်းများမှာ ၆၇၅ရိုင်ကျယ်ဝန်းသည့် ကူးသန်းရောင်းဝယ်ရေးဇုန်၊လေဆိပ်ခရီးသည်နားနေဆောင်အသစ်တစ်ခု၊ ရိုင် ၂၀၀ ကျယ်ဝန်းသည့် လေ့ကျင့်သင်တန်းကျောင်းနှင့် စတုရန်းမီတာ ၁ ဒသမ ၅၂ သန်းကျယ်ဝန်းသည့် လွတ်လပ်သော ကုန်သွယ်ရေးဇုန်တို့ဖြစ်ကြပါသည်။ အဆိုပါစီမံကိန်းများ၏ ပထမအဆင့်ကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို ၂၀၁၈ ခုနှစ် ပထမသုံး လပတ်တွင်ထုတ်ပြန်မည်ဖြစ်သည်။ ဗန်ကောက်-လယောင်းအမြန်ရထားလမ်းစီမံကိန်းတွင် ဥတပါအိုလေဆိပ်ကို သုဝဏ္ဏဘူမိလေဆိပ်နှင့် ဒွန်မောင်းလေဆိပ်တို့ကို ဆက်သွယ်မည့်လမ်းပိုင်းများပါဝင်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုဘတ် ၁၅၈ ဘီလီယံလိုအပ်မည်ဟုသိရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃-၁၂-၂၀၁၇)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ကောင်းနေခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ်၄၅၀(တစ်တန်ကျပ် ၂၇၅၅၇၀) နဲ့ ယခုတစ်ပတ်မှာ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၈၃၁၀၉၁၇ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၁၀၈၅၈၅၁၉ပိဿာရှိခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုများလာခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ၃၇ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပြောင်းတစ်ပိဿာ ၃၄ ကျပ်ရှိခဲ့လို့ သယ်ယူပို့ဆောင်စရိတ်အနည်းငယ် ကျလာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျပြီး ပဲတီစိမ်းဈေးပြန်တက်လာ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျနေပြီး ပဲတီစိမ်းလုံးကြီးကတော့ ဈေးပြန်တက်လာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၈၂၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၇၉၀(တစ်တန် ကျပ် ၄၈၃၇၃၀)ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ် ၅၄၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၅၀၀ (တစ်တန်ကျပ် ၃၀၆၁၉၀) ထိ ဈေးပြန်ကျလာခဲ့ပြီး ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူချင်ပေမယ့် အရောင်းသမားတွေက ဈေးမကြိုက်လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၃၁၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ဈေးတက်ခဲ့ပြီး တစ်ပိဿာ ၁၃၆၈ ကျပ် (တစ်တန် ကျပ် ၈၃၇၇၅၀) ဈေးရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၂၆၆၆ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၉၆၆ ကျပ် (တစ်တန်ကျပ် ၁၈၁၆၃၅၀) နဲ့ ဈေးမြင့်နေခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူချင်ကြပေမယ့် ကုန်စည်လက်ကျန်နည်းနေလို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ လွန်ခဲ့တဲ့ လပိုင်းကတည်းက အရောင်းအဝယ်သွက်နေခဲ့တဲ့ မြေပဲလုံးဆန်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၅၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ကျပ် ၂၄၅၀(တစ်တန် ကျပ် ၁၅၀၀၃၅၀) ထိဈေးကျခဲ့ပေမယ့် အရောင်းအဝယ်တော့ ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ပဲစင်းငုံနီနှင့် ပဲတီစိမ်း(အညာရွှေဝါ)ဈေးပြန်ကျလာ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနှင့် ပဲတီစိမ်း(အညာရွှေဝါ)ကတော့ ဈေးအနည်းငယ် ကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၈၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၈၁၇ ကျပ် (တစ်တန်ကျပ် ၅၀၀၃၂၀)ရှိခဲ့ပြီး ပုံမှန်ဝယ်လက်ဖြစ်တဲ့ မြို့ခံပဲခွဲစက်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုလည်း နည်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၅၁၇ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၅၀၀ (တစ်တန်ကျပ် ၃၀၆၁၉၀) ရှိခဲ့ပြီး နယ်ခံဝယ်လက် ကုန်သည်တွေက ဝယ်ယူမှုနည်းနေခဲ့လို့ အရောင်းအဝယ်ဖြစ်မှုလည်း နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ)တစ်ပိဿာ ၁၅၁၁ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ် မှာတော့ တစ်ပိဿာ၁၄၉၃ကျပ် (တစ်တန် ကျပ် ၉၁၄၂၉၀)နဲ့ ဈေးအနည်းငယ်ကျလာခဲ့ပါတယ်။ ပဲတီစိမ်း (အညာ)ရွှေဝါကို တရုတ်ဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၃၁၁၁ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၉၃၃ကျပ် (တစ်တန် ၁၇၉၆၁၃၀) နဲ့ ဈေးပြန်ကျခဲ့ပြီး တစ်ရက်လျှင် အိတ် ၈၀၀ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရ ပါ တယ်။ ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၄၄၄ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၀၂၂ ကျပ်(တစ်တန် ကျပ် ၁၈၅၀၆၄၀) အထိ ဈေးတက်ခဲ့ပြီး တရုတ်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်းသိရပါ တယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၄၃၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၄၁၇ကျပ် (တစ်တန် ကျပ် ၂၅၅၃၆၀)နဲ့ ဈေးပြန်ကျလာခဲ့ကြောင်း သိရ ပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း ဈေးကျနေပြီး ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းတို့ ဈေးကျနေခဲ့ပြီး ပဲစင်းငုံနီကတော့ ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ်၁၄၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၄၁၀ (တစ်တန် ကျပ် ၈၆၃၄၆၀) အထိ ဈေးကျလာခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၈၃၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၇၈၅ကျပ်(တစ်တန်ကျပ် ၄၈၀၇၂၀)အထိ ဈေးကျလာခဲ့ပါ တယ်။ဒါပေမယ့် ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၄၅၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ၄၇၅ကျပ်(တစ်တန် ကျပ် ၂၉၀၈၈၀) အထိ ဈေးအနည်းငယ်တက်လာခဲ့ကြောင်း သိရပါတယ်။ နှမ်းရောင်စုံဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၂၆၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၂၅ကျပ်(တစ်တန်၁၇၃၀၀၀၀ကျပ်)၊ ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာ ၂၃၃၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၀၀(တစ်တန်ကျပ်၁၅၉၂၂၁၀)၊ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စတစ်ပိဿာ ကျပ် ၂၆၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၀၂၅ကျပ်(တစ်တန်ကျပ်၁၈၅၂၄၈၀)၊ နှမ်းနက်ရိုးရိုး ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၆၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၂၅ကျပ်(တစ်တန်ကျပ်၁၇၃၀၀၀၀) ထိ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲဟော်လန် ဈေးကျလာ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲဟော်လန်ကတော့ ဈေးပြန်ကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၄၃၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၄၁၅ကျပ် (တစ်တန်ကျပ် ၈၆၆၅၃၀) အထိဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို မန္တလေးဝယ်လက်က ဝယ်ယူကြသလို အရောင်းသမားတွေကလည်း ကြိုက်ဈေးဖြစ်ခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဟော်လန် တစ်ပိဿာ ၂၂၂၅ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့တစ်ပိဿာ ကျပ်၂၀၀၀(တစ်တန်ကျပ်၁၂၂၄၇၈၀) နဲ့ ဈေးကျခဲ့ပြီး ကုန်အဝင်နည်းနေလို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ဈေးကွက်ထဲမှာ လက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၂၂၂ ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၂၂၅ကျပ် (တစ်တန် ကျပ် ၁၃၆၂၅၆၀)နဲ့ ဈေးအနည်းငယ်မြင့်နေခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၂၂၂ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၂၇၀ကျပ်(တစ်တန်ကျပ် ၁၃၉၀၁၂၀) ထိဈေးရှိခဲ့ပြီး ကုန်စည်ဝင်ရောက်မှုများနေခဲ့သလိုမြို့ခံဆီစက်များက ပုံမှန်ဝယ်ယူခဲ့လို့ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၉၃၃ကျပ် ဈေးရှိနေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ အခုတစ်ပတ်မှာ ဈေးပြန်တက်ခဲ့သလို တစ်ပိဿာ ၂၈၄၅ကျပ် (တစ်တန် ကျပ် ၁၇၄၂၂၅၀)ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူမှုများခဲ့လို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်း ဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်လာကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ်တစ်အိတ်ကို မြန်မာဘက်ကမ်း တွင် ၇၅ ယွမ်၊ ရွှေလီဘက်ကမ်းတွင် ၈၂ ယွမ်နဲ့ ယခင်တစ်ပတ်က ဈေးအတိုင်း အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ကတော့ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်းတန်ချိန် ၃၉၉၈၆တန် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တန်ချိန် ငါးသောင်းကျော်အထိအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ငွေလဲနှုန်း အနေအထားကတော့ တစ်ယွမ်ကို မြန်မာငွေ ၂၀၃ကျပ်ပေါက်ဈေးရှိခဲ့ပြီး ယခင်တစ်ပတ်ဈေးနှုန်း ၂၀၄ကျပ်နဲ့နှိုင်းယှဉ်ရင်တော့ ငွေလဲနှုန်း အနည်းငယ်ကျလာကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးပြန်ကျလာ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးပြန်ကျလာခဲ့ကြောင်း သိရပါ တယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၄၈၅၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၄၇၇၀၀၀အထိ၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ်၆၆၅၀၀၀ ဈေးရှိခဲ့ရာမှ ယခုတစ် ပတ်မှာ တစ်တန် ကျပ် ၆၄၈၀၀၀၊ ပဲစင်းငုံနီသီးနှံကလည်း ယခင်တစ်ပတ်က တစ်တန်ကျပ် ၃၃၈၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ် မှာ တစ်တန်ကျပ် ၃၃၀၀၀၀နဲ့ ဈေးပြန်ကျလာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်မှုများနေ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးငြိမ်နေခဲ့ပြီး အစေ့ထုတ်ပြောင်းကတော့ ကုန်ပစ္စည်းလက်ကျန်မရှိတော့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၈၅၀(တစ်တန် ကျပ်၅၂၀၅၃၀)ဈေးရှိခဲ့သလို ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက အဝယ်လိုက်ခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ဈေးကွက်အတွင်း ကုန်ပစ္စည်းလက်ကျန်မရှိတော့ကြောင်း သိရပါတယ်။

# ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)တွင် ဖွင့်လှစ်သည့် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး) တွင် ဖွင့်လှစ်သည့် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၅)၏ သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ထို့နောက် သင်တန်းဆင်းဂုဏ်ပြုလွှာ၊ စာမေးပွဲအကောင်းဆုံး ဖြေဆိုနိုင်သည့် အုပ်စုနှင့် စာတမ်းအကောင်းဆုံး ပြုစုနိုင်သည့် အုပ်စုတို့အား ဆုများချီးမြှင့်ပေးခဲ့ရာ သင်တန်းဆင်းဂုဏ်ပြုလွှာများကို သင်တန်းသား/သူများကိုယ်စား ဒေါက်တာရှိန်းကိုကိုက လက်ခံရယူပြီး အုပ်စုအလိုက် အကောင်းဆုံးဆုများရရှိကြသည့် စာမေးပွဲအကောင်းဆုံး ဖြေဆိုနိုင်သည့်အုပ်စုမှ ဒေါက်တာရှိန်းကိုကို (အုပ်စုခေါင်းဆောင်) နှင့် ဒေါက်တာရှိန်းကျော်သူ၊ ဒေါက်တာရဲရင့်အောင်၊ မဇာဇာဗိုလ်၊ မဖြူအိခင်၊ မအေးမွန်ရာပြည့်တို့က လည်းကောင်း၊ စာတမ်းအကောင်းဆုံးပြုစုနိုင်သည့်အုပ်စုမှ ဦးညွန့်မောင် (အုပ်စုခေါင်းဆောင်)နှင့် ကိုဇော်မင်းအောင်၊ ကိုဖြိုးဇော်သူ၊ ကိုသာနိုးအောင်၊ မနန်းကေသီလင်းတို့က ဆုများ အသီးသီး လက်ခံရယူခဲ့ပါသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၈ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/ သင်တန်းသူ စုစုပေါင်း ၈၀ ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MTD, TYK (DOT)**

# ပုသိမ်မြို့တွင် စတော့ဈေးကွက်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန်စတော့အိတ်ချိန်းနှင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် စတော့ဈေးကွက်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက်တွင် ပုသိမ်မြို့စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့်ဌာနခွဲမှူးများ၊ ဖိတ်ကြားထားသော တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဘဏ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ အဖွဲ့ဝင် ဦးမြေးချွန်၊ ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးတို့ကလည်း မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံတို့ပူးပေါင်းကာ ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလမှာ စတင်တည်ထောင်ထားပြီး ပြည်သူများလည်းပါဝင်ရောင်းဝယ်လျက်ရှိကြောင်းနှင့် စတော့ဈေးကွက်ဆိုင်ရာ အသိပညာများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ရာ တက်ရောက်လာသူများမှလည်း သိလိုသည်များကိုမေးမြန်းခဲ့ကြောင်း သတင်းရရှိပါသည်။

**ထွန်းထွန်း(ပုသိမ်)**

# ကျွမ်းထိုးမှောက်ခုံ

[ ခင်မောင်ညို(ဘောဂဗေဒ) ]

"ဖျက်လိုဖျက်ဆီး"လုပ်တာ ကောင်းသလားလို့မေးရင် ကျွန်တော်တို့ဆီမှာတော့ မကောင်းဘူးလို့ဖြေကြမယ်။ ဖျက်လိုဖျက်ဆီးဆိုကတည်းက ဘယ်မှာ ကောင်းပါ့မလဲ။ ဒါပေမယ့် ပညာရှင်လောက၊ အိုင်တီလောကမှာတော့ ဖျက်လိုဖျက်ဆီးလုပ်တဲ့ တီထွင်ဆန်းသစ်မှုတွေ (disruptive innovation) ဆိုပြီး ကောင်းတဲ့အဓိပ္ပာယ်နဲ့ သုံးလာကြတာတွေ့ရတယ်။

"ဖျက်လိုဖျက်ဆီး"လို မဟုတ်ဘဲ "ကျွမ်းထိုးမှောက်ခုံ" တို့ "အလစ်အငိုက်၊ တိုက်ခိုက်"တို့ဆိုတဲ့ ဝေါဟာရတွေကို အစားထိုးသုံးရရင် ကောင်းမလားလို့လည်းစဉ်းစားမိတယ်။

တကယ်တော့လည်း ကျွမ်းထိုးမှောက်ခုံဖြစ်နေတဲ့ တီထွင်ဆန်းသစ်မှုများဆိုတဲ့ ဝေါဟာရကို အသုံးပြုလာတာ အနှစ်နှစ်ဆယ်ကျော်လောက်ရှိနေပါပြီ။

"လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်သို့"ဆိုတဲ့ သဘောမျိုးဆိုရင် ကောင်းတဲ့အဓိပ္ပာယ်လို့ တွက်ဆနိုင်ပါတယ်။ လွယ်လွယ်ပြောရရင် ဖောက်သည်တွေကို ဝန်ဆောင်မှုပေးပုံပေးနည်းအသစ်၊ စီးပွားရေးလုပ်ငန်းလုပ်နည်းကိုင်နည်းအသစ်၊ ပေါ်ချောင်ကောင်းဈေးကွက်ကိုရှာရာက ဈေးကွက်အသစ်ကို ကူးတဲ့စနစ်၊ စားသုံးသူတွေအတွက် တန်ဖိုးထားမှုအသစ်တွေ ဖန်တီးပေးတဲ့စနစ်စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြန်ပါတယ်။

လုပ်ငန်းအစပျိုးတဲ့ ကာလမျိုးမှာအမြတ်ပါးပါးရ၊ ဦးတည်အုပ်စုကခပ်သေးသေး၊ ပစ္စည်းကလည်း ဘာမှုထူးထူးခြားခြားဆန်းဆန်းကြယ်ကြယ် မရှိလှပေမယ့် ဘွားကနဲပေါ်လာတာမျိုး၊ ထူးခြားတဲ့ အကျိုးသက်ရောက်မှုတွေ ဖန်တီးနိုင်တာမျိုး၊ လူတွေရဲ့ မျှော်လင့်ချက်တွေကိုပါ ပြောင်းလဲပစ်စေနိုင်တာမျိုး၊ ယုံကြည်မှုတွေ တိုးပွားအောင်လုပ်ပေးနိုင်တာမျိုးတွေကိုဒီစာရင်းထဲမှာထည့်လို့ရပါတယ်။

ကျွမ်းထိုးမှောက်ခုံလို့ ပြောရတာကဈေးကွက်အသစ်တွေ၊ ကွန်ရက်အသစ်တွေ ပေါ်ပေါက်လာတဲ့အတွက် လက်ရှိဈေးကွက်တွေ၊ လက်ရှိကွန်ရက်တွေ ကပြောင်းကပြန်ဖြစ်ကုန်ပြီး ထိပ်ဆုံးကပြေးနေတယ်ဆိုတဲ့ လုပ်ငန်းတွေ၊ ထုတ်ကုန်တွေ၊ မဟာမိတ်ဖွဲ့မှုတွေကိုဒုက္ခပေးနိုင်လို့ပါ။

အစပိုင်းမှာဘယ်သူမှ အထင်မကြီး ဘယ်သူကမှ ပေါက်မယ်ထင်မထားတဲ့ မျှော်လင့်မထားတဲ့ ထုတ်ကုန်မျိုးတွေဟာသမိုင်းတစ်လျှောက်မှာ အများကြီး ပေါ်ပေါက်ခဲ့ပါတယ်။ ဥပမာ- အခုအများသုံးနေကြတဲ့ စမတ်ဖုန်းလိုဟာမျိုးက လိုင်းဖုန်းတွေ၊ စားပွဲတင် ကွန်ပျူတာတွေကိုသိသိသာသာ အလဲထိုးလိုက်တာမျိုးပါ။ ပထမပေါ်ကာစတုန်းကတော်လှန်ရေးဆန်ဆန် အပြောင်းအလဲကြီးမျိုးဖြစ်အောင် မလုပ်နိုင်ပေမယ့် လက်ရှိအခြေအနေကို ကျွမ်းထိုးမှောက်ခုံဖြစ်သွားအောင် လက်ငင်းမလုပ်နိုင်ဘဲ အချိန်တစ်ခုကြာမှသိသာထင်ရှားတဲ့ရလဒ်တွေပေါ်ထွက်လာနိုင်တာမျိုးပါ။

၁၉ ရာစုနှစ်မှာ မော်တော်ကားတွေပေါ်စက မြင်းဆွဲတဲ့လှည်းတွေကို ထိခိုက်အောင် မလုပ်နိုင်ခဲ့ပါဘူး။ ဒါပေမယ့် ၁၉၀၈ ခုနှစ်လောက်မှာ ဈေးသက်သာတဲ့ ဖို့ဒ်မော်တော်ကားတွေ ပေါ်လာမှ ကျွမ်းထိုးမှောက်ခုံ ဖြစ်စေတာပါ။

ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်တဲ့သူတွေဟာလည်း တွေ့နေကျအတွင်းလူတွေ၊ လောကသားတွေမဟုတ်ဘဲ အပြင်လူတွေ၊ သမားရိုးကျထုံးတမ်းစဉ်လာတွေကို ချိုးဖောက်ကျော်လွှားတတ်သူတွေ ဖြစ်ကြပါတယ်။

သူများဈေးကွက်ကို ကျွမ်းထိုးမှောက်ခုံဖြစ်ဖို့ အရေး အချိန်ယူကြရသလို ကိုယ်တိုင်လည်းကျွမ်းထိုးမှောက်ခုံဖြစ်သွားနိုင်တဲ့ အန္တရာယ်ရှိပါတယ်။ စွန့်စားရတာ ကြီးမား၊ အမြတ်လည်းနည်းတတ်တာကိုး။ ဒါပေမယ့် ပေါက်ပြီဆိုရင်တော့ နေ့ချင်းညချင်း ဝုန်းကနဲဒိုင်းကနဲ ဖြစ်တတ်ပါတယ်။

အများအားဖြင့် ကျွမ်းထိုးမှောက်ခုံဆိုတဲ့ ဝေါဟာရကို နည်းပညာနဲ့ တွဲသုံးလေ့ရှိပေမယ့် စီးပွားရေး အဆောက်အအုံတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့လည်း တွဲသုံးလို့ရပါတယ်။

ကျွမ်းထိုးမှောက်ခုံတီထွင်ဆန်းသစ်မှုဆိုတဲ့ ဝေါဟာရမပေါ်ခင် အတော်စောစောကတည်းက တီထွင်ဖန်တီးဖျက်ဆီးမှု (Creative Destruction) ဆိုတဲ့ ဝေါဟာရပေါ်ထွက်ခဲ့သေးတယ်။ စွန့်စားတီထွင်ဦးဆောင်မှု (Entrepreneurship)နဲ့ ပတ်သက်လို့ဦးဆောင်စတင်ဆွေးနွေးခဲ့တဲ့ ဂျိုးဇက်ရှွန်းပီတာအသုံးပြုခဲ့တဲ့ ဝေါဟာရပါ။

တီထွင်ဖန်တီးတယ်လို့လည်းဆိုတယ်။ ဖျက်ဆီးတယ်လို့လည်းဆိုထားလေတော့ တစ်မျိုးကြီးပဲ။ ဒါပေမယ့် အရင်းရှင်စနစ်ကို တည်ဆောက်ထားတဲ့ အခြေခံကဒါပဲလေ။ မြေအုတ်တွေဖြိုပြီး ကျောက်အုတ်တွေနဲ့ တည်ဆောက်တာမျိုးလို့ ပြောရမလား၊ သူတည်းတစ်ယောက်ကောင်းဖို့ ရောက်အောင် သူတစ်ယောက်ကပျက်ပေးတာမျိုးလို့ ပြောရမလား။ အခုခေတ်စားတဲ့ ကျွမ်းထိုးမှောက်ခုံနဲ့ တီထွင်ဖန်တီးသောဖျက်ဆီးမှုတို့ ဘာကွာသလဲဆိုတာကိုလည်းပညာရှင်တွေကမေးခွန်းထုတ်ကြတယ်။ တီထွင်ဖန်တီးသော ဖျက်ဆီးမှုသဘောတရားက နောက်ပိုင်းမှာအရင်းရှင်စနစ်ကို ခြုံငုံသုံးသပ်လို့ရလာတဲ့ အမြင်ဖြစ်ပြီး ကျွမ်းထိုးမှောက်ခုံတီထွင်မှု (disruptive innovation) ကတော့ အရင်းရှင်စနစ် ဒါမှမဟုတ် ဈေးကွက်စီးပွားရေးစနစ်ရဲ့ အကြောင်းတရားကိုထောက်ပြသုံးသပ်တာဖြစ်တယ်။ ပိုပြီးအသေးစိတ်ရှင်းလင်းပြနိုင်တယ်လို့ ဆိုကြပါတယ်။

အရင်းရှင်စနစ်ဆိုတာက ဒါဝင်ရဲ့ဆင့်ကဲဇီဝဖြစ်စဉ် သဘောတရားအရ အတော်ဆုံး အကောင်းဆုံးတွေသာ ရှင်သန်ကျန်ရစ်တာမျိုးလေ။ ဒါကြောင့် ပိုကောင်း၊ ပိုမြန်၊ ပိုဈေးသက်သာတယ်ဆိုတဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုတွေပဲ တင်ကျန်ရစ်ခဲ့ကြတာ မဟုတ်လား၊

"ကျွမ်းထိုးမှောက်ခုံ"ဆိုတဲ့ ဝေါဟာရကို တကယ်တမ်းတော့ စိုးရိမ်နေဖို့ မလိုပါဘူး။ ကမ္ဘာ့သမိုင်းကိုပြန်ကြည့်ရင် အကြိမ်ပေါင်းများစွာတွေ့ကြုံခဲ့ရပြီး ရှုံးသူနိုင်သူတွေ ရှိခဲ့ကြပေမယ့် လူ့အဖွဲ့အစည်းအတွက် ကြည့်ရင်တော့ တိုးတက်မှုတွေကိုရရှိခဲ့ကြတာပါ။

ကျောက်မီးသွေး၊ တွင်းတူးလုပ်ငန်းတွေ ပျောက်သွားခဲ့တယ်။ စစ်တွေ ဖြစ်တယ်။ ရွက်လှေတွေနေရာမှာ ရေနွေးငွေ့သင်္ဘောတွေ ပေါ်လာတယ်။ လမ်းဘေးကမီးတိုင်တွေအစား လျှပ်စစ်ပေါ်လာတယ်။ အခုဆိုစက်ရုံလုပ်သားတွေ နေရာမှာစက်ရုပ်တွေ နေရာဝင်ယူလာကြပြီ။ ရုံးလုပ်ငန်းအတော်များများကို အလိုအလျောက်လုပ်နိုင်တော့မယ်။

အရေးကြီးတာက လက်ရှိနေရာရ၊ တွင်ကျယ်နေတဲ့ လုပ်ငန်းတွေဟာ ပြိုင်ဘက်အသစ်တွေ၊ ဈေးကွက်ထဲ ထပ်မံဝင်ရောက်လာမယ့်သူတွေကိုလျှော့မတွက်ဖို့ပါ။ ဒီနေ့ခေတ်ကြီးမှာအသစ်အဆန်းတစ်ခုပေါ်ပြီဆို ဒိုင်းကနဲကမ္ဘာ့ဈေးကွက်ထဲတန်းရောက်သွားတတ်ကြတာမျိုး ဖောက်သည်တွေ အများကြီးတန်းရသွားတာမျိုးလေ။ ဈေးသက်သာရုံသာမက ပိုကောင်း၊ ပိုမြန်ဆိုတာမျိုးတွေကို ဘယ်သူကငြင်းနိုင်မလဲ။ အခုဆို ဖလင်နဲ့ရိုက်တဲ့ကင်မရာတွေ ဘယ်ရောက်သွားကြပြီလဲ။ အစကလျှော့တွက်ခဲ့ကြတဲ့ ဒစ်ဂျစ်တယ်တီထွင်ဆန်းသစ်မှုတွေကိုနောက်ကျမှ နောင်တတွေနဲ့ရင်ဆိုင်ကြရတယ်။

ဒါကြောင့် ကျွမ်းထိုးမှောက်ခုံလုပ်တဲ့ တီထွင်ဆန်းသစ်မှုတွေကို ကြောက်မနေ၊ ကိုယ်တိုင်က အားပေးပြီး ကြိုတင်ပြင်ဆင်သင့်ပါတယ်။ "အတိတ်ကို ကာကွယ်စောင့်ရှောက်မနေကြနဲ့။ အနာဂတ်ကို တည်ဆောက်ဖို့ ရင်းနှီးမြှုပ်နှံပါ" ဆိုတဲ့ စီးပွားရေးသမိုင်းပညာရှင်တစ်ယောက်က ပြောတယ်။ သူ့အဆိုအရ ပညာရေးထက် ကာကွယ်ရေးအတွက် ပိုသုံးတဲ့နေမဝင်အင်ပါယာကြီးတွေဟာ ဆုံးခန်းတိုင်သွားကြသတဲ့လေ။

စီးပွားရေးလုပ်ငန်းတွေသာမက အဖွဲ့အစည်းတွေ၊ နိုင်ငံတွေ၊ ဒေသတွေအားလုံးကျွမ်းထိုးမှောက်ခုံဖြစ်နေကြဖြစ်လာကြတဲ့ သာဓကတွေ အများကြီး မဟုတ်လား။ ဒီတော့သူများက ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လာမလုပ်နိုင်ခင် ကိုယ်တိုင်က အပြောင်းအလဲတွေ ဖန်တီးကြရမှာ မဟုတ်ပါလား။

# တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်လျော့နည်းတင်ပို့

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၇၃၂ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၂ တန်ကို တရုတ်နိုင်ငံသို့ လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၂၇၃၅ တန်ဖိုးရှိ လက်ဖက်ခြောက် ၃၂ တန်ကျော်ကို ထိုင်းနိုင်ငံသို့ လည်းကောင်း အသီးသီးတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က မူဆယ်မှ ၄၆ တန်နီးပါးနဲ့ တာချီလိတ်မှ တန် ၈၀ နီးပါး တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မူဆယ်မှ ၃၄ တန်ခန့်၊ တာချီလိတ်မှ ၄၈ တန်ခန့် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

လက်ရှိမြန်မာနိုင်ငံတွင် လက်ဖက်စိုက်ဧက ရှစ်သိန်းဝန်းကျင်ရှိကာ စက်ရုံပေါင်း ၁၀၀ ကျော်ရှိပြီး မြန်မာ့လက်ဖက်ခြောက်များ အဆင့်မြင့်နိုင်ရန်အတွက် မြန်မာ-ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းအဖွဲ့(GIZ) မှ နည်းပညာများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံသို့ ဝဥခြောက်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် နိုဝင်ဘာလ ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၂၃ သန်းတန်ဖိုးရှိဝဥခြောက် ၆၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄ တန်နဲ့ နှိုင်းယှဉ်ပါက ၅၂ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုအခါ ဝဥခြောက်လုပ်ငန်းများ တွင်ကျယ်လာတာကြောင့် တောထဲမှာ အလေ့ကျ ပေါက်ရောက်နေတာကို စိုက်ခင်းတွေနဲ့ စိုက်ပျိုးလာကြသလို မြောင်းပေါင်တင်၍လည်း စိုက်ပျိုးကြကြောင်း၊ မြေဆီမြေနှစ်ကောင်းလျှင် ကောင်းသလို တစ်ပိဿာမှ နှစ်ပိဿာအထိ ထွက်ရှိကြောင်း၊ "တရုတ်နိုင်ငံမှ ဝဥဆို ပြီးရောဝယ်တယ်၊ ဂျပန်နိုင်ငံ ဝယ်လက်ကမရဘူး၊ သန့်ရှင်းသပ်ရပ်ပြီး အရည်အသွေးမီမှ ဝယ်တယ်" ဟု ယောနယ်ဒေသခံတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

# မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပျားရည်ပုံမှန်တင်ပို့

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၀၅၀၀ တန်ဖိုးရှိ ပျားရည် ၁၅ တန်ကိုတင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း ၁၅ တန် တင်ပို့ခဲ့လို့ ပျားရည်ပုံမှန်တင်ပို့မှု ရှိတယ်လို့ ဆိုရပါမယ်။

စီးပွားဖြစ်ပျားမွေးမြူ၍ ပျားရည်တင်ပို့ရောင်းချလိုသူများတွင် ပျားများအတွက် မွေးမြူရေးအစာ သီးသန့်ဝယ်ယူကျွေးမွေးရတဲ့ ကုန်ကျစရိတ်မျိုးမလိုအပ်ဘဲ ရာသီဥတုအပေါ်မူတည်ပြီး နေရာပြောင်းရွှေ့ပေးရတာကြောင့် ပြောင်းရွှေ့မှုကုန်ကျ စရိတ်နဲ့ ပျားပုံးများကို ရာသီအလိုက် ရွှေ့ပြောင်းသင့်တဲ့အရပ်ကို လေ့လာသိရှိမှုစသော ပျားမွေးမြူသည့်နည်းပညာများကိုလည်း သိရှိထားရန်လိုအပ်ကြောင်း ပျားလုပ်ငန်းဌာနမှ သိရပါတယ်။

**မော်မော်အောင်**

# ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးတင်ပို့မှုကျဆင်း

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၆၀ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်းနဲ့ ငါးခေါင်းပွတို့ကို တန် ၆၀ ခန့်တင်ပို့ခဲ့ပါ တယ်။ ယခင်တစ်ပတ်က ၁၅၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၄ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက အမေရိကန်ဒေါ် လာ သုည ဒသမ ၀၅၅ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၅၉ တန်ကျော်နဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၅ သန်းတန်ဖိုးရှိ ငါးခေါင်းပွ သုံးတန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးများအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၅၅ သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ မန်ကျည်းစေ့၊ မန်ကျည်းဖတ်၊ ချင်းအစို၊ မတ်ပဲ၊ ဆီးယိုထုပ်၊ ဆီးဖတ်၊ ကော်ဖီတို့ကို ၂၈၅ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များပိုမိုတင်သွင်း

ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၉၆ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၆၀၀၄ စီးကို တင်သွင်းခဲ့ပါတယ်။

ယခင်တစ်ပတ်က ၈၅၆၄ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၄၄၀ စီးပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်များတင်သွင်းမှုလျော့နည်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ တမူးကုန်သွယ်စခန်းများမှ ဆိုင်ကယ်များပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလို ပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၈၉ သန်းတန်ဖိုးရှိဆိုင်ကယ် ၁၄၅၁၆ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှအမေရိကန်ဒေါ်လာ ၁ ဒသမ ၉၇ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၄၀၃ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသုည ဒသမ ၀၁၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၂ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇၃ စီးကိုတင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၅၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၂၃၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန် ၁၇၃၀ ကျော်နဲ့ နှိုင်းယှဉ်ပါက ၅၀၈ တန်ကျော် ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၃၈၉ သန်း ပိုမိုခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ပုစွန်ခြောက်နဲ့ ငါးလေးခြောက် တင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့် ယခုလို တန်ချိန်ရော တန်ဖိုးပါ ပိုမိုခဲ့တာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်စျေးမှာ ယခင်တစ်ပတ်ရော ယခုတစ်ပတ်ပါ ကဏန်းတစ်တန်လျှင် ယွမ် ၄၄၁၀၀ နဲ့ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၀၀၀၀ ရှိတယ်လို့ မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၈၆ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၀ မျိုး၊ တန်ချိန်အားဖြင့် ၃၄၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း ၃၄၆ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် မူဆယ်မှ ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့မှုရှိတယ်လို့ ဆိုရပါမယ်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့တဲ့ပရဆေးအမယ်များမှာ ဆီးဆန်၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ နနွင်းတက်၊ တောချင်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ ဝဥခြောက်နဲ့ ချဉ်ပေါင်ဖာလာအခွံပါတို့ ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း တန်ဖိုးရှိ တောင်လုံးကျော် ၁၀၀ ကီလိုဂရမ်ကို မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့ပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ သကြားပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ သကြားလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၀၁ သန်းတန်ဖိုးရှိRe-export သကြား ၁၆၉၂၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန် ၁၃၀၄၀ ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၈၈၃ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၀၂ သန်းတန်ဖိုးရှိ Re-export သကြား တန် ၁၀၈၀ ကိုတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန်၂၀၀၀ နဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၉၂၀ လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ကို ယခင်တစ်ပတ်ကကျပ် ၇၉၉၈၂၀ စျေးရှိရာမှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်မှာ ကျပ် ၈၄၀၄၂၀ သို့ လည်းကောင်း၊ တစ်ဖက်နိုင်ငံဝယ်စျေးမှာ ယွမ် ၃၉၄၀ ရှိရာမှ ယွမ် ၄၁၄၀ သို့လည်းကောင်း စျေးမြင့်တက်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝါဂွမ်းအပြင် ဝါစေ့ပါတင်ပို့

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၈၉ သန်းတန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း ၆၁၃ တန်ခွဲကို လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၃၁၁၈၀ တန်ဖိုးရှိဝါစေ့ ၁၅၆ တန်နီးပါးကိုလည်းကောင်း တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဝါစေ့တစ်တန်ရဲ့ လိုင်စင်စျေးမှာ အမေရိကန်ဒေါ်လာ ၂၀၀ ဖြစ်ပြီး ရွှိုင်ရယ်နယူးဂျင်နရေးရှင်း ကုမ္ပဏီက မန္တလေးပို့ကုန်သွင်းကုန်ရုံးမှတစ်ဆင့်တင်ပို့ခဲ့တာလို့ သိရပါ တယ်။

ရမည်းသင်းမြို့နယ်ရှိ ဝါပွဲရုံနဲ့အဝယ်ဒိုင်များက အနယ်နယ်အရပ်ရပ်မှ ထွက် ရှိတဲ့ဝါတွေကို ဝယ်ယူစုဆောင်းပြီး ဝါဂွမ်းနဲ့ဝါစေ့အဖြစ် ကြိတ်ခွဲရောင်းချကာ ဝါတစ်ပိဿာကိုကြိတ်လျှင် ဝါဂွမ်း ၃၃ ကျပ်သားမှ ၃၇ ကျပ်သားခန့်ရပြီး ကျန်အတိုင်းအတာမှာ ဝါစေ့ရရှိကြောင်း၊ ကြိတ်ခွဲရရှိတဲ့ ဝါဂွမ်းကိုဖိစက်နဲ့ဖိပြီး စနစ်တကျထုပ်ပိုးကာ မန္တလေးစက်ရုံများနဲ့ ပြည်ပဝယ်လက်များထံ တင်ပို့ရောင်းချကြောင်း၊ ဝါစေ့များကို မြင်းခြံ၊ တောင်သာနဲ့ မိတ္ထီလာမြို့များရှိ ဆီစက်များသို့ တင်ပို့ရောင်းချကြကြောင်း ဝါကြိတ်စက်လုပ်ငန်းရှင်တစ်ဦးရဲ့ပြောကြားချက်အရ သိရပါတယ်။

**မော်မော်အောင်**

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်း (Weekend Course) အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုသင်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်း (International Trade Basic Course - Weekend Course) ဖွင့်ပွဲကို ဒီဇင်ဘာ ၂ ရက်က ရန်ကုန်မြို့ရှိ ကုန်သွယ်ရေးဦးစီးဌာန ညီလာခံခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါသင်တန်းဖွင့်ပွဲသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ သင်ကြားရေးတာဝန်ခံဆရာဆရာမများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းစဉ်များကို ပိုမို မြန်ဆန်အောင် စီမံဆောင်ရွက်ပေးလျက်ရှိပြီး ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများကိုလည်း နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များ အောင်မြင်ရန် လုပ်ငန်းနယ်ပယ်အသီးသီးရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များနှင့် ကုန်သည်စီးပွားရေး လုပ်ငန်းရှင်သစ်များကို ပြုစုပျိုးထောင်မွေးထုတ်ရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ပြီး ၂၀၁၂ခုနှစ် ဧပြီလမှစတင်ကာ ကုန်သွယ်မှုသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယခုလက်ရှိအချိန်အထိ ကုန်သွယ်မှု အခြေခံသင်တန်း (၁၀) ကြိမ်နှင့် အဆင့်မြင့်သင်တန်းသုံးကြိမ်၊ Weekend Course နှစ်ကြိမ်ဖွင့်လှစ်ခဲ့ရာ သင်တန်းသားစုစုပေါင်း ၁၀၉၇ ဦး တက်ရောက်ခဲ့ကြပါကြောင်း၊

နိုင်ငံတော် အစိုးရအနေဖြင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် Fully Online Lincensing System ကို ကျင့်သုံးနိုင်ရန် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ပို့ကုန် ၂၈ မျိုး၊ သွင်းကုန် ၁၅ မျိုးအပြင် CMP စက်ရုံ ၄၆ ရုံတွင်လည်း အဆိုပါစနစ်ကို ကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ ထို့ပြင်အကောက်ခွန်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ASEAN Single Window အထောက်အကူပြု Myanmar Automate Cargo Clearance System (MACCS) တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အဓိက အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင်မြန်မာနိုင်ငံအနေဖြင့် Self-Certification System ကို အကောင်အထည်ဖော်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ပို့ကုန်တင်ပို့သူများ ပင်ရင်းနိုင်ငံစည်းမျဉ်းနှင့် Self-Certification System ဆိုင်ရာ အချက်အလက်များ စသည့်အကြောင်းအရာများကို ယခုသင်တန်းတွင် သင်ကြားပို့ချ ပေးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ယခင် Weekend Course အမှတ်စဉ်(၂)မှ သင်တန်းသား၊ သင်တန်းသူများက လျှပ်စစ်ရေနွေးအိုးနှစ်လုံးကို သင်တန်းကျောင်းသို့လှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၁၀၁ ဦးခန့် တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ(နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအထိ) တက်ရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## (၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲကို တရုတ်နိုင်ငံတွင် ကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ရွှေလီ(ကျယ်ဂေါင်) မြို့၊ ကျောက်မျက်ဈေးတွင် (၁၆) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးနှင့် (၁၂) ကြိမ်မြောက် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (Joint Border Trade Cooperating and Coordinating Committee-JBTCCC) အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်မှ ၂၈ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံနယ်စပ်နေ ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန်၊ အပြန်အလှန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရန်နှင့် တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးကျင်းပရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။ အဆိုပါကုန်စည်ပြပွဲမှာ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မူဆယ်-ရွှေလီနယ်စပ်တွင် နှစ်စဉ်တစ်နိုင်ငံစီအလှည့်ကျ ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်သည် (၁၆) ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပါသည်။

(၁၆) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲတွင် နှစ်နိုင်ငံသဘော တူညီချက်အရ မြန်မာနိုင်ငံအတွက် ပြခန်း ၃၀ အခမဲ့ရရှိမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ နေပြည်တော်ဖုန်း၊ ၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၄၄၇၊ email:moctradefair@gmail.com ၊ ရန်ကုန် ဖုန်း၊ ၀၁-၂၅၄၀၂၄၊ email:itpic.moc@ gmail.com နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့လည်း မေးမြန်းနိုင်ကြောင်း သတင်းရရှိပါသည်။ **ဥမ္မာကြူ (ကုန်သွယ်ဖွံ့ဖြိုး)**

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ...... မှအဆက်**

တွေ့ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချနိုင်ရေးအတွက်ငွေကြေး၊ နည်းပညာပိုင်း၊ သယ်ယူပို့ဆောင်မှုနှင့် သိုလှောင်မှုအပိုင်းများ၏ ချိတ်ဆက်မှုကွင်းဆက် မှန်အောင် ဆောင်ရွက်ပေးရန် လိုအပ်နေပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍ၏ လိုအပ်ချက်နှင့် ဆောင်ရွက်ပေးရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများအလိုက်၊ ကဏ္ဍအလိုက်၊ အသင်းအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ ကုန်စည်ဒိုင်များ ဖွဲ့စည်းပေးခြင်းတို့ကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤသို့အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူရရှိမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားပါသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကချင်ပြည်နယ်၏ ကုန်သွယ်မှုကဏ္ဍတွင် တရားမဝင်ကူးသန်းရောင်းဝယ်မှုများ ရှိနေသေးကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကချင်ပြည်နယ် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် လမ်း၊ တံတား၊ လျှပ်စစ်မီး ရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကန်ပိုက်တီနယ်စပ်နှင့် လွယ်ဂျယ် နယ်စပ်တွင် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားပါသည်။

ထို့နောက် ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ကုန်သည်လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ပေးနိုင်ရေးနှင့် ကုန်သွယ်မှုနှင့်ပတ်သက်၍ အခက်အခဲရှိနေသည်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကိစ္စရပ်များအား ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။ **MOC (IR)**

**စာမျက်နှာ (၈) ပြည်ပကုန်သွယ်မှုမြှင့်တက် ...... မှအဆက်**

ဆေးဝါးပစ္စည်းများ တင်သွင်းမှုသည် နိုင်ငံသူ/နိုင်ငံသားများ၊ ပြည်သူ/ပြည်သားများ ကျန်းမာရေးစောင့်ရှောက်မှုကို အလေးထား ဆောင်ရွက်လာနိုင်ခြင်းပင်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်မည်မျှပင် ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနေပေမယ့် စိန်ခေါ်မှု အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ သာဓကပြရရင် မြန်မာနိုင်ငံ၏ ပဲမျိုးစုံတင်ပို့မှုတွင် နှစ်စဉ်အများဆုံး တင်ပို့တဲ့နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံက ပဲစင်းငုံတင်သွင်းမှုအား လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်တွင် မတ်ပဲနှင့် ပဲတီစိမ်း တင်သွင်းမှုအား လည်းကောင်း ကန့်သတ်ခဲ့ခြင်းကြောင့် ယခုနှစ် (၁-၄-၂၀၁၇ ရက် နေ့မှ ၂၄-၁၁-၂၀၁၇ ရက်နေ့ထိ) ပဲတင်ပို့မှုအား ယခင်နှစ် ကာလတူတင်ပို့မှုဖြင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၃၄၃ သန်း လျော့နည်းခဲ့ရတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အလားတူပင် Re-export သကြားတင်ပို့မှုအား ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်တွင် ရပ်ဆိုင်းခဲ့ခြင်းကြောင့် Re-export သကြားတင်ပို့မှုသည်လည်း ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၃၁၆ သန်း လျော့နည်းခဲ့ရတာကို တွေ့ရမှာဖြစ်ပါတယ်။ သွင်းကုန်ပိုင်းတွင်လည်း ယာဉ်တင်သွင်းမှု မူဝါဒအပြောင်းအလဲများကြောင်း မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများတင်သွင်းမှု၌ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၃၉ သန်းလျော့နည်းသွားတာကို တွေ့ရှိရပါတယ်။

ဒီလိုစိန်ခေါ်မှုတွေအပြင် နိုင်ငံရဲ့အဓိကတင်ပို့နေတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်တင်ပို့ရာမှာ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ သွင်းအားစု ကုန်ကျစရိတ်မြင့်မားခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့် ရရှိရန်လိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များမြင့်မားခြင်း၊ အရည်အသွေးမြင့် ထုတ်ကုန်များ (Value Added) ထုတ်လုပ်မှုနည်းပါးခြင်း၊ နိုင်ငံတကာ ဈေးကွက်နှင့် ဝယ်လိုအားအပေါ် တည်မှီနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များ လိုအပ်နေခြင်းစတဲ့ အချက်များဟာ လက်ရှိလယ်ယာထွက်ကုန် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရာမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲများနဲ့ ကြုံတွေ့နေရပါတယ်။

ယင်းသို့ကုန်သွယ်မှုနယ်ပယ်တွင် အခက်အခဲများ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း ပြည်ပကုန်သွယ်မှု တိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ သက်ဆိုင်ရာ ကုန်သွယ်ဖက်နိုင်ငံများနှင့် နှစ်နိုင်ငံညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်သွယ်မှု Mission များစေလွှတ်ခြင်း၊ ဈေးကွက်သစ်များ ရှာဖွေခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ပြင်ဆင်ဖြေလျော့ခဲ့ခြင်းတို့ကြောင့် ယခင်နှစ်ကာလတူထက် ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။


UEC
無限國際海運承攬運送股份有限公司
優益喜航空貨運承攬股份有限公司
Unlimited Express (Myanmar) Co.,Ltd.
SILKAIR
CARGO
❖ Worldwide Air/Sea Freight Forwarding
❖ Consolidation & Transit Shipment Service
❖ Door to Door Service
❖ Local Transportation & Tracking Service
❖ Custom Clearance Service
❖ Import & Export Documentation
Rm#1003, 10th Fl, Yuzana Condo Tower,
No.69,Shwe Gone Daing Road,
Bahan Township,Yangon,Union Of Myanmar.
Tel:95(1)558660~2,
Fax:95(1)558664
HP:95(9)43084385, 95(9)5112152
E-mail:henry@uecrgn.com.mm
sanlin@uecrgn.com.mm
Website:www.uecgroup.com.tw


FARM LINK
Company Limited
EMINENT 5 WDG
အမဲနက် ၅
တောင်သူကြီးပွား အားထားစရာ ဖန်းလင့် ပါ
အမဲနက် ၅
EMINENT 5 WDG
အစွမ်းထက်
ပိုးသတ်ဆေး
■ ရွက်လိပ်ရွက်ကပ်ပိုး၊ ပွင့်ထွေးရွက်ထွေး၊ ပြောင်းတောင်၊ သီးလုံးဖောက်ပိုး၊ ခေါင်ညွှန့်ထိုးပိုး တို့ကို နှိမ်နင်းနိုင်သည်။
■ ဓာတုပိုးသတ်ဆေးခံနိုင်ရည်ရှိသော ပိုးများကို နှိမ်နင်းနိုင်သည်။
■ ဆေးထိသောပိုးများ စားသောက်ဖျက်ဆီးမှုရပ်တန့်သွားသည်။
■ ဆေးဖျန်းပြီးပိုးများ မဲခြောက်သေဆုံးနေသည်ကို တွေ့ရသည်။
■ အမဲနက် Emamection Benzoate 5 WDG ပိုးသတ်ဆေးခဲဖြစ်သည်။


S.M.I
S.M.I.M
SUN MYANMAR GROUP OF COMPANIES
Processing Factory
Prawns And Rohu Fish
Packed Product Front And Back
OFFICE
No.797,(504/B),MAC Tower(II),Corner Of Bogyoke Aung San & Wardan St,
Lanmadaw Tsp,Yangon,Myanmar.
Tel :01-211076,212944(Ext :504),2301031
E-mail :sunmyanmar1000@gmail.com.
FACTORY
No.469,Mandalay Street,23 Ward,Industrial Zone (1),South Dagon,Yangon,
Myanmar.


Shwe Sett Kyar (Htain Win)Co.,Ltd
Transportation & General Services
No (44),1st Fl,Bokalayzay Street,Botataung Township,Yangon.
E-mail:sskgrp10@gmail.com,Fax:01-378043
Ph:01-378043,0973110074,0973166408

# PPC

Property People Connection

**Under Management of Established Company**
**" PPC Group of Companies" in Singapore**





## Property Services

- Property Management
- M & E Services
- Cleaning
- Security

## Renovation Service

- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services

## Real Estate Services

- Leasing, Purchasing & Selling

No.19,4th Floor,Innwa Road, Kyauk Myaung Gyim Quarter, Tamwe Township, Yangon, Myanmar.
Tel: 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

ANZ Equal Horizon Limited

# KITCHEN INNOVATION

(+95) 945 6171 261

zaw.pm@equalhorizon.com
zawphyomin371@gmail.com

www.facebook.com/ANZEqualHorizon

No.18, Mya Ya Mone Lane 2,
Mya Ya Mone Esplande Villa,
Kyi Pwar Yay Ward,
Thin Gan Gyun Township,
Yangon, Myanmar.

# Velotac

PERFORMANCE ENGINE OILS

Spirito Italiano




Mercedes-Benz Volkswagen TOYOTA MITSUBISHI HONDA SUZUKI
LEXUS SUBARU DAIHATSU HYUNDAI KIA NISSAN




TOKYO AUTO CO., LTD. (Authorized Distributor)

No.1 Brand in Italy

# လယ်ယာထွက်ကုန်ပစ္စည်းများဆိုင်ရာ ဆန်စပါး၊ သကြားနှင့် ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့သူများအား ပို့ကုန်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာသင်တန်း ဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) တို့ပူးပေါင်း၍ လယ်ယာထွက်ကုန်ပစ္စည်းများဆိုင်ရာ ဆန်စပါး၊ သကြားနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချနေသည့် ကုမ္ပဏီများအားပို့ကုန်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းနှင့်ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ သင်တန်းတို့ကို ရန်ကုန်မြို့၊ နိုဗိုတယ်ဟိုတယ်မက်စ်၌ ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၅ ရက်တွင် ဆန်စပါးနှင့် သကြားထုတ်လုပ်တင်ပို့သည့် လုပ်ငန်းရှင်များအားလည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် ရေထွက်ကုန်ပစ္စည်းထုတ်လုပ်တင်ပို့သည့် လုပ်ငန်းရှင်များအားလည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ဆန်စပါး၊ ပဲ၊ သကြား၊ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့နေသူများ၊ ကုန်စည်ဝန်ဆောင်မှုဆိုင်ရာ အသင်းအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများဖြစ်သည့် အကောက်ခွန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအား ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ သင်တန်းကိုလည်းကောင်း သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ပို့ကုန်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွင် ပို့ကုန်လုပ်ငန်းရှင်များအတွက် အလားအလာရှိသော လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ကုန်ပစ္စည်းများ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် အားကိုးအားထားပြုနိုင်သည့် သတင်းအချက်အလက်များနှင့် ဈေးကွက်ဝင်ရောက်ရန် လိုအပ်ချက်များအား ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပါသည်။

သင်တန်းသို့ လယ်ယာထွက်ကုန်ပစ္စည်းလုပ်ငန်း ကုမ္ပဏီမှ ကိုယ်စားလှယ် ၄၀ ဦးနှင့် ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းကုမ္ပဏီများမှ ကိုယ်စားလှယ် ၄၀ ဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ သင်တန်းတွင် နယ်စပ်ဖြတ်ကျော် လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာမှုပိုမိုဖြစ်ပေါ်စေရေး၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး သဘောတူညီချက်အရ သတင်းအချက်အလက်ရရှိနိုင်မှု မြှင့်တင်နိုင်ရေး၊ မျှတသော ကုန်သွယ်မှုကို ဖြစ်ပေါ်စေရေးတို့ကို အဓိကဆွေးနွေးပို့ချသွား မည်ဖြစ်ပြီး သင်တန်းသို့ အစိုးရ-ပုဂ္ဂလိကကဏ္ဍတို့မှ စုစုပေါင်းကိုယ်စားလှယ် သင်တန်းသား ၅၀ ဦးခန့် တက်ရောက်မည်ဖြစ်ပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

# ပုသိမ်မြို့ ရောရွှေဝါခန်းမတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ (FNF) တို့ပူးပေါင်း၍ SME Development Strategy ရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးတိုးတက်ရေးဌာနနှင့် ဂျာမနီနိုင်ငံ Friedrich Naumann Foundation (FNF) တို့ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း SME Development Strategy ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၂၉ ရက်တွင် ပုသိမ်မြို့ရှိ ရောရွှေဝါခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းမြွေနှင့် အစိုးရအဖွဲ့ဝင်များ FNF မှ တာဝန်ရှိသူများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ဖိတ်ကြားထားသော တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်၊ အမှုဆောင်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ




တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းမြွေက အဖွင့်အမှာစကားပြောကြား၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအိရွှေစင်ထွန်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် SME Development Strategy ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များ၊ နိုင်ငံတကာမှာ ဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းခဲ့သည်။

အဆိုပါ SME အလုပ်ရုံဆွေးနွေးပွဲကို FNF၊ အသင်းအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**ကျော်မြွေး(ပုသိမ်)**

# ရက်သတ္တပတ်အတွင်း ရော်ဘာတင်ပို့မှုလျော့ကျ

နိုဝင်ဘာလ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅၁ သန်း တန်ဖိုးရှိ ရော်ဘာ အဆင့်စုံ ၂၂၁၂ တန်တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 အမျိုးအစား ၂၇၅ တန်ခန့်၊ RSS 5 အမျိုးအစား ၉၀၉ တန်ကျော်၊ MSR 20 အမျိုးအစား ၂၆၃ တန်ခန့်နဲ့ RSS 1 အမျိုးအစား ၃၅ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား ၃၁၂ တန်ကျော်၊ RSS 5 အမျိုးအစား ၃၃၂ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား ၆၉ တန်ခန့်နဲ့ Crepe Rubber အမျိုးအစား ၁၇ တန် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၂၅၉၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ရော်ဘာတန်ချိန် ၃၈၀ လျော့ကျတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခုတစ်ပတ် ရော်ဘာပေါက်ဈေးမှာ RSS 3 အမျိုးအစား တစ်တန်လျှင် ကျပ် ၂၀ ဒသမ ၁၆၃ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၂၀၅၆ ကျပ် ဈေးတက်ကြောင်း သိရပါတယ်။ နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၉ သန်း တန်ဖိုးရှိ ရော်ဘာ ၁၅၈ တန်ကျော်တင်ပို့ခဲ့ရာ အိန္ဒိယနိုင်ငံသို့ MSR 20 အမျိုးအစားတန်ချိန် ၂၀ ကျော်၊ ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၉၈ တန်နဲ့ RSS 3 အမျိုးအစား တန်ချိန် ၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၉၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၄၀ လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေး အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း အပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ထားပါတယ်။

**ယဉ်ယဉ်အေး**

# တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းစုံမှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၅၄ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၄၆၆၇၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၄၅၃၃၃ တန်၊ လွယ်ဂျယ်မှ ၁၀၇၁ တန်၊ ချင်းရွှေဟော်မှ ၂၂၂ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၅၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်းလေးခုပေါင်းမှ ပြောင်းဖူးစေ့ ၄၄၀၄၂ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၂၆၃၄ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၂၈၁၃၄၆ ကျပ်ရှိရာမှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်မှာ ၂၈၁၆၃၃ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၁၄၇၃ စီးဝင်ရောက်ခဲ့ကြောင်း၊ မန္တလေး-မူဆယ်ကုန်သယ်ယူခ စရိတ်မှာ ပြောင်းတစ်ပိဿာကိုကျပ် ၆၀ မှ ၇၀ ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၈ ရက် မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၈၄၀၀ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၃၃၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ တန် ၁၆၀ နဲ့နှိုင်းယှဉ်ပါက ၁၇၆ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၉၂၂၄၀ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၃၁၅ တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၂၅ တန်နဲ့နှိုင်းယှဉ်ပါက ၁၀ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများတွင် တစ်သျှူးငှက်ပျောစိုက်ခင်းများအတွက် မြေဧကအများအပြားကိုဝယ်ယူလျက်ရှိကြောင်း ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# မြန်မာ–ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၁၈ ရက် မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၂၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၈၈၈၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၄၇၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၂၁၄ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းသုံးခုလုံးမှ ရေထွက်ကုန်များပိုမိုတင်ပို့ခဲ့တဲ့အတွက်ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၂ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းတို့ကို ၂၈၂ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၇၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ မွေးပုစွန်၊ ကင်းမွန်(လိပ်)၊ သဲကဏန်းတို့ကို ၂၃၀၇ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၀၉ သန်းတန်ဖိုးရှိငါးမျိုးစုံ၊ ကင်းမွန်၊ ကဏန်း၊ ပုစွန်၊ ရေဘဝဲ၊ အခြားရေထွက်ကုန်နဲ့ ပင်လယ်ငါးရှဉ့်တို့ကို ၆၂၉၉ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ပခုက္ကူမြို့နယ် အရှေ့ချောက်ကန်ကျေးရွာတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဆိတ်၊ သိုးမွေးမြူသူများ တွေ့ဆုံဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းနှင့် ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်ကျေးရွာမှ ဆိတ်၊ သိုး မွေးမြူသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက်က ပခုက္ကူမြို့နယ် အရှေ့ချောက်ကန်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးသန်းဦး၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာမြင့်ဦး၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆိတ်၊ သိုး၊ နွားမွေးမြူသူများ၊ တောင်သူများ စုစုပေါင်း ၅၁ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးက ဆိတ်၊ သိုး၊ နွားမွေးမြူသူများကို အသင်းအဖွဲ့ ဖွဲ့စည်းနိုင်ရန်အတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း၊ ရေစကြိုမြို့နယ်တွင် မြေခဲတောင်ကျေးရွာနှင့် ကိုင်းမကြီးကျေးရွာတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဆိတ်ကောင်ရေ ၇၁၀၃ ကောင်၊ အစု ၂၇ စုဖြင့် ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ပခုက္ကူမြို့နယ်တွင် အရှေ့ချောက်ကန်ကျေးရွာ၊ အနောက်ချောက်ကန်ကျေးရွာ၊ မကျီးကိုးပင်ကျေးရွာ၊ ကိုင်းကျေးရွာ၊ အင်ပင်ကျေးရွာ၊ ကုန်းတက်ကံကျေးရွာ၊ ကန်တော်ကျေးရွာ၊ ကံလှကျေးရွာ၊ ဘဲရွှေသစ်ကျေးရွာ၊ ကုလားချောင်း ကျေးရွာတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ သိုးကောင်ရေ ၁၃၄၇ ကောင်၊ ဆိတ်ကောင်ရေ၆၅၄၇ ကောင်၊ နွားကောင်ရေ ၇၂၀ ကောင်၊ အစု ၃၇ စု ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ရေစကြိုမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့တွင် ဆိတ်၊ သိုး၊ နွား မွေးမြူသူများအနေဖြင့်အကောင်ရေ ၁၀၀၀ ကျော်ရှိသည့် ကျေးရွာများကို ပထမအဆင့်၊ အကောင်ရေ ၆၀၀ နှင့် ၁၀၀၀ ကြားရှိသည့် ကျေးရွာများကို ဒုတိယအဆင့်၊ အကောင်ရေ ၆၀၀ အောက်ရှိသည့် ကျေးရွာများကို တတိယအဆင့် သတ်မှတ်ခဲ့ကြောင်း၊ ဖွဲ့စည်းရန်ကျန်ရှိသည့် ကျေးရွာများသို့လည်း ဆက်လက် ကွင်းဆင်းသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ဆိတ်၊ သိုး၊ နွားမွေးမြူသူများအသင်းအဖွဲ့မှ အများပိုင်ကုမ္ပဏီများအဆင့်သို့ ဖွဲ့စည်းဆောင်ရွက်နိုင်မှသာ မွေးမြူသူတောင်သူများ အကျိုးကျေးဇူး ပိုမိုရရှိနိုင်စေမည်ဖြစ်ကြောင်း၊ ဆိတ်၊ သိုး၊ နွား မွေးမြူသူများ အနေဖြင့် စျေးကောင်းရ၍ ရောင်းချလျှင်လည်း မျိုးချန်ပြီးမှသာ ရောင်းချသင့်ကြောင်း၊ အစုအဖွဲ့များ ဖွဲ့စည်းပြီးမှ မြို့နယ်အသင်းအဖွဲ့ကဲ့သို့ ဆက်လက်ဖွဲ့စည်းဆောင်ရွက်နိုင်ပြီး ပြည်ပသို့ တင်ပို့မည့်ကုမ္ပဏီများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့မှတစ်ဆင့် ကုမ္ပဏီအဆင့်သို့ ရောက်ရှိပြီး ချေးငွေလိုအပ်ပါက စီမံဘဏ္ဍာဝန်ကြီးနှင့် ဆွေးနွေးပေးမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် Free Trade Area ကို စတင်မှာဖြစ်သောကြောင့် ယခုလို အသင်းအဖွဲ့များ ဖွဲ့စည်းထားမှသာ အဆင်ပြေမည်ဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းများကိုလည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဆိတ်၊ သိုး၊ နွားမွေးမြူ ရောင်းဝယ်သူများရှိနေပြီး လူတို့စားသုံးနေသရွေ့ အသင်းအဖွဲ့များရှိနေပါက အောင်မြင်သွားမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ခရိုင်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါက်တာမြင့်ဦးက မိမိတို့ကျေးရွာမှာရှိသော တိရစ္ဆာန်များ ရောဂါဖြစ်ပွားလျှင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် အကြောင်းကြားရန်လိုအပ်ကြောင်း၊ လိုအပ်လျှင် အချိန်မရွေး လာရောက်ကုသပေးမည်ဖြစ် ကြောင်း၊ ဆိတ်၊ သိုး၊ နွားများကို စျေးကွက်ရှိသောကြောင့် ပျက်စီးမှုမရှိဘဲ များများ မွေးစေချင်ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော် (ပခုက္ကူ)**

# မဲခေါင်-လန်ချန်းဒေသတွင်း ကုန်စည်ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ သွားရောက်ပြသ

နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (ITC)၏ အာရှဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဒေသဆိုင်ရာ ကုန်သွယ်မှုနှင့် ပို့ကုန်စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံချက်အရ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်စွမ်းဆောင်ရည်မြင့်တက်လာစေရန်ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ နိုဝင်ဘာလ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် မဲခေါင်-လန်ချန်းဒေသတွင်း ကုန်စည်ပြပွဲသို့ယခုနှစ်ဇွန်လအတွင်းက ကျင်းပခဲ့သည့် E-Commerce သင်တန်းသို့တက်ရောက်ခဲ့သော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းကုမ္ပဏီများအနက်မှ ကျောက်စိမ်း၊ ကျောက်ပန်းချီ၊ ပယင်း၊ သစ်သား လက်မှုထည်၊ အင်ကြင်းကျောက်နှင့် ရေထွက်ကုန်လုပ်ငန်းကုမ္ပဏီငါးခု သွားရောက်ပြသနိုင်ရန် ပံ့ပိုးကူညီပေးခဲ့ပါသည်။

အဆိုပါ ကုန်စည်ပြပွဲကို ယူနန်ပြည်နယ်၊ ကူမင်းမြို့ Dianchi Exhibition and Convention Centre(DECC)တွင် ကျင်းပခဲ့ရာ မဲခေါင်-လန်ချန်းနိုင်ငံများဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ တောင်ကိုရီးယားတို့အပါအဝင် စုစုပေါင်းနိုင်ငံ ၁၅ နိုင်ငံမှ ပြခန်းစုစုပေါင်း ၃၀၀၀ ခန့် ပါဝင်ပြသခဲ့ကြပါသည်။ အဆိုပါ ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခဲ့ခြင်းကြောင့် ကြီးမားကျယ်ပြန့်သည့် တရုတ်စျေးကွက်သို့ မြန်မာ့ပို့ကုန်များ ပိုမိုထိုးဖောက်ဝင်ရောက်နိုင်စေရန် အထောက်အကူဖြစ်စေသည့်အပြင် နိုင်ငံတကာ စျေးကွက်အမြင်နှင့် ကုန်ပစ္စည်းဆိုင်ရာဆန်းသစ်တီထွင်နိုင်မှုများကို သိရှိခဲ့ရပါသည်။

ကုန်စည်ပြပွဲ၏ ပြခန်းများကို နိုင်ငံတကာပြခန်း၊ သဘာဝအမွေအနှစ်နှင့် ခရီးသွားလုပ်ငန်းပြခန်း၊ မော်တော်ကားနှင့် လူမှုအသုံးအဆောင်ပစ္စည်းပြခန်း၊ စားသောက်ကုန်ပစ္စည်းပြခန်း၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ပစ္စည်းပြခန်းများ စသည်ဖြင့် ခေါင်းစဉ်ငါးရပ်ဖြင့် ကျင်းပခဲ့ပြီး ယဉ်ကျေးမှုဖလှယ်ရေးကဏ္ဍအရ တရုတ်ရိုးရာ ဝတ်စားဆင်ယင်မှု ဖက်ရှင်ပြကွက်များ၊ ယူနန်တိုင်းရင်းသားအကအလှတို့ဖြင့် ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းကျင်းပခဲ့ခြင်းကြောင့် အထူးစည်ကားလှပါသည်။

ကုန်စည်ပြပွဲနှင့်တစ်ဆက်တည်း မဲခေါင်-လန်ချန်းဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေးများ၊ အပြန်အလှန် အကျိုးပြုနိုင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစည်းအဝေးများကို ပူးတွဲကျင်းပခဲ့ကြောင်း သိရှိရပါသည်။

**မြတ်မြတ်စိုးမိုး(Myantrade)**

# တောင်ကြီးမြို့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပဲပုပ်ကဏ္ဍ၌ ပါဝင်ပတ်သက်သူများ၏ အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၇ ကျင်းပ

တောင်ကြီးမြို့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာပဲပုပ်ကဏ္ဍတွင် ပါဝင်ပတ်သက်သူများ၏ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၁ ရက်က ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၊ အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကမ္ဘောဇ ကုန်သွယ်မှု ဗဟိုဌာန USAID နဲ့ WIN Rock တို့က ဦးဆောင်ကျင်းပခဲ့တယ်လို့ သိရပါတယ်။ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာနတို့အပြင် မိတ်ဖက်ဌာနအဖွဲ့အစည်းများဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်၊ အသေးစားစက်မှုလက်မှု၊ သမဝါယမဦးစီးဌာန၊ ဘဏ်လုပ်ငန်းရှင်များ၊ တန်ဖိုးမြှင့် ထုတ်လုပ်နေသော လုပ်ငန်းရှင်များ၊ သီးနှံအခြောက်ခံစက်ကုမ္ပဏီများ၊USAID နဲ့ WIN Rock မှ တာဝန်ရှိသူများ၊ ရပ်စောက်၊ ဟိုပုံး၊ နမ့်စန်၊ မိုင်းပွန်၊ တောင်ကြီး၊ လဲချား၊ ကျောက်တစ်လုံး၊ မိုးနဲ၊ ဆီဆိုင်၊ ကျောက်မဲ၊ လားရှိုး၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဘက်မှ ပဲပုပ်စိုက်တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ စုစုပေါင်းအင်အား ၁၃၀ ခန့် တက်ရောက်ခဲ့ကြပါတယ်။

အလုပ်ရုံ ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်မှာ ပဲပုပ်ကုန်စည် တန်ဖိုးမြှင့်ကွင်းဆက်တွင် စျေးကွက်အချိတ်အဆက်များ ဖန်တီးရန်နှင့် ခိုင်မာတောင့်တင်းလာစေရန်၊ ပဲပုပ်ကုန်ချော ထုတ်လုပ်မှုတွင် လိုအပ်ချက်များအကြောင်း သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် အားလုံးအကျိုးဝင်သော စိုက်ပျိုးရေးနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးမှုရရှိအောင် ပံ့ပိုးပေးရန်တို့အတွက် ဖြစ်တယ်လို့သိရပါတယ်။

အလုပ်ရုံဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြသန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ ပိုင်အိုးနီးယား အဂရိုဗစ်ကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာမျိုးအောင်ကျော်က သီးနှံစမ်းသပ်စက်များနှင့် မြေဩဇာများအကြောင်းကိုလည်းကောင်း၊ WIN Rock မန်နေဂျာက ပဲပုပ်စိုက်တောင်သူများအား ငွေကြေးဝန်ဆောင်မှုပေးသည့် လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ မစ္စတာ Rick Chase က အမေရိကန်နိုင်ငံမှ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု အကြောင်းကိုလည်းကောင်း၊ ဦးသက်ထွန်းအောင်က မြန်မာနိုင်ငံ ပဲပုပ်ကုန်စည်တန်ဖိုးမြှင့်ကွင်းဆက်စီမံကိန်း အကြောင်းကိုလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစုက ချေးငွေကိစ္စများကိုလည်းကောင်း၊ ဒေါက်တာခင်မောင်ဝင်းက မွေးမြူရေးလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်ယုယုအေးက သမဝါယမအသင်း အဖွဲ့များအား ချေးငွေချေးပေးမှု အကြောင်းကိုလည်းကောင်း၊ Farm Tech ကုမ္ပဏီမှ ဦးစိုင်းခန့်အောင်က လယ်ယာနည်းပညာများနှင့်ပတ်သက်၍လည်းကောင်း၊ ပဲပုပ်ကုန်သည်လုပ်ငန်းရှင် ဦးဇော်အောင်နှင့် ဦးကြည်နိုင်တို့က ပဲပုပ်စျေးကွက်စျေးနှုန်းများကိုလည်းကောင်း၊ ပဲပုပ် Value Added လုပ်ငန်းရှင်ဖြစ်ကြသော ဒေါ်လင်းအောင် (ပဲပြားစက်ရုံ) ရန်ကုန်နှင့် ဒေါ်သန္တာလင်း (ပတ္တမြား-ပဲပုပ်ဆီစက်)တို့က ပဲပုပ်၏ အာဟာရကြွယ်ဝမှုနှင့် ပဲပိစပ်ဆီ၏ ကျန်းမာရေးအထောက်အကူပြုမှုတို့ကိုလည်းကောင်း၊ ထို့အပြင် ပဲပုပ်စိုက်တောင်သူများ အချင်းချင်း စားပွဲဝိုင်း ဆွေးနွေးမှုများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**စောမောင်(တောင်ကြီး)**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၅၆၉ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၇၀၀ ခန့်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၀၄ တန်တင်ပို့ ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၀၄ တန်လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်း ရော ရိဒ်ကုန်သွယ်ရေးစခန်းပါ ကွမ်းသီးတင်ပို့မှုကျဆင်းခဲ့တဲ့အတွက် ယခုလိုလျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၆၈ သန်းတန်ဖိုးရှိ ကွမ်းသီး ၇၇ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၁ သန်းတန်ဖိုးရှိကွမ်းသီး ၆၂၂တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တမူးနယ်စပ်မှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၆ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံနဲ့ စီးကရက်တို့ ကို ၁၅ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၈ သန်းတန်ဖိုးရှိစီးကရက်၊ စားသောက်ကုန်၊ မဝတ်တီရှပ်၊ စောင်၊ ကလေးဝမ်းဆက်တို့ကို ၉၄ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ဂန့်ဂေါမြို့နယ်နှင့် ထီးလင်းမြို့နယ်တို့တွင် ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးအတွက် တောင်သူများအား အသိပညာပေးဆွေးနွေးပွဲများကျင်းပ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ခရိုင်ဦးစီးမှူး ဦးသန်းဦးဦးဆောင်၍ ဂန့်ဂေါမြို့နယ်တာဝန်ခံဒေါ်စိုးယုဆွေ၊ ထီးလင်းမြို့နယ်တာဝန်ခံ ဒေါ်အိသဲအောင်တို့ ပါဝင်သော အဖွဲ့ဝင်သုံးဦးတို့သည် နိုဝင်ဘာ ၂၅ ရက်တွင် ထီးလင်းမြို့နယ်၊ ပုဏ္ဏားကျေးရွာတွင်လည်းကောင်း၊ ၂၆ ရက်တွင် ဂန့်ဂေါမြို့နယ် မကျီးခင်ကျေးရွာတွင်လည်းကောင်း ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးအတွက် တောင်သူများအား အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲများတွင် ခရိုင်ဦးစီးမှူးက တောင်သူများအား ယခုဖြစ်ပေါ်နေသော လတ်တလော ပဲဈေးကွက်အခြေအနေမှာ အိန္ဒိယမှ ပဲဝယ်ယူရေးမူဝါဒကန့်သတ်လိုက်သည့်အတွက် ပြည်တွင်း၌ ပဲလက်ကျန်များရှိနေကြောင်း၊ ယခုယောဒေသမှာတော့ မြေဆီလွှာ ပျက်စီးမှု များသောကြောင့် ပဲစင်းငုံကို အနည်းငယ်သာ စိုက်ပျိုးကြောင်း၊ မိမိဒေသရာသီဥတုနှင့် ကိုက်ညီသော ပြည်ပဈေးကွက်ဝင်သီးနှံများ များများစိုက်ပျိုးရန် လိုအပ်ကြောင်း၊ ယောဒေသမှာ စပါးကို အဓိက စိုက်ပျိုးသည့်အတွက် စိုက်ပျိုးသည့်စပါးကို မိမိတို့စားသုံးရန်ဖူလုံ၍ ပိုလျှံလျှင် ရောင်းချကြောင်း၊ စပါးစိုက်ပျိုးပြီးလျှင် ပဲမျိုးစုံ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုး ထုတ်လုပ်သူများသည် ဈေးကောင်းရသည့် သီးနှံများကို သိရှိပြီး စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် တစ်ကွင်းတစ်ပြင်လုံး စိုက်ပျိုးရန်လိုအပ်ကြောင်း၊ ယခုလက်ရှိတောင်သူများသည် မိမိတို့စိတ်ကူးရှိသည့်အတိုင်း သီးနှံများတစ်မျိုးစီ စိုက်ပျိုးနေကြကြောင်း ဥပမာ- စပါးဆိုရင် အမျိုးပေါင်းများစွာကို လယ်တစ်ကွင်းတွင် စိုက်ပျိုးနေကြ၍ ထွက်လာသည့်စပါးတွေမှာ မျိုးမှန်မရရှိဘဲ မျိုးရောနှောသည့် စပါးများထွက်နေကြကြောင်း၊ ထို့ကြောင့် စီးပွားဖြစ်ထွန်းပြီး မျိုးကောင်း မျိုးသန့်ရရှိရန်အတွက် လယ်တစ်ကွင်းလုံးမှာ မျိုးတစ်စုတည်း တောင်သူအချင်းချင်းညှိ၍ စိုက်ပျိုးပါက မျိုးကောင်းမျိုးသန့်များ ထွက်ရှိလာမှာဖြစ်ကြောင်း၊ သီးနှံများမှာမျိုးသန့်လျှင် ဈေးကောင်းရကြောင်း၊ မိမိတို့စိုက်ပျိုးရာတွင်လည်း ဒီမျိုး၊ ဒီမြေ၊ ဒီရာသီဥတုနှင့် ခဏခဏစိုက်လျှင် မျိုးယဉ်ပါးမှုဖြစ်သွားပြီး အထွက်နှုန်းနည်းကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်သွယ်မှုနှင့် ပတ်သက်၍ ယောဒေသက စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် ဈေးကောင်းရရန် လိုအပ်ကြောင်း၊ အဓိကကတော့ မိမိကြိုက်သည့် သီးနှံစိုက်ပျိုးခြင်းထက် ဝယ်ယူသူကြိုက်သော သီးနှံစိုက်ပျိုးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း ဓာတုဆေးကြွင်းနည်းရန် လိုအပ်ကြောင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေးများ သုံးရာတွင် နည်းစနစ် မှန်ကန်စွာ သုံးစွဲရန် လိုအပ်ကြောင်း၊ ကြွက်သွန်နီများကိုလည်း ပြည်ပမှ ပြန်လည်တင်သွင်းနေရသောကြောင့် ပိုမို စိုက်ပျိုးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရန် မျိုးလိုအပ်ပါက ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

**သူဇာကျော် (ပခုက္ကူ)**

# လပွတ္တာခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

လပွတ္တာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ရဲတပ်ဖွဲ့မှူးရုံးတွင် အရာရှိ အကြပ်တပ်သား၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နိုဝင်ဘာ ၂၇ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ပါသည်။

အဆိုပါ စားသုံးသူ အသိပညာပေးဟောပြောပွဲတွင် မြောင်းမြခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများအကြောင်းကို အသေးစိတ်ရှင်းလင်း ဟောပြောခဲ့ပါသည်။

ခရိုင်ဦးစီးမှူး ဦးတိုးလွင်က လပွတ္တာခရိုင် ရဲတပ်ဖွဲ့မှူးရုံးစာကြည့်တိုက်တွင် ထားရှိရန် တားမြစ်ထားသော အစားအသောက်၊ ကုန်ပစ္စည်းနှင့် ဆေးဝါးများ၊ စာအုပ်များအား ခရိုင်ရဲတပ်ဖွဲ့မှူးသို့ ပေးအပ်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲသို့ လပွတ္တာခရိုင်ရဲတပ်ဖွဲ့ဝင် ၃၀ ဦး၊ မိသားစုဝင် ၃၀ ဦး စုစုပေါင်း ၆၀ဦးတက်ရောက်ခဲ့ကြကြောင်းလည်းသိရှိရပါသည်။

အလားတူမြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင်လည်း နိုဝင်ဘာလ ၂၅ ရက်က ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များစုစုပေါင်း ၅၀ ဦးအား စားသုံးသူ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရပါသည်။

**တိုးလွင်(မြောင်းမြ)**

# မုံရွာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မုံရွာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ၄/၂၀၁၇ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မုံရွာခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၂၃ ရက်တွင် ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ စုစုပေါင်း ၁၁ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ဝါဝါနိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍မုံရွာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မုံရွာခရိုင်ဦးစီးမှူး ဒေါ်ရီလင်းထွဋ်က ယခင်တစ်ပတ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေ အနေများ တင်ပြခြင်း၊ မုံရွာခရိုင်အနေဖြင့် အောက်တိုဘာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် နိုဝင်ဘာလအတွင်းဆောင်ရွက်မှုအခြေအနေများ တင်ပြခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်မှ ၃၁ ရက်ထိ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိသဖြင့် ယခုအစည်းအဝေးတက်ရောက်လာသူများက အကြံပြုနိုင်ပါကြောင်း၊ ပြည်ပသို့ ကျွဲ၊ နွား၊ ဆိတ်များကို အရှင်တင်ပို့ခွင့်ပြုသည့် ကိစ္စနှင့်ပတ်သက်၍ မိမိတို့ဌာနအနေဖြင့် မိမိတို့နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရန် ဆိတ်မွေးမြူရေးအသင်းဖွဲ့စည်းနိုင်ရေး လိုအပ်ချက်များ ချိတ်ဆက်ကူညီ ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားထားပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက မုံရွာခရိုင်စာသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများလုံခြုံစိတ်ချမှုရှိစေရန် စားသုံးသူအကာအကွယ်ပေး ရေးလုပ်ငန်းများကို ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်း၍ အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ ဈေးများသို့ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အားလုံးဝိုင်းဝန်းပူးပေါင်း လုပ်ဆောင်ပေးကြမည် ဆိုလျှင် သက်တမ်းတိုနေသည့်လူ့ဘဝကို သက်တမ်းစေ့နေနိုင်မည်ဖြစ်ကြောင်း၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်ရေးအဖွဲ့အနေဖြင့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း များအကောင်းဆုံးဖြစ်အောင် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန် ဝိုင်းဝန်းကြိုးစားလုပ်ဆောင်ကြပါရန် ပြောကြားခဲ့ပါသည်။

**သန်းသန်းတင် (မုံရွာ)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကာလ်ဒီးနားဗင် (၂၀၀၃) | I | ၁၆၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၄၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | နွဲ့ချ် (၂၀၀၃) | K | ၃၁၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | စီအာဗီ (၂၀၁၂) | ယာယီ | ၆၀၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဖစ်/Shuttle (ရှပ်တဲလ်)(၂၀၁၃) | ယာယီ | ၂၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၆။ | မတ်(စ်)တူး (၂၀၀၃) | J | ၁၇၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဆူဇူကီး/အာတီဂါ (၂၀၁၇) | စတိ | ၂၇၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | အာလ်ဖတ် (၂၀၀၅) | N | ၆၅၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား | | ၁၂၅ သိန်း | ကားကောင်း |

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၁၁၅၀ စ/ပေ | ဟောလ် | ၁၄၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၂။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ ပေ | MB (၁)၊ BR (၂) | ၁၅၀၀ သိန်း | ဓာတ်လှေကားပါ အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၃။ | ကွန်ဒို | အလုံမြို့နယ်၊ ဇမ္ဗူဒီပ်ကွန်ဒို | ၃၀၀၀ စ/ပေ | MB (၁)၊ BR (၅) | ၄၅၀၀ သိန်း | ဓာတ်လှေကားပါ အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၄။ | ကွန်ဒို | အလုံမြို့နယ်၊ အောကစ်ကွန်ဒို | ၁၈၀၀ စ/ပေ | MB (၁)၊ BR (၂) | ၂၅၀၀ သိန်း | ဓာတ်လှေကားပါ အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၅။ | ကွန်ဒို | ဒဂုံမြို့နယ်၊ သမ္မတကွန်ဒို | ၁၈၀၀ စ/ပေ | MB (၁)၊ BR (၂)၊ RC (၂) ထပ် | ၂၅၀၀ သိန်း | ဓာတ်လှေကားပါ အသင့်နေ | ၀၉/၇၉၅၃၃၇၀၃၁ |
| ၆။ | လုံးချင်းအိမ် | မရမ်းကုန်းမြို့နယ်၊ (၉) မိုင် | ၄၂၀၀ စ/ပေ | MB (၃)၊ BR (၂) | ၂၅ သိန်း | ၁လအငှားနှုန်း | ၀၉/၇၉၅၃၃၇၀၃၁ |
| ၇။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗဆပလအိမ်ရာ | (၁၃.၅x ၄၅) ပေ | (ပ) ထပ်၊ သစ်သားခန်းဖွဲ့ | ၆၀၀ သိန်း | လမ်းမကြီးနီး | ၀၉/၇၉၅၃၃၇၀၃၁ |
| ၈။ | အဆင့်မြင့်တိုက်ခန်း | ရန်ကင်း၊ ရွှေအုန်းပင်အိမ်ရာ | ၁၂၀၀ စ/ပေ | MB (၁)၊ BR (၂) | ၁၂ သိန်း | ၁ လအငှားနှုန်း | ၀၉/၉၇၆၂၁၁၁၂၃ |
| ၉။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ သော်မဆင်ရိပ်သာ | ၇၅၀ စ/ပေ | (၅) လွှာ၊ MB (၁)၊ ပါကေးခင်း | ၄၅၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |

# ကရင်ပြည်နယ်အတွင်း သစ်သီးဝလံနှင့် ပန်းမန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေး

ကရင်ပြည်နယ်၊ ဘားအံမြို့ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် နိုဝင်ဘာလ ၂၃ ရက်က မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်စိုး၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူနှင့် ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များသည် ကရင်ပြည်နယ်အတွင်း သစ်သီးဝလံနှင့် ပန်းမန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးက ယခုလက်ရှိ UMFCCI ၏ အနေအထားနှင့် ဆောင်ရွက်နေမှုများ၊ ပြောင်းလဲနေမှုများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများအရ မိမိတို့ကုန်သည် အသင်းအဖွဲ့များအနေဖြင့် ခေတ်စနစ်နှင့်အညီ ပေါင်းစပ်လိုက်ပါဆောင်ရွက်ရန် လိုအပ်မှုများအား အသေးစိတ်ရှင်းလင်းဆွေးနွေးပါသည်။ ယင်းနောက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်နေမှု၊ စိုက်ပျိုးရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ပြည်ပပို့ကုန် တိုးတက်ရေးဆောင်ရွက်နေမှုများ၊ ထိုင်းနိုင်ငံမှ ဟင်းသီးဟင်းရွက်များ မြဝတီနယ်စပ်မှတစ်ဆင့် ဝင်ရောက်နေမှုများ၊ ဆောင်ရွက်သင့်သည်များ၊ ကရင်ပြည်နယ်အသင်း ဖွဲ့စည်းနိုင်ရေးဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးပါသည်။

ယင်းနောက် တက်ရောက်လာသူများက မိမိတို့ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်နိုင်မည့် သီးနှံများနှင့် ပြည်ပသို့ ပြန်လည်တင်ပို့နိုင်ရေး ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်နိုင်မည့် ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးရေး၊ နည်းပညာများ ပံ့ပိုးပေးရေးဆွေးနွေးကြပါသည်။ တင်ပြချက်များအပေါ် UMFCCI အထွေထွေအတွင်းရေးမှူးနှင့် သစ်သီးဝလံအသင်းအတွင်းရေးမှူးတို့က နည်းပညာနှင့် ဈေးကွက်ရရှိရေးချိတ်ဆက်ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ရင်းနှီးငွေရရှိရေး ကူညီပေးမည့်အစီအစဉ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**အေးအေးစိုး(ဘားအံ)**



## Pre & Post Harvest Management Training on Pomelo

## သင်တန်းအား မွန်ပြည်နယ်တွင် ကျင်းပ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကုန်စည်ဒိုင်ခန်းမတွင် Pre & Post Harvest Management Training on Pomelo သင်တန်းဖွင့်ပွဲအခမ်းအနားအား နိုဝင်ဘာလ ၂၈ ရက်တွင် ကျင်းပခဲ့ရာ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို GIZ ၏ အဓိကပံ့ပိုးမှုဖြင့် သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း(MFVP)၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ကူညီဆောင်ရွက်ပေးခဲ့ကြပြီး မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့မှ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ စိတ်ပါဝင်စားသူများ စုစုပေါင်း ၅၀ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါသင်တန်းတွင် ထိုင်းနိုင်ငံမှ စိုက်ပျိုးရေးပညာရှင် Dr. Vicha Sardsud က Food Safety, GAP ,Trichodema, Home Made Fertilizer , Pre &Post Harvest Management စသည့် သင်ခန်းစာများကို Power Point များဖြင့် ရှင်းလင်းသင်ကြားခဲ့ပြီး Trichodemar၊ မှိုမွေးမြူခြင်းကို လက်တွေ့ပြုလုပ်ခဲ့ကြသည်။ ယင်းသင်တန်းအား နိုဝင်ဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ သင်ကြားပို့ချခဲ့ကြောင်း သတင်း ရရှိပါသည်။

**မိငြိမ်းမြတ်ကျော်**

## အင်္ဂပူမြို့တွင် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ် ၈/၂၀၁၇ ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး၍ သမဝါယမအသင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှု နည်းပညာအကူအညီပေးရန် ရည်ရွယ်၍ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ် ၈/၂၀၁၇ ကို အင်္ဂပူမြို့နယ် သမဝါယမအသင်းစုရုံးတွင် နိုဝင်ဘာလ ၂၅ ရက်က ဖွင့်လှစ်ခဲ့ပါသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် အင်္ဂပူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင်လှိုင်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ဟသ်ာတခရိုင်ဦးစီးမှူး ဦးကြည်ဟန်က စားသုံးသူအကာအကွယ်ပေးရေးဆောင်ရွက်နေမှုများနှင့် ဓာတုဆိုးဆေးများအကြောင်း၊ သင်တန်း တက်ရောက်ခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ခွင့်ပြုဆိုးဆေးများ စနစ်တကျသုံးစွဲနိုင်ပြီး အန္တရာယ်ကင်း ထုတ်ကုန်များထုတ်လုပ်နိုင်မှာဖြစ်ကြောင်း ရှင်းလင်း ပြောကြားပါသည်။ အဆိုပါသင်တန်းတွင် ဒေသထွက်သီးနှံများဖြင့် ဖျော်ရည်ပြုလုပ်နည်း၊ ပေါင်မုန့်ဖုတ်နည်း၊ ယိုထိုးနည်းများကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာလ ၂ ရက်ထိဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ အင်္ဂပူမြို့နယ်မှ သင်တန်းသား သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရပါသည်။

**မောင်မောင်မြတ်ခိုင်**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း

### ၄-၁၂-၂၀၁၇ မှ ၁၀-၁၂-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ကိုင်ရာတွင် အား နည်းချက်၊ အားသာချက်ရှိတတ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်တို့နှင့်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိတတ်သည်။ စီးပွားရေးတွင် ဆီထွက်သီးနှံ၊ ကုန်မာ၊ ကြေးနီ၊ ဂုန်လျှော်၊ စက်ပစ္စည်းတို့နှင့် အကျိုးပေးလိမ့်မည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှုတိုးတက်လာမည်။ နှလုံးသားရေးရာမှာနွေးထွေးမှုရှိနေမည်။ အိမ်ထောင်ရှိပြီးသူများမှာ မေတ္တာရေးနှင့် သစ္စာတရားကိုခိုင်မာအောင် ကြိုးစားနေရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ်အတွင်း ကိုယ်ခံအားနည်းတတ်သည်။

**ယတြာ။ သာသနာပွဲ ငါးဖိးပွဲကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** ကိုယ့်ဘဝရှေ့ရေးကိုတွေးတောခြင်းဖြင့် လက်တွေ့လုပ်ငန်းနှင့်ပတ်သက်၍မိမိဆောင်ရွက်ချက်များကို မကျေနပ်သော အခြေအနေမျိုးရှိတတ်သည်။ ဥယျာဉ်ခြံထွက်ပစ္စည်းများနှင့် ဆန်စပါး၊ ပဲပြောင်း၊ နှမ်းတို့အကျိုးပေးကောင်းလာတတ်ပါသည်။ ဝန်ထမ်းဖြစ်ပါက ပေးအပ်သောတာဝန်ကိုကျေပွန်လိုသော်လည်း လုပ်နည်းလုပ်ဟန်စနစ်များ လွဲမှားတတ်သည်ကိုသတိပြုရလိမ့်မည်။ ပညာရေး၊ အချစ်ရေး၊ ကျန်းမာရေးသင့်တင့်ကောင်းမွန်မှုရှိနေမည့်ကာလဖြစ်ပါသည်။**ယတြာ။ ။ဇလွန်ပြည်တော်ပြန်ဓမ္မစက်ဂါထာအားရွတ်ဖတ်ပူဇော်ပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းဆက်ဆံရေးတိုးတက်ကောင်းမွန်နေတတ်သည်။ လက်တွေ့ကျသော ဆောင်ရွက်ချက်များကို နှစ်သက်နေတတ်မည်။ ဓာတ်သတ္တုပစ္စည်းများ ဘော်၊ ငွေ၊ လျှပ်စစ်ပစ္စည်းတို့နှင့် အကျိုးပေးကံကောင်းနေတတ်ပါသည်။ ပညာရေးတွင်ပုံမှန်ကြိုးစားမှုဖြင့် အောင်မြင်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ဘဝနှင့် ရင်းနှီးရမည့်ခံစားချက်ကို လွယ်ကူစွာ မဆုံးဖြတ်နိုင်ဖြစ်နေမည်။ ကျန်းမာရေးအနေဖြင့် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်စတွင်ကုသခြင်းများပြုလုပ်ပါက သက်သာပျောက်ကင်းလွယ်တတ်ပါသည်။

**ယတြာ။ ။ဆရာသမားများကို နှစ်သက်ရာမုန့်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ရည်ရွယ်ချက်နှင့် လက်တွေ့ဖြစ်ရပ်များ ကွာခြားမှု နည်းပါးတတ်သည်။ စက်ပစ္စည်းများနှင့် ရွှေလုပ်ငန်းအကျိုးအမြတ်များ ရရှိလာတတ်ပါသည်။ ပညာရေးအတွက် ကြိုးစားအားထုတ်မှုတိုးတက်လာမည်။ ကျန်းမာရေးလက်ရှိ အချိန်တွင်ရောဂါမရှိသော်လည်း အစားအသောက်အနေအထိုင် ချို့ယွင်းမှုကြောင့်ဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ဆန္ဒနှင့် သံသယကိုမေ့ပျောက်ပြီး အတွေးထဲတွင်ကြင်နာယုယပိုကာ လိုသည်ထက်ပို၍ သနားကြင်နာနေတတ်သည်။ **ယတြာ။ ။သံဃာတော်အား အအေးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ဆောင်နိုင်မှုထက်ပို၍လုပ်ဆောင်နေရတတ်သည်။ ရင်းနှီးမတည်ငွေ တောင့်တင်းခြင်း၊ အကျိုးတူဆောင်ရွက်လိုသူပေါ်ပေါက်ခြင်းတို့ ရှိလာလိမ့်မည်။ အထည်အလိပ်နှင့် ဘယဆေးပစ္စည်းများ အကျိုးပေးတတ်ပါသည်။ စီးပွားရေးလုပ်ငန်း ကျော်ကြားမှုများရှိလာတတ်သည်။ ပညာရေး ကောင်းနေမည်။ အချစ်ရေးတွင် ဆက်သွယ်ရသောသူများထဲမှ သဟဇာတ မဖြစ်သူပေါ်လာတတ်ပါသည်။ ကျန်းမာရေး လေ၊ အကြော၊ ဝမ်းတို့နှင့် ပတ်သက်သောဝေဒနာဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ။ဘုရားတွင်ရွှေထီးလှူပါ။**



**သောကြာသားသမီးများအတွက်** ဆောင်ရွက်ရသောလုပ်ငန်းများတွင်အောင်မြင်မှုရရှိမည်။ အကျိုးတူဖက်စပ်လုပ်သူများလည်းကမ်းလှမ်းလာတတ်သည်။ ဆန်စပါး၊ အစားအသောက်၊ ရွှေ ပုလဲတို့နှင့်အကျိုးပေးတတ်သည်။ ပညာရေးဉာဏ်ရည်မြင့်မားမှုအားကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် တူနှစ်ကိုယ်ဘဝညီမျှသောအတွေးခိုင်မြဲသောသစ္စာတို့ဖြင့် လျှောက်လှမ်းနိုင်ကြလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အပူအအေးလွန်ကဲစွာ ထိတွေ့မှုတို့ကြောင့် ရောဂါဝေဒနာများ သတိထားရလိမ့်မည်။

**ယတြာ။ ။မိဘအတွက် ဒါနပြုပေးပါ။**



**စနေသားသမီးများအတွက်** စိတ်ကူးအတွေးများကို လက်တွေ့ဘဝနှင့်ထင်ဟပ်မိစေရန် ဖန်တီးလာတတ်ပါသည်။ စီးပွားရေးတွင် ဆီ၊ ဆီထွက်သီးနှံများ၊ ကြေးနီ၊ ရွှေ စိန်တို့နှင့် ပတ်သက်သောပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်ခြင်းဖြင့် စီးပွားရေး တိုးတက်ဖြစ်ထွန်းမှု အားကောင်းတတ်ပါသည်။ ပညာရေး သင့်တင့်နေမည်။ အချစ်ရေးတွင် ဆန္ဒလွန်ကဲသောစိတ်သဘောဖြင့် မဆင်မခြင် ပြောဆိုမိနေတတ်သည်။ ကျန်းမာရေးအနေဖြင့် မျက်စိ၊ နား၊ နှာခေါင်းအသက်ရှူလမ်းကြောင်းနှင့် ပတ်သက်၍ ရောဂါဖြစ်တတ်သည်ကိုဂရုစိုက်ပါ။ **ယတြာ။ မွေးနေ့တွင်သစ်သီးလှူပါ။**

## ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ကရင်ပြည်နယ်မြို့တော် ဘားအံတွင် ကျင်းပ




မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်း၍ ကရင်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား အလားအလာ ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို နိုဝင်ဘာလ ၂၄ ရက်တွင် ဘားအံမြို့ သီရိဘားအံဟိုတယ်တွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာနများနှင့် စီးပွားရေးလုပ်ငန်းများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပါသည်။ ယင်းနောက် ဆွေးနွေးပွဲ အစီအစဉ်များကို သီရိဘားအံဟိုတယ် မင်္ဂလာဖားစည်ခန်းမတွင် ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစောဟန်အေး၊ JICA မြန်မာရုံးမှ တာဝန်ခံ Mr. Masayakikasawa နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးတို့က အဖွင့်အမှာစကား ပြောကြားကြပါသည်။ ယင်းနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံ နိုင်မည့်ကဏ္ဍများအလိုက် အခွင့်အလမ်းများ၊ ရရှိနိုင်မည့် အကျိုးရလဒ်များကိုရှင်းလင်းတင်ပြကြပါသည်။ ယင်းနောက် "InvestinAttractiveKayin State" ခေါင်းစဉ်ဖြင့် Hamisaltab ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးသုတအောင်က ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအား ဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။ **အေးအေးစိုး (ဘားအံ)**

## နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အေလာဈေးနှင့် ဇေယျာသီရိမြို့နယ် ရေဆင်းဈေးတို့တွင် ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၄ ရက်တွင် ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်း ဦးဆောင်ပြီး သက်ဆိုင်ရာ မြို့နယ်များမှ ဌာနဆိုင်ရာများ ပူးပေါင်း၍ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်အတွင်းရှိ အေလာဈေးအား ကွင်းဆင်း စစ်ဆေးမှုများပြုလုပ်ခဲ့ရာ သက်တမ်းလွန် မုန့်ထုပ်များ၊ သက်တမ်းလွန်ဆေးဝါးများ တွေ့ရှိခဲ့ရသဖြင့် ဌာနဆိုင်ရာ အဖွဲ့များရှေ့တွင် သိမ်းဆည်းပြီး မြေမြှုပ်ဖျက်ဆီးခဲ့ပါသည်။

ထို့ပြင် နိုဝင်ဘာလ ၂၃ ရက်တွင် ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဈေးအား သက်ဆိုင်ရာမြို့နယ်မှ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ သက်တမ်းလွန်မုန့်များ၊ သက်တမ်းလွန်ဆေးဝါးများ၊ ကျင်းထုံခြင်ဆေးခွေများ၊ မည်သည့် ထောက်ခံချက်မှမပါရှိသော ကြက်အူချောင်းများကို ဌာနဆိုင်ရာအဖွဲ့များ ရှေ့တွင်သိမ်းဆည်းပြီး မြေမြှုပ်ဖျက်ဆီးခဲ့ပါသည်။ ထို့နောက် ရောင်းချသောဆိုင်ရှင်များကို နောင်တွင်ရောင်းချခြင်းမပြုရန်နှင့် တွေ့ရှိပါက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ အရေးယူခံရမည်ကိုသိရှိကြောင်း ဝန်ခံကတိလက်မှတ်များ ရေးထိုးစေခဲ့ကြောင်း သိရှိရပါသည်။ **မြင့်နိုင် (နေပြည်တော်)**

## ပြည်မိုးစပါးသစ်များ အရောင်းပြန်အေးလို့ ဈေးကျလျက်ရှိ



ပြည်ဈေးကွက်တွင် ယခင်တစ်ပတ်က ဆန်စပါးအရောင်းအဝယ်သွက်လျက်ရှိရာမှ ယခုတစ်ပတ်မှာတော့ ဆန်ဈေးရော စပါးဈေးပါ ကျဆင်းလာတာ တွေ့ရပါတယ်။ ဈေးနှုန်းများ ယခုလို ကျဆင်းသွားရခြင်းမှာ စပါးများ ရောင်းချရာတွင် အစိုဓာတ်ခံများရှိနေချိန်တွင် ရောင်းချခြင်း၊ ဝယ်ယူထားသော အစိုဓာတ်များနေသည့် စပါးများအား စက်ပေါ်သို့တန်းတင်ပြီး ဆန်ကြိတ်ခွဲတာကြောင့် ဈေးကွက်တင်ပို့ရောင်းချရာမှာ ဆန်အရည်အသွေးများ မကောင်းခြင်း၊ အရောင်အသွေးမှာလည်း အဝါဖောက်များခြင်းတို့ကြောင့် ဈေးကွက်တွင် ဆန်ဝယ်ယူမှုအေးသွားပြီး စပါးဈေးကျလာခြင်းဖြစ်တယ်လို့ ဆန်စပါးရောင်းဝယ်ရေးနှင့် ဆန်စက်ပိုင်ရှင်များက ပြောကြားခဲ့ပါတယ်။ ပြည်ဈေးကွက်မှာတော့ ယခင်မိုးဟောင်းဆန်များသာ ရောင်းချနေသေးတာကြောင့် ယခုမိုးသစ်ဆန်များ ဈေးကွက်သို့ ဝင်ရောက်မှုမရှိသေးတာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း ဧည့်မထစပါးအုပ်စုတွင် ဆင်းသွယ်လတ်၊ မော်ဘီစပါးတင်း (၁၀၀) ၄၆ ပေါင်ကိုက်ဈေး ကျပ်၄၉၆၀၀၀၊ ရတနာတိုးကျပ်၄၈၇၀၀၀၊ ကရင်မ စပါးကျပ် ၄၇၈၀၀၀ ဈေးတို့ဖြစ်ကြောင်း သိရပါတယ်။ ဆန်စက်များ၏ ဆန်တစ်အိတ် (၁၀၈) ပေါင် ပေါက်ဈေးတွေကတော့ မော်ဘီ၊ ဆင်းသွယ်လတ် ကျပ် ၂၂၀၀၀၊ ကရင်မ၊ ရတနာ တိုးကျပ် ၂၁၀၀၀ တို့ဖြင့် ရောင်းဝယ်ကြောင်းလည်း သိရပါတယ်။ အချို့စပါးရောင်းဝယ်ရေးသမားများကတော့ စပါးများကို စနစ်တကျ အခြောက်ခံပြီး ဆန်အရည်အသွေးကောင်းအောင် ပြုလုပ်၍ နာမည်အပျက်မခံဘဲ မန္တလေးမှ တရုတ်ပြည်ထိ ၂ ရက်ခြား အိတ် ၈၀၀ မှ ၁၀၀၀ အထိ တင်ပို့နေကြောင်းလည်း သိရပါတယ်။ **နီနီဝင်း**

# ဘောလုံးအားကစားပြိုင်ပွဲများတွင် လူငယ်များပိုမိုပါဝင်နိုင်ရေးအတွက် မြန်မာနေရှင်နယ်လိဂ်(MNL)နှင့် MPT တို့ ပူးပေါင်းဆောင်ရွက်

ဘောလုံး အားကစားပြိုင်ပွဲများတွင် မြန်မာလူငယ်များ ပိုမိုပါဝင်နိုင်ရန်အတွက် မြန်မာနေရှင်နယ်လိဂ်နှင့် MPTတို့ မဟာဗျူဟာ စီမံကိန်းမိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်သည့် အခမ်းအနားကို ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်တွင် နိုဝင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

ယင်းကဲ့သို့ ပူးပေါင်းရခြင်းမှာ နိုင်ငံ၏ အားကစားကို ရေရှည်အောင်မြင် တိုးတက်စေရေး အားပေးကူညီထောက်ပံ့ရန်၊ ဘောလုံးအားကစားမှ တစ်ဆင့် ထူးချွန်သည့်လူငယ်များပေါ်ထွက်လာစေရန်နှင့်မြန်မာနိုင်ငံရှိကလေးငယ်များနှင့် လူငယ်များကြားတွင် ကျန်းမာသောလူနေမှုဘဝပုံစံ ပေါ်ပေါက်စေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

“တကယ်ဆို ပူးပေါင်းဆောင်ရွက်မှုက သုံးနှစ်နဲ့မလုံလောက်ပါဘူး။ ဒါပေမဲ့ အစအနေနဲ့ လုပ်ဆောင်ခြင်းဖြစ်ပြီး ကလေးတွေကိုလည်း အားကစားမှာ ပိုမိုထူးချွန်အောင် လုပ်ဆောင်ရမှာပါ။ အဲဒီလို လုပ်ဆောင်တဲ့နေရာမှာ ဂိမ်းဆော့တာမျိုး၊ အင်တာနက်သုံးတာမျိုး လျှော့ကျအောင် မိဘတွေသာမကဘဲ ပတ်ဝန်းကျင်ကပါ ဝိုင်းဝန်းလုပ်ဆောင်ရမှာပါ။ ဒီလိုမျိုးပူးပေါင်းခြင်းကတစ်ဆင့် မျိုးဆက်သစ်လူငယ်တွေကို မြေတောင်မြှောက်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောသည်။

မိတ်ဖက်အဖြစ်လက်တွဲရာတွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ သုံးနှစ်ကြာပူးပေါင်းရန် ရည်ရွယ်ထားပြီး ၆ နှစ်အရွယ်ကလေးများမှစတင်၍ ဘောလုံးလေ့ကျင့်ခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ပူးပေါင်းမှုကာလ၏ ပထမတစ်နှစ်အတွက် ထောက်ပံ့ငွေ ၁ ဒသမ ၅ သန်း ခန့်မှန်းထားပြီး ကျန်သည့်နှစ်များအတွက်ကိုမူ လက်တွဲဆောင်ရွက်မှု၏ အခြေအနေပေါ်မူတည်၍ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MNL အနေဖြင့် MPT ၏ ပံ့ပိုးမှုဖြင့် အသက် ၆ နှစ်မှ ၁၂ နှစ်အထိ Grassroots Level ကလေးများအပြင် ယူ ၁၄ နှင့် တက္ကသိုလ်အဆင့် ပြိုင်ပွဲများကိုလည်း လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ ထို့အပြင် Professional အားကစားသမား တစ်ယောက်ဖြစ်စေရန် လမ်းကြောင်းအမှန်ပေါ်ရောက်အောင် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# Nestle Bear Brand မှ Enriched Malted Milk ထုတ်ကုန်သစ်ကို စတင်မိတ်ဆက်

Nestle Bear Brand မှ Enriched Malted Milk ထုတ်ကုန်သစ် ကို နိုဝင်ဘာလ ၂၇ ရက်တွင် စတင်မိတ်ဆက်ခဲ့သည်။

အဆိုပါထုတ်ကုန်သစ်မိတ်ဆက်ရခြင်းမှာ မြန်မာနိုင်ငံရှိလူအများစု လိုအပ်နေသည့် သံဓာတ်ချို့တဲ့ခြင်းမှ ကာကွယ်နိုင်စေရန်အတွက် တစ်နေ့တာ လိုအပ်နေသောသံဓာတ်၏ သုံးပုံတစ်ပုံ ပါဝင်သည့် Enriched Malted Milk ကိုမိတ်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။



“မြန်မာလူမျိုးတွေရဲ့ နေ့စဉ်စားသုံးမှုတွေထဲမှာ သံဓာတ်ကြွယ်ဝတဲ့အစားအစာပါဝင်မှုနည်းတာကို တွေ့ရပါတယ်။ နောက်ပြီး သံဓာတ်လုံလောက်တဲ့ အစာအာဟာရကိုစားသုံးခြင်းလည်း မတွေ့ရပါဘူး။ အဲဒါကြောင့် မြန်မာမိသားစုတွေအနေနဲ့ ကြံ့ခိုင်ထက်မြက်တဲ့ မိသားစုတစ်စုတည်ဆောက်နိုင်ဖို့ ဒီထုတ်ကုန်ကို မိတ်ဆက်ရတာပါ။ နောက်ပြီး လိုအပ်ချက်တွေကို သိရှိနားလည်ဖို့ ကာလကြာရှည် အသိပညာပေးမယ့် သံဓာတ်သတိပေးချက်အစီအစဉ်ကိုလည်း အောက်တိုဘာလကတည်းက စတင်ဆောင်ရွက်နေပါပြီ”ဟု Nestle Myanmar ၏ Managing Director Mr.Hayri Devrim Cobek က ပြောသည်။

Nestle Myanmar အနေဖြင့် သံဓာတ်ချို့တဲ့မှုအကြောင်းကို လူအများသိရှိစေရန် ပရဟိတလှုပ်ရှားမှုအစီအစဉ်တစ်ခုကို #strongfamily အမည်နှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်ကို https://web.facebook.com/nestlebearbrandmyanmar/ Facebook စာမျက်နှာမှ တစ်ဆင့် ပြည် သူလူထုမှ ပရဟိတအနေဖြင့် ပါဝင်နိုင်ပြီး ပါဝင်ကြသော လူထုအရေအတွက်အတိုင်း Nestle Bear Brand Enriched Malted Milk ကုန်ပစ္စည်းများကို လိုအပ်နေသောနေရာများတွင် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပရဟိတအစီအစဉ်ကို နိုဝင်ဘာလ ၂၇ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ လုပ်ဆောင်သွားမည်ဖြစ်ပြီး လက်မောင်းကွေး ပုံသင်္ကေတဖြင့် ဓာတ်ပုံရိုက်ကာ Facebook စာမျက်နှာပေါ်တင်ခြင်း သို့မဟုတ် Nestle Bear Brand Facebook စာမျက်နှာ၏ Comment Box တွင် Comment ပေးခြင်းဖြင့် ပရဟိတလှုပ်ရှားမှုထောက်ခံမှုအားပြသနိုင်ကြောင်း သိရသည်။

ထို့အပြင် roadshow အစီအစဉ်များနှင့်အတူ မုယောနို့ရည်နမူနာတိုက်ကျွေးခြင်းနှင့် သံဓာတ်ချို့တဲ့မှု ရှိမရှိ အခမဲ့စစ်ဆေးပေးမည့် အစီအစဉ်များ လုပ်ဆောင်ရန်ရှိကြောင်း သိရသည်။

■

# Hayman Capital အသေးစားချေးငွေလုပ်ငန်းက Maybank ထံမှ ချေးငွေထပ်မံရယူ

Hayman Capital အသေးစားချေးငွေလုပ်ငန်းအနေဖြင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ချေးငွေပိုမိုပေးနိုင်ရန် မလေးရှားအခြေစိုက် Maybank (ရန်ကုန်ဘဏ်ခွဲ)ထံမှ ချေးငွေထပ်မံရယူထားကြောင်း သိရသည်။

အဆိုပါချေးငွေဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ၊ စွန့်ဦးတီထွင်လုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ်ငန်းလုပ်ကိုင်နေသူ ၃၅၀၀ ခန့်အား စီးပွားရေးလည်ပတ်နိုင်စေရန်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံရဲ့ ဘဏ်ဝန်ဆောင်မှုကို မရနိုင်သေးတဲ့ ကျေးလက်ဒေသတွေမှာ ငွေကြေးဆိုင်ရာဝန်ဆောင်မှုတွေ တိုးချဲ့ဖို့အတွက် အကူအညီပေးတဲ့ Maybank ကနေ ပထမအကြိမ်ရယူတဲ့ ဘဏ်ချေးငွေမှာလည်း ထောင်ပေါင်းများစွာသော စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ အကျိုးဖြစ်ထွန်းစေခဲ့ပါတယ်။ အခုရယူတဲ့ ဒုတိယချေးငွေမှာလည်း အလားတူပဲ အကျိုးဖြစ်ထွန်းစေမှာပါ”ဟု Hayman Capital မှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Sultan Marenov က ပြောသည်။

ပထမအကြိမ် ချေးငွေအဖြစ် အမေရိကန်ဒေါ်လာတစ်သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေကို ပြီးခဲ့သည့် မေလအတွင်းက ရယူခဲ့ပြီး ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးရှိ ငွေချေးဖောက်သည်ပေါင်း ငါးထောင်ကျော်ကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

Hayman Capital အသေးစားငွေချေးလုပ်ငန်းသည် စင်ကာပူအခြေစိုက် Hayman Capital Pte.,Ltd မှ ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပြီး ပြည်တွင်း၌ ၂၀၁၅ ခုနှစ်မှစတင်ကာ ချေးငွေစတင် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ လာမည့်နှစ်များမှစတင်ကာ မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့်နေရာများတွင် ရုံးခွဲများ ဖွင့်လှစ်သွားရန်ရှိပြီး ဘဏ်ဝန်ဆောင်မှုမရနိုင်သေးသည့် ဒေသများအထိ အွန်လိုင်းဖြင့်ငွေချေးမှု ပုံစံအသစ်ကိုလည်း မိတ်ဆက်သွားရန်ရှိကြောင်း သိရသည်။

# Visa Card ကိုင်ဆောင်သူများ အနေဖြင့် Green Golf Mobil App အသုံးပြု၍ ဂေါက်ကွင်းကြိုတင်မှာယူနိုင်မည်

Visa Card ကိုင်ဆောင်သူများအနေဖြင့် Green Golf Mobile App အသုံးပြု၍ ဂေါက်ကွင်းကြိုတင်မှာယူမှုများ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်ကို မိုဘိုင်းအက်ပလီကေးရှင်း မိတ်ဆက်သည့်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ပြည်တွင်းရှိ Visa ကတ်အသုံးပြုသူ ဂေါက်သီးရိုက်အားကစားသမားများနှင့် နိုင်ငံအတွင်းလာရောက်လည်ပတ်သူများအတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဂေါက်သီးရိုက် အားကစားသမားများအနေဖြင့် ရန်ကုန်မြို့တွင်း (ရန်ကုန်မြို့တော်ဂေါက်ကွင်း၊ ဥက္ကလာဂေါက်ကွင်း၊ ပန်းလှိုင်ဂေါက်ကလပ်၊ မင်္ဂလာဒုံဂေါက်ကလပ်နှင့် ရန်ကုန်ဂေါက်ကလပ်) ရှိ ဂေါက်ကွင်းတစ်ခုကို ရွေးချယ်ကာ ဂေါက်ကလပ်၏ ကြိုတင်မှာယူရေးစနစ်ဖြင့်ချိတ်ဆက်၍ ကစားလိုသည့်အချိန်နှင့် ကစားသမားဦးရေကိုထည့်သွင်းမှာယူကာ ဗီဇာကတ်ဖြင့်ငွေပေးချေနိုင်မည်ဖြစ်သည်။

အဆိုပါ အက်ပလီကေးရှင်းကို အသုံးပြု၍ ကွင်းကြိုတင်မှာယူမှုများအတွက် Green Fees ၅၀ ရာခိုင်နှုန်းအထိ သက်သာနိုင်မည်ဖြစ်ကြောင်း၊ Visa Card အသုံးပြု၍ ရရှိမည့်အထူးခံစားခွင့်များကို ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများအပါအဝင် အရှေ့တောင်အာရှခုနစ်နိုင်ငံရှိ ဂေါက်ကွင်းပေါင်း ၆၀ တွင်လည်း ရယူနိုင်ကြောင်း သိရသည်။

ချောစု စုစည်းတင်ပြသည်

## AGD Pay Application အသုံးပြုသူများအတွက် ပထမဆုံး အကြိမ်အဖြစ် ကံစမ်းမဲအစီအစဉ်များပြုလုပ်

AGD Pay Application အသုံးပြုသူများအတွက် ပထမဆုံးအကြိမ် ကံစမ်းမဲအစီအစဉ်ကို AGD ဘဏ်မှ ပြုလုပ်ပေးခဲ့ကြောင်း သိရ သည်။

AGD Pay ကံစမ်းမဲအစီအစဉ်များကို ယခုနှစ် ဧပြီလမှစတင်ကာ ပြုလုပ်ပေးခြင်းဖြစ်ပြီး ဇန်ကောက်ခရီးစဉ်ကို စက်တင်ဘာလတွင် ရွေးချယ်ပေးခဲ့ကာ iPhone ကံစမ်းမဲကို နိုဝင်ဘာလတွင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“AGD ဘဏ်အနေနဲ့ ကိုယ့်ဘဏ်က Customer တွေ ငွေလွှဲပြောင်းမှု လုပ်တာတွေ၊ အွန်လိုင်းအရောင်းအဝယ်ပြုလုပ်တာတွေမှာ ပိုမိုအဆင်ပြေစေလိုတဲ့ ရည်ရွယ်ချက်နဲ့ အက်ပလီကေးရှင်းဝန်ဆောင်မှုကို ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းကစပြီး အကောင်အထည်ဖော်ခဲ့ပါတယ်။ ကံစမ်းမဲအစီအစဉ်ကိုလည်း သုံးစွဲသူတွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ရော အက်ပလီကေးရှင်းသုံးပြီး ငွေလွှဲပြောင်းမှုတွေ တိုးတက်လာစေဖို့အတွက်ပါ ရည်ရွယ်ပြီး အကောင်အထည် ဖော်ခဲ့တာပါ”ဟု AGD ဘဏ်မှ Head of Digital Banking ဖြစ်သူ ဦးမျိုးဝင်းသန်းက ပြောသည်။

အဆိုပါ ကံစမ်းမဲအစီအစဉ်မှာ ပထမဆုံးအကြိမ်ဖြစ်ပြီး နောက်ပိုင်းတွင်လည်း ထပ်မံပြုလုပ်သွားရန်ရှိကြောင်း၊ သုံးစွဲသူများသိရှိရန်အတွက် ကြိုတင် ကြော်ငြာမှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

AGD Pay ၏ ဇန်ကောက်ခရီးစဉ်တွင် သရုပ်ဆောင်မင်းသမီး မယ်လိုဒီ၏ အမျိုးသားဖြစ်သူ ကိုသာကောင်းမှ ကံထူးရှင်ဖြစ်ခဲ့ပြီး မုံရွာ၊ ထားဝယ်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့မှလည်း ကံထူးရှင်များ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

# ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ နိုင်ငံတကာဆိုင်ရာ ချည်မျှင်နှင့် အထည်ချုပ်ဆိုင်ရာ စက်မှုလက်မှုပြပွဲ ပြုလုပ်မည်

ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ နိုင်ငံတကာဆိုင်ရာ ချည်မျှင်နှင့် အထည်ချုပ်ဆိုင်ရာစက်မှုလက်မှုပြပွဲ အခမ်းအနား (MTG2017) ကို ဒီဇင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ စက်ပစ္စည်းအမျိုးအစား ပေါင်း ၁၄၀ ကျော်ကိုပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အထည်အလိပ်ဆိုင်ရာ ကဏ္ဍတွင် နောက်ဆုံးပေါ် နည်းပညာသုံး အထည်အလိပ်ဆိုင်ရာ စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ချည်မျှင်ပြုလုပ်သော စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ရက်ကန်းစင်များ၊ ချည်ခင်ပြုလုပ်သည့် စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ ရက်ကန်းယက်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ အရောင်ချွတ်ခြင်းနှင့် လျှော်ဖွတ်ခြင်းဆိုင်ရာ စက်ပစ္စည်းများ၊ အရောင်ဆိုးဆေးနှင့်ပတ်သက်သော ဓာတုပစ္စည်းများ၊ ရေနွေးငွေ့သုံး စက်ပစ္စည်းများ၊ အထည်ချုပ်လုပ်သည့်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ပန်းထိုးစက်များ၊ ဖြတ်စက်များ၊ အရန်ကူစက်များ၊ စမ်းသပ်ကိရိယာနှင့် ထိန်းချုပ်ကိရိယာများ၊ လေမှုတ်ကိရိယာများ၊ အခြောက်ခံစက်များ၊ ဆေးပန်းရိုက်စက်များကိုပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဝတ်အထည်ဆိုင်ရာ ကဏ္ဍတွင် နိုင်ငံတကာအဆင့်မီ အဝတ်အစားပိုင်းဆိုင်ရာစက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ အဝတ်ဖြတ်စက်နှင့် ဖြန့်စက်များ၊ ဓား၊ ကတ်ကြေး၊ ကြိတ်စက်များ၊ အဝတ်အထည်သုံး အသုံးအဆောင်ပစ္စည်းများ၊ မီးပူနှင့် ရေနွေးငွေ့သုံး မီးပူတိုက်စက်များ၊ အပ်ချုပ်စက်နှင့် အခြားအပိုပစ္စည်းများ၊ လျှော်ဖွတ်ခြင်းဆိုင်ရာပစ္စည်းများနှင့် အပိုပစ္စည်းများ၊ သန့်စင်အခြောက်ခံစက်များကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလိုပြပွဲတွေက ပြည်တွင်းမှာရှိတဲ့ အထည်အလိပ်လုပ်ငန်းရှင်တွေအတွက် အမြင်သစ်၊ အတွေ့အကြုံသစ်တွေ ရနိုင်ပါတယ်။ နောက်ပြီးတော့ နိုင်ငံတကာမှာရှိတဲ့ စီးပွားဖက်တွေကိုလည်းရရှိစေနိုင်ပါတယ်" ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ တွဲဖက်အထွေထွေ အတွင်းရေးမှူးချုပ် ဦးမျိုးသန့်က ပြောသည်။

မြန်မာ့နိုင်ငံတကာဆိုင်ရာ ချည်မျှင်နှင့် အထည်ချုပ်ဆိုင်ရာ စက်မှုလက်မှုပြပွဲကို မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။

## ယူနိုက်တက်အမရာဘဏ်မှ CCRManager အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်

ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများကို ပိုမိုပေးနိုင်စေရေးအတွက် ယူနိုက်တက်အမရဘဏ် (UAB)onf Capital and Credit Risk Manager အဖွဲ့ဝင်ဘဏ်အဖြစ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ရှိUAB ဘဏ်ရုံးချုပ်တွင် ပြုလုပ်ခဲ့သည်။

"ယူနိုက်တက်အမရာဘဏ်အနေနဲ့ Asia Development Bank နဲ့ Trade Finance Program ကို ပြီးခဲ့တဲ့ နှစ်က လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကျွန်တော်တို့ဘဏ်ရဲ့ ဖောက်သည်တွေအနေနဲ့ နိုင်ငံတကာက ဈေးကွက်တွေဆီကို ချိတ်ဆက်နိုင်ဖို့ ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ တည်ဆောက်ပေးနေပါတယ်။ ခေတ်မီတဲ့ဒစ်ဂျစ်တယ် နည်းပညာတွေကို ကျင့်သုံးခြင်းဟာ လုပ်ငန်းပိုင်းကို ပိုမိုလျင်မြန်စေသလို ယူနိုက်တက်အမရာဘဏ်ရဲ့ဖောက်သည်တွေကိုလည်း ပိုမိုကောင်းမွန်တဲ့ဝန်ဆောင်မှုတွေကို ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် CCRManager နဲ့အတူ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမှာပါ" ဟု ယူနိုက်တက်အမရာဘဏ် Trade Services and Financial Institution ဌာန ဒါရိုက်တာ Mr. Mahesh Bhandari က ပြောကြားသည်။

CCRManager သည် စင်ကာပူနိုင်ငံ Monetary Authority of Singapore (MAS) ၏ ထောက်ခံမှု ရရှိထားပြီး နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်း ၁၃ ခု ပူးပေါင်းထားကြောင်း သိရသည်။

"CCRManager အဖွဲ့အစည်းနဲ့ ချိတ်ဆက်လုပ်ကိုင်ခြင်းအားဖြင့် ဘဏ်တွေအနေနဲ့ ၎င်းတို့ရဲ့ မတည်ရင်းနှီးငွေ၊ ချေးငွေနဲ့ ငွေဖြစ်လွယ်ရန်လိုအပ်မှုများကို လွယ်ကူလျင်မြန်စွာ စီမံခန့်ခွဲနိုင်မှာဖြစ်ပါတယ်။ ဘဏ်တွေရဲ့လုပ်ငန်းဆောင်ရွက်မှု ပိုမိုတွင်ကျယ်လာမှာဖြစ်လို့ SME လုပ်ငန်းတွေအတွက် အမှန်တကယ်အကျိုးရှိစေတယ်၊ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း တိုးတက်လာစေမှာဖြစ်လို့ နိုင်ငံစီးပွားရေးတိုးတက်မှုကိုပါ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်" ဟု CCRManager ၏ Chief Operating Officer ဖြစ်သူ Mr.George Lee က ပြောသည်။

ယူနိုက်တက်အမရာဘဏ်ကို ၂၀၁၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဘဏ်ခွဲပေါင်း ၇၆ ခုအထိ ဖွင့်လှစ်ထားနိုင်ခဲ့ကာ စက်တင်ဘာလအတွင်းက Asia Development Bank က ချီးမြှင့်သည့် "Leading Partner Bank in Myanmar" ဆုကို ရရှိခဲ့သည်။

## စတုတ္ထအကြိမ်မြောက် CommuniCast Myanmar 2017 ပြပွဲ ရန်ကုန်မြို့၌ ပြုလုပ်ခဲ့

စတုတ္ထအကြိမ်မြောက် CommuniCast Myanmar 2017 နည်းပညာဆိုင်ရာ ပြပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်မက်စ်၌ ပြုလုပ်ခဲ့သည်။




အဆိုပါပြပွဲနှင့်အတူ International Myanmar ICT Exhibition 2017 ကိုပါ ပူးတွဲကျင်းပခဲ့ပြီး ယခုနှစ်အတွက် "Driving Myanmar`s Digital Future" ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် အိန္ဒိယ၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့၏ မိုဘိုင်းလ်၊ ဂြိုလ်တုနှင့် တယ်လီဖုန်းဆယ်သွယ်ရေးကဏ္ဍများမှ နိုင်ငံတကာပြခန်းတွဲ ၃ခုအပါအဝင် ကုမ္ပဏီ ၇၄ ခု၏ ပြခန်းများကို ပါဝင်ပြသပေးခဲ့ကြောင်း သိရသည်။

"တယ်လီဖုန်းဆက်သွယ်ရေးနဲ့ အိုင်စီတီလုပ်ငန်းတွေဟာ လျင်လျင်မြန်မြန်နဲ့ ဖွံ့ဖြိုးတိုးတက်နေပါတယ်။ ဒီပြပွဲဟာ မြန်မာနိုင်ငံအတွက် အရေးကြီးဆုံး ဦးဆောင် အိုင်စီတီအခမ်းအနားဖြစ်လာမှာပါ။ နိုင်ငံတကာကုမ္ပဏီတွေက ပြည်တွင်းအိုင်စီတီကုမ္ပဏီတွေဖွံ့ဖြိုးတိုးတက်လာအောင် အကူအညီပေးစေနိုင်ဖို့ ဒီပြပွဲမှာ ပြည်တွင်းပြည်ပက အကောင်းဆုံးကုမ္ပဏီတွေ ပါဝင်ပြသမှာ ဖြစ်ပါတယ်။ အိုင်စီတီဟာ နိုင်ငံ့စီးပွားရေးအတွက် အလွန်အရေးပါတဲ့ အခန်းကဏ္ဍမှာရှိနေလို့ ကဏ္ဍအားလုံးအတွက် အခွင့်အလမ်းတွေကို ဖန်တီးပေးနေပါတယ်" ဟု မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးက ပြောကြားသည်။

**သန်းထိုက်အောင် စုစည်းတင်ပြသည်။**

## ပလတ်စတစ်၊ ရော်ဘာ၊ ပုံနှိပ်ခြင်းနှင့် ကုန်ထုပ်ပိုးမှုဆိုင်ရာ စက်မှုပြပွဲကို ရန်ကုန်မြို့၌ ဒီဇင်ဘာလတွင်ပြုလုပ်မည်

ဆဋ္ဌမအကြိမ်မြောက် မြန်မာ့နိုင်ငံတကာဆိုင်ရာ ပလတ်စတစ်၊ရော်ဘာ၊ ပုံနှိပ်ခြင်း၊ ကုန်ထုပ်ပိုးမှုဆိုင်ရာ စက်မှုပြပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲနှင့်အတူ စိုက်ပျိုးရေး နည်းပညာနှင့် စားသောက်ကုန်ဆိုင်ရာ စက်ပစ္စည်းပြပွဲကိုလည်း ပူးတွဲပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၁၀ နိုင်ငံရှိစက်ပစ္စည်းအမျိုးအစားပေါင်း ၂၈၀ ကျော်ကိုပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပလတ်စတစ်၊ ရော်ဘာကဏ္ဍတွင် ဓါတုဗေဒပစ္စည်းများနှင့် ကုန်ကြမ်းများ၊ ကွန်ပေါင်းကုတ်တင်၊ ညှစ်စက်၊ အပူ ထိန်းညှိစက်၊ ရေဖိအားသုံးနှင့် လေဖိအားသုံး စက်ပစ္စည်းများ၊ ထိုးသွင်းစက်နှင့် ဖောင်းရစ်စက်၊ မိုများ၊ ရော်ဘာဆိုင်ရာ ပစ္စည်းများထုတ်လုပ်ခြင်း၊ ကုန်ကြမ်းများပြန်လည်သန့်စင်စက်တို့ကို ပြသသွားမည်ဖြစ်ကြောင်း၊ ပုံနှိပ်ခြင်းကဏ္ဍတွင် အလှဆင်ပုံနှိပ်စက်၊ အမှတ်တံဆိပ်ထုတ်လုပ်ခြင်းဆိုင်ရာစက်များ စသည့် စက်ပစ္စည်းများ၊ ကုန်ထုပ်ပိုးမှုဆိုင်ရာကဏ္ဍတွင် ကုန်ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ၊ ထုပ်ပိုးမှုဆိုင်ရာအဆင့်များ၊ ကုန်သေတ္တာထုပ်ပိုးမှုပြုလုပ်သော စက်ပစ္စည်းများစသည်တို့ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးရေးနည်းပညာကဏ္ဍတွင် စိုက်ပျိုးရေးသုံးအဆောက်အအုံပိုင်းဆိုင်ရာကန်ထရိုက်များ၊ ပျိုးပင်ပိုင်းဆိုင်ရာနည်းပညာများ၊ မျိုးစေ့နှင့် ပျိုးပင်များ မျိုးပွားမှုဆိုင်ရာပစ္စည်းများ၊ တိရစ္ဆာန်ဆေးကုသခြင်းဆိုင်ရာ နည်းပညာများစသည်တို့ကို ပြသပေးသွားမည်ဖြစ်ပြီး စားသောက်ကုန်ဆိုင်ရာကဏ္ဍတွင် ရေခဲရိုက်ခြင်းနှင့် အအေးထိန်းပိုင်းဆိုင်ရာနည်းပညာများ၊ မုန့်ဖုတ်ခြင်းဆိုင်ရာကိရိယာများနှင့် စက်ပစ္စည်းများ၊ လက်လီဖြန့်ချီခြင်းဆိုင်ရာနည်းပညာများ၊ ဟိုတယ်သုံးပစ္စည်း ကိရိယာများအစရှိသည်တို့ကို ပြသပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပျော့ဖတ်နှင့် စက္ကူလုပ်ငန်းအသင်းတို့မှ ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။

## 808 Festival Yangon အတွက် လက်မှတ်များကို စတင်ဝယ်ယူနိုင်

Electro Dance Music ကို နှစ်သက်သူများအတွက် ဒီဇင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့၊ သုဝဏ္ဏဘူမိအီးဗန့်ပတ်ခ်၌ ပြုလုပ်မည့် 808 Festival Yangon အတွက် ဝင်ခွင့်လက်မှတ်များကို စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

"808 Festival ကို ထိုင်းနိုင်ငံမှာ ကျင်းပလာတာ ငါးနှစ်ရှိပါပြီ။ မြန်မာနိုင်ငံမှာတော့ ဒုတိယအကြိမ်ပေါ့။ ဒီနှစ်လုပ်မယ့်ပွဲမှာ အရင်နှစ်နဲ့မတူဘဲ ဒီပွဲကို Electro Dance Music Festival ဖြစ်တာနဲ့အညီ တမူထူးခြားစွာ တင်ဆက်သွားမှာဖြစ်ပါတယ်။ ဒီနှစ်ပွဲရဲ့ထူးခြားချက်ကတော့ ကမ္ဘာကျော် Electro Dance Music အနုပညာရှင်တွေ ကိုယ်တိုင်လာရောက် ဖျော်ဖြေကြမှာ ဖြစ်ပါတယ်" ဟု အဆိုပါဂီတဖျော်ဖြေပွဲ စီစဉ်သည့် H- Life Entertainment ၏တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

808 Festival Yangon အတွက် လက်မှတ်များကို အမျိုးအစား သုံးမျိုးခွဲခြားထားပြီး VIP & VVIP Access အတွက် ကျပ် ၇၅၀၀၀၊ Premium Access အတွက် ကျပ် ၃၅၀၀၀၊ General Access အတွက် ကျပ် ၂၅၀၀၀ တို့ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂီတပွဲလက်မှတ်များကို အွန်လိုင်းမှတစ်ဆင့်ဝယ်ယူလိုပါက EDM Festival - Myanmar, Myanmar Raver Gyi EDM Ticketing Service, Rave Republic of Myanmar, rgo47 နှင့် Shop.com. mm တို့တွင် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းသိရသည်။

ဒုတိယအကြိမ်မြောက် 808 Festival Yangon ကို Myanamar Premium က အဓိကအထောက်အပံ့ပေးပြီး မြန်မာနိုင်ငံအခြေစိုက် H- Life Entertainment နှင့် ထိုင်းနိုင်ငံအခြေစိုက် Retox Sessions က ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



## မြို့ကြီးများ၏ ၄-၁၂-၂၀၁၇ မှ ၈-၁၂-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၄-၁၂-၂၀၁၇) | အင်္ဂါ(၅-၁၂-၂၀၁၇) | ဗုဒ္ဓဟူး(၆-၁၂-၂၀၁၇) | ကြာသပတေး(၇-၁၂-၂၀၁၇) | သောကြာ(၈-၁၂-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F |
| ရန်ကုန်မြို့ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F |
| မန္တလေးမြို့ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| မြစ်ကြီးနား | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F |
| လားရှိုး | နေသာ ၂၅°C/၇၇°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F |
| ကျိုင်းတုံ | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၇C/၈၀°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F |
| တောင်ကြီး | နေသာ ၁၅°C/၅၆°F | တိမ်အသင့်အတင့် ၁၅°C/၅၆°F | နေသာ ၁၆°C/၅၇°F | နေသာ ၁၆°C/၅၈°F | နေသာ ၁၅°C/၅၆°F |
| ဖော်လမြိုင် | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F |
| ဘားအံ | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| တောင်ငူ | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| မုံရွာ | တိမ်အသင့်အတင့် ၃၁°C/၈၅°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| မြိတ် | ၃၀% ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့်% ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၁°F |
| စစ်တွေ | နေသာ ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F |
| မကွေး | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၉၀°F | နေသာ ၃၁°C/၉၁°F | နေသာ ၃၁°C/၉၂°F |
| ဖလမ်း | တိမ်အသင့်အတင့် ၂၁°C/၇၀°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၂°F | တိမ်ထူထပ် ၂၃°C/၇၃°F |

## ဆုန်ခလာပြည်နယ်ရှိ ခရိုင်အားလုံးအား သဘာဝဘေးအန္တရာယ်ခံစားနေရသည့်ဒေသအဖြစ် ကြေညာ

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဆုန်ခလာပြည်နယ်ရှိ ခရိုင်ပေါင်း ၁၆ခရိုင်အား သဘာဝဘေးအန္တရာယ်ခံစားနေရသည့် ဒေသများအဖြစ် ထိုင်းနိုင်ငံအစိုးရက ထုတ်ဖော်ကြေညာခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ယခုလက်ရှိအချိန်တွင် တောင်တရုတ်ပင်လယ်ပြင်နှင့် ထိုင်းပင်လယ်ကွေ့တို့မှ တိုက်ခတ်လာသည့် လေပြင်းများကြောင့် ထိုင်းနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိရာ ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဆုန်ခလာပြည်နယ်တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် ဆုန်ခလာပြည်နယ် တစ်ခုလုံးတွင် အဆိုးရွားဆုံးရေလွှမ်းမိုးမှုများသည် ဒီဇင်ဘာ ၁ ရက်အထိ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း ဆုန်ခလာပြည်နယ် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ခရိုင်အားလုံးကို သဘာဝဘေးအန္တရာယ်ခံစားနေရတဲ့ဒေသတွေအဖြစ် ထုတ်ပြန်ကြေညာလိုက်ပါပြီ။ ခရိုင် ၁၆ ခရိုင်စလုံးမှာ အဆိုးရွားဆုံးရေလွှမ်းမိုးမှုတွေဖြစ်ပေါ်နေတဲ့အတွက် အရေးပေါ်အကူအညီတွေ လိုအပ်နေပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ခရိုင် ၁၆ ခရိုင်အနက် ဆာဘားခရိုင်တွင် အဆိုးရွားဆုံးရေနစ်မြုပ်နေပြီး အဆိုပါဒေသတွင်ရှိ Lae Baeng ရွာတွင် ရေအမြင့် နှစ်မီတာကျော်သို့မြင့်တက်လာသဖြင့် ရွာကလေးမှာ ရေအောက်သို့ရောက်ရှိသွားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် သီဖာနှင့် နာသာဝီဒေသတို့သည်လည်း အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိသည်ဟုဆိုသည်။

ထို့ပြင်ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံ နယ်စပ်ဒေသများတွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

နာခွန်စီသာမာရတ်ခရိုင်တွင် ရေအမြင့်သည် ၁ ဒသမ ၅ မီတာအထိမြင့်တက်နေကြောင်း၊ နာခွန်စီသာမာရတ်ခရိုင်တွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိကြောင်း၊ ယင်းဒေသ၏ ၁၅ ခရိုင်ကို သဘာဝဘေးအန္တရာယ် ခံစားနေရသည့်ဒေသအဖြစ် သတ်မှတ်ထားကြောင်း သတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**



## အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းသို့ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ် ဘာလီကျွန်းသို့ သွားရောက်မည့် ကမ္ဘာလှည့်ခရီးသည် တစ်သိန်းကျော်ရှိနေ

အင်ဒိုနီးရှားနိုင်ငံ ဂျားဗားကျွန်းသို့ နိုဝင်ဘာ ၂၉ ရက်က ဆိုင်ကလုန်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူ ၁၉ ဦးသေဆုံးခဲ့ကြောင်း၊ လူသေဆုံးမှုများပြားရခြင်းမှာ မုန်တိုင်းတိုက်ခတ်ချိန်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားပြီး မြေပြိုမှုများကြောင့် ဖြစ်ရကြောင်း ဂျကာတာပို့စ်တွင် ဖော်ပြထားသည်။

ဆိုင်ကလုန်မုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ကြရကြောင်း၊ နေအိမ် အများအပြားပျက်စီးခဲ့ရပြီး ရေလွှမ်းမိုးမှုများလည်းဖြစ်ပေါ်ခဲ့ရကြောင်း၊ မြေပြိုကျမှုများကြောင့် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ Sutopo Purwo Nugroho က ပြောကြားခဲ့သည်။

ဆိုင်ကလုန်မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ဂျာဗားကျွန်းပေါ်ရှိ လေဆိပ်နှစ်ခုစလုံးကိုပိတ်ထားခဲ့ရကြောင်း၊ ထို့ပြင် ဘာလီကျွန်းပေါ်ရှိ မောင့်တ်အန်းဂုမီးတောင် ပေါက်ကွဲနေသဖြင့်လည်းလေဆိပ်များပိတ်ထားခဲ့ရကြောင်း၊ ထို့ကြောင့် မြို့တော်ဂျကာတာသို့ သွားရောက်မည့်ခရီးသည်များမှာ လေဆိပ်အသီးသီးတွင် သောင်တင်နေကြကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

သို့သော် နိုဝင်ဘာ ၂၉ ရက်တွင် မီးတောင်ပေါက်ကွဲနေသဖြင့် ဘာလီလေဆိပ်ကို သုံးရက်ကြာ ပိတ်ထားခဲ့ပြီးမှ ပြန်လည်ဖွင့်ပေးခဲ့ကြောင်း အင်ဒိုနီးရှားလေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မောင့်တ်အန်းဂုမီးတောင်ပေါက်ကွဲမှုကို လာရောက်ကြည့်ရှုရန် စိတ်အားထက်သန်နေသည့် ကမ္ဘာလှည့်ခရီးသည်ပေါင်း တစ်သိန်းကျော်ခန့်မှာ ဘာလီလေဆိပ်ပြန်လည်ဖွင့်ပေးရန် မျှော်လင့်လျက်ရှိသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် လေကြောင်းပြောင်းသွားချိန်တွင် လေကြောင်းလိုင်းများကို ဖွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လေကြောင်းပြန်လည်ပြောင်းလဲလာပြီး မီးတောင်မှပြာများ ပြန်လည်ဖုံးလွှမ်းလာပါက လေဆိပ်များကို ပြန်လည်ပိတ်ထားရဖွယ်ရှိနေကြောင်း ဘာလီလေဆိပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၁၉၆၃ ခုနှစ်က အဆိုပါမီးတောင်ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၆၀၀ ခန့် သေဆုံးခဲ့ရကြောင်း၊ ယခုအခါတွင် အဆိုပါမီးတောင်အနီးတွင် နေထိုင်ကြသည့် ပြည်သူပေါင်း တစ်သိန်းနီးပါးကို နေရပ်စွန့်ခွာကြရန် တိုက်တွန်းပြောကြားလျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၄/ ၂၀၁၇) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာလ ၉ ရက် တွင် မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်က အဖွင့် အမှာစကားပြောကြားခဲ့ပြီး မော်လမြိုင်ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်နွဲ့မူဆွေဦးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်၊ တတိယ (၃)လပတ်၏အောက်တိုဘာလအတွင်း လျာထားချက်အပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေး (၃/၂၀၁၇) ၏ အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ မော်လမြိုင်ခရိုင် ဥပဒေရုံးမှ ခရိုင်ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က ဥပဒေဆိုသည်မှာ ဥပဒေကြောင်းအရ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည်လည်း ၎င်းတို့ကိုယ်တိုင် လိုက်နာရမည့် တာဝန်များကိုသိရှိရန်၊ လိုက်နာရန် တာဝန်ရှိကြောင်း ဆွေးနွေးခဲ့ပါ သည်။

မော်လမြိုင်ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြဝင်းက ကျောင်းမုန့်ဈေးတန်းတွင် အဓိကဖြစ်နေသည်မှာ ကုန်ခြောက်မုန့်များပင်ဖြစ်ကြောင်း၊ လက်လုပ်မြန်မာမုန့်များမှာ ပူပူနွေးနွေးဖြစ်သော်လည်း ကျန်းမာရေးအရသန့်ရှင်းသပ်ရပ်စွာဖုံးအုပ်ထားသင့်ကြောင်း၊ ကျောင်းသားကလေးများ၏ စားသုံးမှုများသည် မုန့် ခြောက်များဖြစ်သည့် တရုတ်ကထုတ်သည့် ဆိုးဆေးပါမုန့်များကို စစ်ဆေးသည့်အဖွဲ့များမှ အတတ်နိုင်ဆုံး မကြာခဏဆိုသလိုကျောင်းမုန့်ဈေးတန်းများကို စစ်ဆေးပေးပါရန် အကြံပြုဆွေးနွေးသွားပါသည်။

အစည်းအဝေးသို့ မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(စားသုံးသူ-မွန်)**

# လပွတ္တာမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ အ-မ-က တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့ အမှတ်(၇)ရပ်ကွက်ရှိ အ. မ. က တွင် လပွတ္တာမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား /ကျောင်းသူ၊ ကလေးသူငယ်များအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က ကျင်းပခဲ့ပါသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ လပွတ္တာမြို့နယ် တာဝန်ခံ ဦးဝင်းမင်းစိုးက ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်၊ ကျန်းမာရေးနှင့်ညီညွတ်သောမုန့်၊ အစားအသောက်နှင့် လတ်ဆတ်သောသစ်သီးများကို ရွေးချယ်စားသုံးတတ်စေရန် မုန့်နမူနာများဖြင့် ပြသ၍ ပညာပေးဟောပြောပြီး ဒုတိယကြီးကြပ်ရေးမှူး ဦးမြင့်ဌေးက သက်ဆိုင်ရာမှ တားမြစ်ထားသည့် စားသုံးရန်မသင့်သည့် မုန့်နှင့် အစားအသောက်များ အကြောင်းကိုလည်းကောင်း ပညာပေးဟောပြောခဲ့ပါသည်။

ထို့နောက် မိတ်ဖက်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများသည် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေမှုများကို ကွင်းဆင်းစိစစ်ပြီး ဆိုင်ရှင်များအား အသိပညာပေး ဆွေးနွေးခဲ့ပါသည်။ အဆိုပါ ပညာပေး ဟောပြောပွဲသို့ စုစုပေါင်း ၁၆၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**တိုးလွင်(မြောင်းမြ)**

# ရွှေဘိုမြို့ စည်ပင်သာယာဈေး အတွင်း Mobile Lab ယာဉ်ဖြင့် ဈေးကွက်နမူနာ ကောက်ယူစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအနေနဲ့ စားသောက်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ရွှေဘိုမြို့ စည်ပင်သာယာဈေးအတွင်းမှာရှိတဲ့ စားသောက်ကုန်တွေကို Mobile Lab ယာဉ်နဲ့ နိုဝင်ဘာလ ၂၃ ရက်က ဈေးကွက်နမူနာ ကောက်ယူစစ်ဆေးခဲ့ပါတယ်။ ဈေးကွက်နမူနာ ကောက်ယူစစ်ဆေးရာမှာ ရွှေဘိုခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းလဲ့လဲ့ထွေး၊ ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ရွှေဘိုမြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများလိုက်ပါ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။

ရွှေဘိုမြို့ စည်ပင်သာယာဈေး အတွင်း အဖွဲ့နှစ်ဖွဲ့ခွဲပြီး လက်ဖက်ချဉ်၊ ချင်းချဉ်၊ ငါးပိ၊ မျှစ်ချဉ်၊ သရက်ချဉ်၊ နှမ်းဖတ်ချဉ်၊ ရှာလကာရည်စသည့် စားသောက်ကုန် ပစ္စည်း ၉၇ မျိုးကို ဈေးကွက်နမူနာ ကောက်ယူစစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိတဲ့ အဖြေများကိုတော့ နေပြည်တော်မှာရှိတဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရုံးချုပ်)ရဲ့ အတည်ပြုချက်ရယူပြီး ပြန်လည်သတင်းထုတ်ပြန်သွားမယ်လို့ သတင်းရရှိပါတယ်။

**နှင်းနှင်းခိုင် (ရွှေဘို)**

# ဟသ်ာတမြို့ပေါ်ရှိ ကျောင်းများမှ ကျောင်းမုန့်ဈေးတန်းစားသုံးသူရေးရာ အဖွဲ့ဝင် ဆရာ/ဆရာမများအား စားသုံးသူရေးရာ သင်တန်းပို့ချ

ဟသ်ာတမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ ဟသ်ာတမြို့ပေါ်ရှိ စာသင်ကျောင်းများမှ ကျောင်းမုန့်ဈေးတန်းစားသုံးသူရေးရာအဖွဲ့ဝင် ဆရာ၊ ဆရာမများအား နိုဝင်ဘာလ ၂၈ ရက်က စားသုံးသူရေးရာသင်တန်း ဖွင့်လှစ်ပို့ချခဲ့ပါသည်။

သင်တန်းတွင် ဟသ်ာတမြို့၊ အ. ထ. က (၃) ကျောင်းမှ ကျောင်းအုပ်ကြီး ဦးသြမင်းက အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးက သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် အိမ်နီးချင်းနိုင်ငံများ၏ စားသုံးသူ အကာအကွယ်ပေးရေး ဆောင်ရွက်နေမှု၊ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားပါသည်။ ထို့နောက် ဟသ်ာတခရိုင်ဦးစီးမှူး ဦးကြည်ဟန်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့်ဆိုးဆေးအန္တရာယ်၊ မှိုဆိပ်အန္တရာယ်များကို ရှင်းလင်း ပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဦးမြင့်ကြိုင်က စားသုံးသူရေးရာဦးစီးဌာန၏ ဖွဲ့စည်းဆောင်ရွက်နေမှုများနှင့်စားသုံးသူ အကာအကွယ်ပေးရေးအသင်းများဖွဲ့စည်းမှုနှင့် စားသုံးသူနစ်နာမှု တိုင်ကြားစာပုံးများထားရှိမှုနှင့် တိုင်ကြားမှု ဖြေရှင်းမှုနည်းလမ်းများကို ရှင်းလင်း ပို့ချခဲ့ပါသည်။ ဒုတိယခရိုင်ဦးစီးမှူး ဦးစောကေးလက်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်နှင့် တားမြစ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းကို ရှင်းလင်း ပို့ချခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ပါသည်။



အဆိုပါသင်တန်းသို့ဟသ်ာတမြို့ပေါ်ရှိ အထက်တန်းကျောင်း ခြောက်ကျောင်းနှင့် အလယ်တန်းကျောင်းသုံးကျောင်းမှ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့ဝင်ဆရာ/ဆရာမများနှင့် မူလတန်းကျောင်း ၃၈ ကျောင်းမှ ဆရာဆရာမများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

# ပုသိမ်မြို့ ပမ္မဝတီ ရေတပ်စခန်းဌာနချုပ်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်နှင့် ဝန်ထမ်းများသည် ပုသိမ်မြို့၊ ထုံးဘိုရပ်၊ ပမ္မဝတီရေတပ်စခန်းဌာနချုပ်၊ အမှတ် (၂၆) စစ်ရေယာဉ်အုပ်စုရုံးတွင် နိုဝင်ဘာလ ၁၆ ရက်၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ပါသည်။

ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ဌာနခွဲမှူး ဦးစောမိုက်ကယ်က စားသုံးရန်မသင့်သော စားသောက်ကုန်များ၊ ဓာတုဆိုးဆေးအန္တရာယ်၊ ရက်လွန်အစားအစာများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ FDA မှတားမြစ်ထားသော စားသောက်ကုန်နှင့် လူသုံးကုန်များ၊ ကုန်စည်များ ဝယ်ယူသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုမခံရစေရန် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာသို့ ဆက်သွယ်တိုင်တန်းနိုင်ကြောင်းနှင့် စားသုံးသူအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသေးစိတ် ဆွေးနွေးဟောပြောခဲ့ပြီး စားသုံးသူဥပဒေဆိုင်ရာ စာစောင်များ၊ လက်ကမ်းစာစောင်များ၊ အသိပညာပေးသတင်းစာ၊ စာစောင်များအား ဖြန့်ဝေပေးခဲ့ပါသည်။

**စောမိုက်ကယ် (ပုသိမ်)**

# ရောင်ခြည်သန်းလာပြီဖြစ်သည့် အမျိုးသား စားသုံးသူကာကွယ်ရေးအစီအစဉ် (National Consumer Protection Programme- NCPP) ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲမှ ရလဒ်ကောင်းများ

[ နိုင်ဦး၊ မြင့်မြင့်ချို ]

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော စားသုံးသူပြည်သူများအတွက် စားသုံးသူအခွင့်အရေးများအပြည့်အဝရရှိရေးအတွက် ပညာပေး၊ ဆွေးနွေး၊ ဟောပြော၊ ဖြေရှင်းပေးလျက်ရှိသလို လုပ်ငန်းရှင်များကိုလည်း ဘေးဥပဒ်အန္တရာကင်းရှင်းသော ထုတ်ကုန်များကို နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် စစ်ဆေးကြပ်မတ်လျက်ရှိပါသည်။

စားသုံးသူများနှင့် လုပ်ငန်းရှင်များအား လက်ရှိ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄) အရ စားသုံးသူများ၏နစ်နာမှု၊ ဆုံးရှုံးမှုများနှင့်ပတ်သက်၍ ကုစား ဖြေရှင်းပေးနိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ခရိုင်များတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များနှင့် ၎င်းအဖွဲ့အောက်တွင် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်း၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center- CICC) များဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သဖြင့် စားသုံးသူပြည်သူများသည် ပွင့်လင်းစွာ၊ လွတ်လပ်စွာ တိုင်ကြားလာကြပါသည်။ လူသုံး/အိမ်သုံး၊ ဝန်ဆောင်မှုလုပ်ငန်းများ ရယူသုံးစွဲရာတွင်လည်း ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိ/မရှိ စစ်ဆေးကာ ရွေးချယ်ဝယ်ယူသုံးစွဲကြသည့် အလေ့အကျင့်ကောင်းများလည်း ရရှိလာကြပါသည်။

စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများသည် ရေတိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်၍ ရနိုင်သည့်လုပ်ငန်းတစ်ခုမဟုတ်ပေ။ ရေရှည်စိတ်ရှည်သည်းခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပေရာ ဌာနဆိုင်ရာများ၊ NGO များ နှင့်အတူ စားသုံးသူပြည်သူများရော လုပ်ငန်းရှင်များပါ ပူးပေါင်း ပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

ထိုသို့ ရေရှည်ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများအတွက် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား တစ်နိုင်ငံလုံးသို့ ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ်ကဏ္ဍများ ချမှတ်ဆောင်ရွက်နိုင်ရေး၊ သက်ဆိုင်ရာဆက်စပ်ဌာနများ၊ အစိုးရမဟုတ်သော စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များကြားစနစ်တကျ ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်အောင်မြင်မှုရရှိစေရေးတို့အတွက် အမျိုးသားစားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်အောင်မြင်မှုရရှိစေရေးတို့အတွက် အမျိုးသားစားသုံးသူအကာအကွယ်ပေးရေးစီမံကိန်း (National Consumer Protection Programme-NCPP) ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်လျက်ရှိပါသည်။

ပထမအကြိမ် အမျိုးသားစားသုံးသူအကာအကွယ်ပေးရေးစီမံကိန်း ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်မှ ၇ ရက်ထိ နေပြည်တော် Horizon Lake View Hotel နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသား စားသုံးသူကာကွယ်ပေးရေးစီမံကိန်းရေးဆွဲနိုင်ရေးအတွက် ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် ဆက်လက်ဆောင်ရွက်ရန် စီမံကိန်းအောက်တွင် ထည့်သွင်းရမည့် ရည်မှန်းချက်များ၊ လုပ်ငန်းများ၊ အချိန်ကာလ၊ နယ်ပယ်ကဏ္ဍတို့ကို အသေးစိတ်ရေးဆွဲဆောင်ရွက်ရန်၊ NCPP နှင့်စပ်လျဉ်း၍ အသေးစိတ်လေ့လာရန်ကျန်ရှိသော Steering Process နှင့် Review & Monitoring လုပ်ငန်းများကို ဆက်လက်လေ့လာဆောင်ရွက်သွားရန်၊ NCPP ချမှတ်ပြီးပါက လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ပြည်သူများအား သတင်းအချက်အလက်များဖြန့်ဝေပေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ စီမံကိန်းရေးဆွဲရာတွင် အာဆီယံ စားသုံးသူကာကွယ်ရေး ကော်မတီမှ ချမှတ်ထားသော မဟာဗျူဟာ လုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) နှင့်အညီ လိုက်ပါအကောင်အထည်ဖော်ရန်၊ စားသုံးသူပညာပေးရေး လုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်ရန်၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများခိုင်မာရန်၊ ဝန်ဆောင်မှုများ အရည်အသွေး အဆင့်အတန်းမီရေး၊ စံနှုန်းသတ်မှတ်ချက်များနှင့်ကိုက်ညီရေး စသည့်အချက်များကို ဖော်ထုတ်ရရှိခဲ့ပါသည်။

အဆိုပါ ဖော်ထုတ်ချက်များကို အနှစ်ချုပ်ပါက အမျိုးသား စားသုံးသူကာကွယ်ရေး စီမံကိန်းရေးဆွဲရာ၌ အဓိကဆောင်ရွက်ရ မည့် လုပ်ငန်းစဉ် (၅) ရပ်ကို တွေ့ရှိရပါသည်-

(က) စားသုံးသူများအား အသိပညာပေးရေးလုပ်ငန်းစဉ်
(ခ) စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများအတွက် တိုင်ကြားမှုလုပ်ငန်းစဉ်
(ဂ) ဥပဒေ၊ မူဝါဒများ ချမှတ်ရေးလုပ်ငန်းစဉ်
(ဃ) ပြည့်စုံကောင်းမွန်သော ဈေးကွက်စောင့်ကြည့်ရေးလုပ်ငန်းစဉ်
(င) ခိုင်မာအားကောင်းသော ပူးပေါင်းဆောင်ရွက်မှု

အထက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံကာ ဟောပြောဆွေးနွေးခြင်း၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ စစ်ဆေးအရေးယူခြင်း၊ တိုင်ကြားမှုများအား အချိန်တိုအတွင်း ကုစားဖြေရှင်းပေးခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ထိုက်သင့်သောအောင်မြင်မှုများ ရရှိခဲ့သည်။ ဘေးဥပဒ်အန္တရာယ်ဖြစ်စေသော လူသုံးအိမ်သုံး ဝန်ဆောင်မှုလုပ်ငန်းများ နည်းပါးသွားသည်။ လုပ်ငန်းရှင်များကလည်း နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်လာနိုင်ကြသည်။ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများသည် ယခင်ကဲ့သို့ အစိမ်းသက်သက်မဟုတ်တော့ဘဲ စားသုံးသူရော လုပ်ငန်းရှင်များပါ အမြင်ကျယ်လာကြသည်။ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း နားလည်လက်ခံလာကြသည်။ စားသုံးသူရေးရာဦးစီးဌာနနှင့် လက်တွဲကာ ပူးပေါင်းပါဝင်လာကြသည်။

ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်ရရှိခဲ့သော လုပ်ငန်းစဉ်မြေပုံမှ အဓိကဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (core processes) ၅ ခုကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် အတွက် ဒုတိယအကြိမ် NCPP အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်မှ ၂၉ ရက်ထိ နေပြည်တော် Kempinski Hotel တွင် ကျင်းပခဲ့ပါသည်။

ပထမအကြိမ် NCPP အလုပ်ရုံဆွေးနွေးပွဲမှ ရရှိခဲ့သည့် အဓိကလုပ်ဆောင်ရမည့်လုပ်ငန်းစဉ် (core processes) များဖြစ်သည့် စားသုံးသူများအား အသိပညာပေးလုပ်ငန်းစဉ် (Consumer Education)၊ စားသုံးသူနစ်နာမှုအတွက် တိုင်ကြားမှုလုပ်ငန်းစဉ် (Setting up Redress Mechanism)၊ မူဝါဒနှင့် ဥပဒေများချမှတ်မည့်လုပ်ငန်းစဉ် (Support of Policy & Law)၊ ပြည့်စုံကောင်းမွန်သော ဈေးကွက်စောင့်ကြည့်ရေး လုပ်ငန်းစဉ် (Setting up efficient market Surveillance)၊ ခိုင်မာအားကောင်းသော ပူးပေါင်းဆောင်ရွက်မှု (Establishing a frequent Communication & Cooperation) တို့ကို လုပ်ငန်းစဉ် အသေးစိတ်များ ဆက်လက်ဆွေးနွေးဖော်ထုတ်ခဲ့ပြီး ၎င်းလုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ဆောင်ရွက်ရမည့် တစ်ခုချင်း၏ Time Frame ကိုလည်း ရေးဆွဲနိုင်ခဲ့ပါသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် အောင်မြင်စေရန်အတွက် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ရမည့် (Interfaces) လုပ်ငန်းများအတွက် တာဝန်ယူ ဆောင်ရွက်ရမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရင်ဆိုင်တွေ့ကြုံနိုင်သည့် စိန်ခေါ်မှုများကိုလည်း ဆွေးနွေးဖော်ထုတ်နိုင်ခဲ့ပါသည်။

ထိုမှတစ်ဆင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များ(Steering Tasks) ကိုလည်း ပါဝင်ဆောင်ရွက်မည့် ဌာနအဖွဲ့အစည်းများ၏ တာဝန်ယူရမည့် အဆင့်များအထိကို ဆွေးနွေးဖော်ထုတ်နိုင်ခဲ့ပါသည်။ တစ်ဖက်မှ စားသုံးသူကာကွယ်ရေးဥပဒေကို ပြည့်စုံသထက်ပြည့်စုံအောင် ရေးဆွဲနေပြီး တစ်ဖက်မှလည်း အမျိုးသားစားသုံးသူကာကွယ်ရေးစီမံကိန်း (NCPP) ပေါ်ပေါက်ရေးအတွက်လည်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။NCPP တွင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် လုပ်ငန်းလမ်းညွှန်များ (Guidelines) အသေးစိတ်ပါရှိမည်ဖြစ်သဖြင့် အမျိုးသားစားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဖိဖိစီးစီး ဆောင်ရွက်နိုင်မည့် အပြင် မိတ်ဖက်ဌာနများ၊ အသင်းအဖွဲ့များနှင့်လည်း လွယ်ကူစွာပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ ရလဒ်များကို Time Frame အတိုင်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ရာ အားသွန်ခွန်စိုက်တစိုက်မတ်မတ် ဆောင်ရွက်သွားခြင်းဖြင့် မကြာတော့သည့် အနာဂတ်ကာလများတွင် အမျိုးသားစားသုံးသူ ကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည့် အမျိုးသားစားသုံးသူကာကွယ်ရေးအစီအစဉ် ရောင်ခြည်သန်းလာပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

■



Vol: 17, No.47 Monday December 4 2017

# ဖိလစ်ပိုင်နိုင်ငံ၏ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

[ ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) ]

ယခင်တစ်ပတ်မှအဆက်

**ထုပ်ပိုးမှုနှင့်ကွန်တိန်နာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

ဖိလစ်ပိုင်နိုင်ငံဟာ အစားအစာအတွက် ထုပ်ပိုးပစ္စည်းများရဲ့သင့်လျော်မှုနဲ့ ကောင်းမွန်သော ထုတ်လုပ်မှုနည်းလမ်းများ (Good Manufacturing Practices) ဆိုင်ရာ မူဝါဒများ ချမှတ်မှုအပိုင်းနဲ့ ပတ်သက်လို့ CODEX Alimentarius နဲ့ တင်ပို့တဲ့နိုင်ငံတွေရဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (Food and Drug Administration) ကဲ့သို့သော အဖွဲ့အစည်းများရဲ့စံချိန်စံညွှန်းနဲ့ လုပ်ထုံးလုပ်နည်းများကို အကိုးအကားပြုဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါသတ်မှတ်ချက် စံချိန်စံညွှန်းများနဲ့ ကိုက်ညီမှုရှိတဲ့ထုတ်ကုန်ဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ ထုပ်ပိုးမှုနဲ့ ကွန်တိန်နာဆိုင်ရာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနဲ့ အများအားဖြင့် ကိုက်ညီမှုရှိမှာဖြစ်ပါတယ်။ ဒါပေမဲ့ သွင်းကုန် လုပ်ငန်းရှင်တွေဟာ ထုပ်ပိုးထားတဲ့ ကုန်စည် (packaged products) တွေကို ဖိလစ်ပိုင်နိုင်ငံရဲ့ လက်ကားဆိုင်တွေမှာ ရောင်းချခြင်းမပြုမီ ဖိလစ်ပိုင်အစားအသောက်နှင့် ဆေးဝါးဗျူရို (BFAD) မှာ မှတ်ပုံတင်ဖို့လိုအပ်မှာဖြစ်ပါတယ်။

**အစားအသောက်ဖြည့်စွက်ပစ္စည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

အစားအသောက် ဖြည့်စွက်ပစ္စည်းတွေဟာ ဖိလစ်ပိုင်အစားအသောက် အက်ဥပဒေနဲ့ ဖိလစ်ပိုင်အစားအသောက်နှင့် ဆေးဝါးဗျူရို (BFAD) က ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းများနဲ့ ကိုက်ညီမှုရှိရမှာ ဖြစ်ပါတယ်။ အစားအစာ ဖြည့်စွက်ပစ္စည်းကို BFAD က အဓိပ္ပာယ်ဖွင့်ဆိုရာမှာ 'ဆင့်တက် ပြုပြင်ထားသော စားသောက်ကုန်တစ်ခု၏ ပါဝင် ပစ္စည်းအစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် (သို့မဟုတ်) စားသောက်ကုန်၏ သွင်ပြင် လက္ခဏာများအပေါ် သက်ရောက်မှုရှိနိုင်သည့် အရာဝတ္ထုတစ်မျိုးမျိုး' ဟု ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။ ဒါကြောင့် စားသောက်ကုန်တစ်မျိုးမျိုးကို စိုက်ပျိုးထုတ်လုပ်ခြင်း၊ စက်ရုံ၌ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ထုပ်ပိုးခြင်း၊ ကိုင်တွယ် ဆောင်ရွက်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင် ထိန်းသိမ်းခြင်းစတဲ့ အဆင့်တိုင်းမှာ အစား အသောက်ဖြည့်စွက်ပစ္စည်းကို ထည့်သွင်း အသုံးပြုမှုရဲ့ရလဒ်အနေနဲ့ စားသောက်ကုန်အပေါ်မှာ တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်တဲ့ သက်ရောက်မှုရှိစေနိုင်တဲ့ မည်သည့်အရာဝတ္ထုမျိုးကိုမဆို ဆိုလိုတာဖြစ်ပါတယ်။

**ပိုးသတ်ဆေးနှင့် အခြားအဆိပ်အတောက် ရောဂါပိုးမွှားများ**

ဖိလစ်ပိုင်နိုင်ငံမှာဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအာဏာပိုင်အဖွဲ့ကို ၁၉၇၇ ခုနှစ်မှာ ဖွဲ့စည်းခဲ့ပြီး အဆိုပါအဖွဲ့ဟာ ပိုးသတ်ဆေးဖြန့်ဖြူးသူများနဲ့ အရောင်းကိုယ်စားလှယ်များအတွက် သွင်းကုန်တင်သွင်းခွင့်လက်မှတ်ကို ထုတ်ပေးပါတယ်။ Bureau of Plant Industry (BPI) ကတော့ ပြည်တွင်းနဲ့ အပြည်ပြည်ဆိုင်ရာစားသုံးသူတွေကို ကာကွယ်ဖို့အတွက် ကောက်ပဲသီးနှံတွေမှာ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုအဆင့်ကို စောင့်ကြည့်အကဲဖြတ်တဲ့ အာဏာပိုင်အဖွဲ့အစည်းဖြစ်ပါတယ်။ ၎င်းအဖွဲ့အစည်းဟာ စိုက်ပျိုးရေးထွက်ကုန်တွေမှာ ဓာတုဓာတ်ကြွင်းပါဝင်မှုအဆင့်ကိုလည်း စောင့်ကြည့်အကဲဖြတ်ခြင်းကို ဆောင်ရွက်ပြီး ထုတ်ကုန်အလိုက် စားသုံးသူတွေဘေးကင်း လုံခြုံမှုရှိရေးမူဝါဒများကို အကြံပြုဆောင်ရွက်တာ ဖြစ်ပါတယ်။

**အခြားလုပ်ထုံးလုပ်နည်းများနှင့် လိုအပ်ချက်များ**

ဖိလစ်ပိုင်နိုင်ငံအတွင်းမှာ လက်လီရောင်းချလိုတဲ့ ဆင့်တက်ပြုပြင်ထားသော စားသောက်ကုန် (processed food) အားလုံးကို အစားအသောက်နှင့်ဆေးဝါးဗျူရို (BFAD) မှာ မှတ်ပုံတင်ရမှာဖြစ်ပါတယ်။ တင်သွင်းလာတဲ့ အလားတူကုန်စည်တွေအတွက် မှတ်ပုံတင်ခြင်းကို ဖိလစ်ပိုင်နိုင်ငံရဲ့သက်ဆိုင်ရာအဖွဲ့အစည်းကပဲ ဆောင်ရွက်နိုင်တာ ဖြစ်ပြီး အချို့သောထုတ်ကုန်အမျိုးအစားများအတွက် စာရွက်စာတမ်းအချက်အလက်နှင့် ထုတ်ကုန်နမူနာ စသည်တို့ကို တင်ပို့သူမှပံ့ပိုးပေးရမှာ ဖြစ်ပါတယ်။ မှတ်ပုံတင်ခြင်းအတွက် ကုန်ပစ္စည်း အုပ်စုနှစ်မျိုးခွဲခြားထားပါတယ်။ Category (I) မှာ ပါဝင်တဲ့ ထုတ်ကုန်တွေကတော့မုန့်နှင့် ဆက်စပ်ထုတ်ကုန်များ၊ အယ်လ်ကိုဟောမပါဝင်သော အဖျော်ယမကာများ၊ ချိုချဉ်နှင့်ယိုစသည့် မုန့်ချိုမျိုးစုံ၊ ကိုကိုးနှင့်ဆက်စပ်ထုတ်ကုန်များ၊ ကော်ဖီ၊ လက်ဖက်ရည်နှင့်နို့မှုန့်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ စားမြိန်ရည်နှင့် စားမြိန်စာများ၊ ချက်ပြုတ်ရာတွင်သုံးသော ထုတ်ကုန်များ၊ အချိုတည်းသည့်မုန့်များ၊ နို့ထွက်ပစ္စည်းများ၊ dressings and spreads၊ ဂျုံနှင့်ဂျုံပစ္စည်း၊ ငါးနှင့် အခြားရေထွက်ပစ္စည်းများ၊ အသီးအနှံများ၊ ဟင်းသီးဟင်း ရွက်နှင့်စားသုံးနိုင်သောမှိုများ၊ အသားနှင့် ကြက်/ဘဲ/ငှက်များ၊ ခေါက်ဆွဲနှင့် ခေါက်ဆွဲခြောက်အမျိုးမျိုး၊ အခွံမာသီးများ၊ native delicacies၊ ဆီများ၊ အဆီ၊ အဆာပြေအစားအစာများနှင့် breakfast cereal၊ သကြားနှင့်ဆက်စပ်ပစ္စည်းများဖြစ် ကြပါတယ်။

Category (II) မှာ အကျုံးဝင်တဲ့ ထုတ်ကုန်တွေကတော့ အယ်လ်ကိုဟောပါဝင်သော အဖျော်ယမကာများ၊ အစားအစာဖြည့်စွက်ပစ္စည်းများ၊ ဆေးဖက်ဝင်လက်ဖက်ရည်၊ သောက်ရေသန့်၊ မွေးကင်းစနှင့် ကလေးသူငယ်များအတွက် အစားအစာများ၊ ဓာတ်စာအဖြစ်အသုံးပြုသော အစားအသောက်များ၊ မျိုးဗီဇပြုပြင်ထားသော စားသောက်ကုန်များ၊ တိုင်းရင်းသားရိုးရာစားသောက်ကုန်များဖြစ်ကြပါတယ်။ ပို့ကုန်တင်ပို့သူများအနေနဲ့ သတိပြုရမယ့်အချက်ကတော့ ဖိလစ်ပိုင်နိုင်ငံမှ သွင်းကုန်လုပ်ငန်းရှင်အနေနဲ့ စားသောက်ကုန်တစ်မျိုးမျိုးကို မှတ်ပုံတင်နိုင်ရန်အတွက် အစားအသောက်နှင့် ဆေးဝါးဗျူရို (BFAD) ထံမှ License to Operate (LTO) ရရှိဖို့လိုအပ်တဲ့အချက်ပဲ ဖြစ်ပါတယ်။ သွင်းကုန်လုပ်ငန်းရှင်တွေအနေနဲ့ အဆိုပါ လိုင်စင်ရရှိရန်အတွက် ပင်ရင်းတင်ပို့တဲ့နိုင်ငံရှိ ကောင်စစ်ဝန်ရုံးမှ အတည်ပြုထုတ်ပေးထားတဲ့ Foreign Agency Agreement (မိတ္တူ) နှင့် ကုန်ပစ္စည်းထုတ်လုပ်တဲ့နိုင်ငံရှိ အစိုးရကျန်းမာရေးဌာနကထုတ်ပေးပြီး ဖိလစ်ပိုင်ကောင်စစ်ဝန်ရုံးမှ အတည်ပြုထားတဲ့ Certificate of Status of Manufacture တို့ကို တင်ပြရန် လိုအပ်တဲ့အတွက် ၎င်းအချက်နှစ်ချက်ကို ပို့ကုန်လုပ်ငန်းရှင်က ပံ့ပိုးပေးရမှာ ဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

| သန်းသန်းနိုင် |

ယခင်တစ်ပတ်မှအဆက်

**နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံးမှ ပို့ကုန်အခွန်လုပ်ငန်းအတွက် (၂၀၁၆A) ဆော့ဖ်ဝဲအသုံးပြုရေး အကြောင်းကြားစာ (အခွန်ချုပ်ရုံး စာအမှတ်- ၂၀၁၆/၃၄)**

ပြည်နယ်တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်မှုရဒေသ/မြို့၊ ဗဟိုမှ တိုက်ရိုက်ချုပ်ကိုင်သည့်ဌာန၊ နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး။ နိုင်ငံတော် အခွန်ပေါ်လစီ၊ သွင်းကုန်ပို့ကုန်အခွန်များပြင်ဆင်ချက်များနှင့်အညီ နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံးမှ ပို့ကုန်အခွန်လုပ်ငန်း အတွက် (၂၀၁၆A) ဆော့ဖ်ဝဲကိုရေးဆွဲကာ ပို့ကုန်အခွန်ခံစားခွင့်လုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်သည်။ အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ ဤဆော့ဖ်ဝဲကိုနိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး (FTP) အောက်မှ (100.16.125.25) တွင်ထားရှိကာ သက်ဆိုင်ရာဌာနများအနေဖြင့် ဒေါင်းလုပ်လုပ်ရမည်။ ထို့အတူ ပို့ကုန်အခွန်စိစစ်မှုဆော့ဖ်ဝဲများကိုလည်း အချိန်မီအဆင့်မြှင့်တင်ရမည်။ ထို့အတူ ထိုအချက်အလက်များကိုလည်း ပို့ကုန်ကုမ္ပဏီများသို့ ပေးပို့ရမည်။

၂။ အသုံးပြုချိန်တွင် ပြဿနာများတွေ့ရှိပါက နိုင်ငံတော် အခွန်ဦးစီးချုပ်ရုံးသို့ အချိန်မီအကြောင်းကြားရမည်။ ထို့အတူ ခွင့်ပြုချက်မရဘဲ မိမိသဘောဖြင့် ပို့ကုန်အခွန်ခံစားခွင့်အချိုးကိုပြင်ဆင်ခြင်းမပြုရ။

**နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး**
**၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်**

<u>အပိုင်း(၄)</u>

**ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးချက်စည်းမျဉ်းစည်းကမ်း**

**တင်ပို့သည့် စားသောက်ကုန်လုပ်ငန်းကုမ္ပဏီကြီးကြပ်ရေး စည်းမျဉ်းစည်းကမ်းများ**

တင်ပို့သည့် စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီကြီးကြပ်ရေး စည်းမျဉ်းစည်းကမ်းကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်တွင် နိုင်ငံတော်အရည်အချင်းကြီးကြပ်ရေးနှင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနချုပ်ရုံး ကော်မတီ ဆွေးနွေးပွဲမှ အတည်ပြုဆုံးဖြတ်ပြီး ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် စတင် ကျင့်သုံးသည်။

**အပိုင်း(၁)အထွေထွေစည်းမျဉ်းစည်ကမ်း**

၁။ တင်ပို့သည့် စားသောက်ကုန်လုပ်ငန်းကုမ္ပဏီ လုံခြုံရေးနှင့် သန့်ရှင်းရေးစည်းမျဉ်းစည်းကမ်းများကို ထပ်ဆင့် ကျင့်သုံးနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စားသောက်ကုန်လုံခြုံရေးဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သွင်းကုန်/ပို့ကုန် ကုန်ပစ္စည်းပိုးမွှားကင်းရှင်းကြောင်းဥပဒေနှင့် အခြားစည်းမျဉ်း/စည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်းမျဉ်းစည်းကမ်းကို ရေးသားထုတ်ပြန်သည်။

၂။ နိုင်ငံတော်မှတင်ပို့သည့် စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီကြီးကြပ်ရေး စည်းမျဉ်းစည်းကမ်းကို ကျင့်သုံးသည်။

၃။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တင်ပို့သည့် စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီကြီးကြပ်ရေး လုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ အုပ်ချုပ်သည်။

၄။ နိုင်ငံတော်အရည်အချင်းကြီးကြပ်ရေးနှင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေး ဌာနချုပ်ရုံးအောက်တွင် နိုင်ငံတော် အရည်အချင်းစစ်ဆေးရေးဌာနချုပ်ဟု အတိုကောက်ခေါ်ဆိုမည်ဖြစ်ပြီး တစ်နိုင်ငံလုံး တင်ပို့သည့် စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီကြီးကြပ်ရေးလုပ်ငန်းများကို တာဝန်ယူသည်။

နိုင်ငံတော်အရည်အချင်းစိစစ်ချက် လက်မှတ်ထုတ်ပေးခြင်းနှင့် ကြီးကြပ်ခြင်းကော်မတီအောက်တွင် နိုင်ငံတော် အရည်အချင်း လက်မှတ်ထုတ်ပေးရေးကော်မတီဟု အတိုကောက်ခေါ်ဆိုမည်ဖြစ်ပြီး တစ်နိုင်ငံလုံး တင်ပို့သည့် စားသောက်ကုန်လုပ်ငန်းကုမ္ပဏီကြီးကြပ်ရေးလုပ်ငန်းများကို တာဝန်ယူသည်၊ နိုင်ငံတော်အရည်အချင်းစစ်ဆေးရေးဌာနချုပ်သည် အောက်ခြေတွင် သွင်းကုန်/ပို့ကုန် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနအောက်တွင် ပိုးမွှားကင်းရှင်းရေးဌာနဟု အတိုကောက် ခေါ်ဆိုမည်ဖြစ်ပြီး၊ မိမိဒေသအတွင်းရှိ တင်ပို့သည့် စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် ကြီးကြပ်ရေးလုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်သွားရမည်။

ဆက်လက်ဖော်ပြပါမည်။

# တရုတ်နိုင်ငံ၏ E-commerce ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ

|မေဖြိုးသူ (နှစ်နိုင်ငံ)|

တရုတ်နိုင်ငံတွင် ၁၉၉၀ ခုနှစ်မှစ၍ e-commerce စတင်ပေါ်ပေါက်ခဲ့ပြီး တရားဝင်စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ တရုတ်အာဏာပိုင်များအနေဖြင့် ဥပဒေပိုင်းဆိုင်ရာ လိုအပ်ချက်များအပေါ် ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျဆောင်ရွက်ခဲ့ခြင်းကြောင့် ရလဒ်အနေဖြင့် တရုတ်နိုင်ငံတွင်အွန်လိုင်းဖြင့် ကုန်သွယ်ခြင်းနှင့် ပတ်သက်သည့် ဥပဒေများရှင်းလင်းစွာ တိုးတက်ပေါ်ပေါက်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယ အကြီးဆုံးနှင့် အမြန်ဆုံးစီးပွားရေးဖွံ့ဖြိုး တိုးတက်လာသည့်နိုင်ငံဖြစ်ပြီး e-commerce လုပ်ငန်းသည်တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပြီး လက် လီလက်ကားရောင်းချသူများအတွက် ကြီးမားသော အခွင့်အလမ်းများကို ဖော်ဆောင်ပေးနေသည့် ကမ္ဘာ့အကြီးဆုံး e-commerce ဈေးကွက်တစ်ခုဖြစ်လာခဲ့ကြောင်းသိရှိရပါသည်။ ထို့အပြင် တရုတ်နိုင်ငံသည် အင်တာနက်ကဏ္ဍ၊ လူမှုမီဒီယာကဏ္ဍများနှင့် ဈေးကွက် ရရှိမှုများတွင် အရှိန်အဟုန်ဖြင့်လျှင်မြန်စွာ ထိုးဖောက်စိမ့်ဝင်လာကြောင်းနှင့် မိုဘိုင်းလ်အင်တာနက်စိမ့်ဝင်လာမှုတွင် လျင်မြန်စွာတိုးတက်လာခြင်းနှင့်အတူ အကျိုးအမြတ်များသော ဈေးကွက်တစ်ခုအား ဖော်ဆောင်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ အွန်လိုင်းဈေးဝယ်ခြင်း ပြုလုပ်သူများ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ မကြာသေးမီက လေ့လာမှုတစ်ခုပြုခဲ့ရာတွင် ၈၇ ရာခိုင်နှုန်းမှာ ဗြိတိသျှထုတ်ကုန်များကို ဝယ်ယူလိုကြပြီး ၈၆ ရာခိုင်နှုန်းမှာ ပြည်တွင်း၌ ဝယ်ယူ၍မရသော ထုတ်ကုန်များကို UK Sites များတွင် ဝယ်ယူကြကြောင်း၊ UK Sites များတွင်ဝယ်ယူကြသည့် အဓိကအကြောင်းအရင်းမှာ ယုံကြည်စိတ်ချရခြင်း၊ ပစ္စည်း အစစ်အမှန်ရရှိခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း စသည်တို့ဖြစ်ကြောင်းလည်း လေ့လာ သိရှိရပါသည်။

၂၀၁၆ ခုနှစ်တွင် အွန်လိုင်းရောင်းဝယ်မှုလုပ်ငန်းမှာ အမေရိကန်ဒေါ်လာ ၆၂၅ ဘီလီယံသို့ ရောက်ရှိခဲ့သော်လည်း မကြာသေးမီက တရုတ်နိုင်ငံ၏ စီးပွားရေးကျဆင်းမှုကြောင့် အဆိုပါပြယုဂ်မှာ ပြောင်းလဲသွားနိုင်ပါကြောင်း၊ ရောင်းဝယ်မှုမပြုလုပ်မီ UK အွန်လိုင်း လက်လီရောင်းဝယ်သူများအနေဖြင့် တရုတ်သို့ကုန်တင်ပို့ရာတွင် အကျိုးအမြတ်အပြည့်အဝရရှိနိုင်စေရေးအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း စသည်ဖြင့်ဖော်ပြထားသည်များကိုလည်း လေ့လာတွေ့ရှိရပါသည်။

တရုတ်နိုင်ငံတွင် အွန်လိုင်းလက်လီ ရောင်းဝယ်ခြင်းလုပ်ငန်းများသည် ၂၀၀၆ ခုနှစ်မှစ၍ သိသိသာသာ တိုးတက်လာခဲ့ရာ ၂၀၂၀-၂၀၂၂ ခုနှစ်တွင် ဒေါ်လာတစ်ထရီလီယံအထိ တိုးတက်လာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရှိရပါသည်။ အပြည်ပြည်ဆိုင်ရာ e-retailers များအတွက် တရုတ်နိုင်ငံရှိ အွန်လိုင်းလက်လီလုပ်ငန်းများသည် နယ်စပ်ဈေးကွက်တွင် နှစ်ဆဂဏန်း တိုးတက်မှုနှုန်းဖြင့် လုပ် ငန်းများအား ဆက်လက်ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် မိုဘိုင်းလ်စီးပွားရေးလုပ်ငန်းများ သိသိသာသာ တိုးတက်လာခဲ့ရာ ၂၀၁၄ ခုနှစ်တွင် မိုဘိုင်းလ်လက်လီလုပ်ငန်း ၂၁၁ ဒသမ ၅ ရာခိုင်နှုန်းခန့်မှတ်ပုံတင်ခဲ့ပြီး PC-Shopping မှ ၃၅ ဒသမ ၇ရာခိုင်နှုန်းသာ မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ Boston Consulting Group မှ ပြုလုပ်ခဲ့သည့် လေ့လာမှုအရ တရုတ်အွန်လိုင်းဈေးကွက် ထက်ဝက်ကျော်မှာ မိုဘိုင်းလ် Devices များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်မတ်လတွင် လက်လီရောင်းဝယ်မှုမှရရှိသော အမြတ်အစွန်း၏ ၈၀ ရာ ခိုင်နှုန်းမှာ မိုဘိုင်းလ် Devices မှ ရရှိကြောင်း Alibaba မှ ဖော်ပြထားချက်အရ လေ့လာတွေ့ရှိရပါသည်။

၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၌ လက်လီရောင်းချမှု စုစုပေါင်း၏ ၂၃ ဒသမ ၁ ရာခိုင်နှုန်းမှာ e-commerce စနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ်သို့ရောက်သည့်အခါတွင် ၄၀ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာ လိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။ မိုဘိုင်းလ်ဖုန်းများဖြင့် အွန်လိုင်းဈေးဝယ်ခြင်းရေပန်းစားမှုသည်e-commerce စနစ်ဖြင့်ရောင်းချ ခြင်း စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းကျော် အထိ ရောက်ရှိနိုင်မည်ဟု eMarketer များက ခန့်မှန်းထားကြောင်း၊ eMarketer များ၏ ကမ္ဘာတစ်ဝန်း လက်လီရောင်းချမှုများအတွက် နောက်ဆုံးခန့်မှန်းချက်အရ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း တွင် e-commerce စနစ်ဖြင့် လက်လီရောင်းချမှုများသည် ဒေါ်လာ သန်းပေါင်း ၂ ဒသမ ၂၉၀ သို့ ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်းစသည်ဖြင့် လေ့လာတွေ့ရှိရပါသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် iiMedia Research မှ တရုတ် နိုင်ငံ၏ နယ်စပ်ဖြတ်ကျော် e-commerce ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ထုတ်ပြန်ချက်များအရ နယ်စပ်ဖြတ်ကျော် e-commerce ဆောင်ရွက်နေမှုမှာ တိုးတက်လျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် တရုတ်ယွမ်သန်းပေါင်း ၇ ဒသမ ၅ သန်းသို့ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံရှိ e-commerce အသုံးပြုသူပေါင်း ၅၈ သန်းမှာ နယ်စပ် ဖြတ်ကျော်ကုန်သွယ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ နယ်စပ်ဖြတ်ကျော်e-commerceဆောင် ရွက်နေမှုမှာ ပြည်တွင်း e-commerce ဈေးကွက်နှင့်မတူဘဲ လိုအပ်ချက်များရှိနေသေးပါကြောင်း၊ နယ်စပ်တွင် ဈေးဝယ်သူများသည် တရုတ်ယွမ်ငွေ ၃၀၀ နှင့် ၁၀၀၀ ကြားတွင် ပုံမှန်ဝယ်ယူမှု ပြုကြကြောင်း လေ့လာ သိရှိရပါသည်။ လက်ရှိတွင် တရုတ်နိုင်ငံရှိ နယ်စပ်ဖြတ်ကျော် e-commerce ဈေးကွက်မှာ လျင်မြန်စွာ တိုးတက်လာကြောင်း၊ ပြည်တွင်း e-commerce ဈေးကွက်နှင့် မတူသည့်အချက်မှာ အသုံးပြုသူများသည် Tmall Platform ထက်အခြား Platform များဖြင့် ဈေးဝယ်ခြင်းပြုလေ့ရှိပြီး တစ်ခါတစ်ရံ ပြည်ပကုန်သည်များထံမှ တိုက်ရိုက်ဝယ်ယူလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့အပြင် တရုတ်နိုင်ငံတွင် အွန်လိုင်းမှ တစ်ဆင့် Fresh Food ဝယ်ယူ နှုန်းမှာ ၂ ရာခိုင်နှုန်းသာရှိကြောင်း၊ Fresh Food များအား အွန်လိုင်းမှ တစ်ဆင့်ရောင်းချခြင်းပြုသည့် ကုမ္ပဏီ အများစုသည် မြင့်မားလှသော ကုန်ကျစရိတ်များနှင့် စားသုံးသူများအား ဆွဲဆောင်နိုင်ရေးကမ်းလှမ်းလျှော့ပေါ့ခြင်းများပြုလုပ်ရသည့်အတွက် များပြားသော ထောက်ပံ့စရိတ်များကြောင့် ဒေဝါလီခံခဲ့ရကြောင်းလည်း လေ့လာသိရှိရပါသည်။ လက်ရှိတွင် Alibaba နှင့် JD ကုမ္ပဏီများသည် ပုပ်သိုးလွယ်သော စားသောက်ကုန်များအား အွန်လိုင်းမှ တစ်ဆင့် ရောင်းချနိုင်ရေးအတွက် မတူညီသော စီးပွားရေးဆိုင်ရာ ချဉ်းကပ်နည်းများဖြင့် စမ်းသပ်နေကြောင်းလည်း လေ့လာသိရှိရပါသည်။

အထက်ဖော်ပြပါ တရုတ်နိုင်ငံ၏ e-commerce ဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများနှင့် တရုတ်နိုင်ငံ၏လက်ရှိ ၂၀၁၇ ခုနှစ်အတွင်း တိုးတက်နေသည့် e-commerce ဆိုင်ရာ အခြေအနေများအပေါ် လေ့လာတွေ့ရှိချက်များအရ ၂၀၂၀-၂၀၂၂ ခုနှစ်မျှော်မှန်းချက်သို့ ရောက်ရှိလာနိုင်ပါကြောင်း၊ ပြည်တွင်းအသုံးပြုမှုထက် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်မှုမှာ ပိုမိုတိုးတက်လာနိုင်ပါကြောင်း၊ အွန်လိုင်းမှ ရောင်းဝယ်ခြင်းဖြင့် အောင်မြင်လျက်ရှိသည့် Alibaba ကုမ္ပဏီ၏ လုပ်ဆောင်ချက်များသည် ကမ္ဘာတစ်ဝန်း ပိုမိုကျယ်ပြန့်အောင်မြင်လာမှုအတွက် များစွာ အထောက်အကူဖြစ်လာနိုင်ပါကြောင်း တွေ့ရှိရပါသည်။

❑

## အာဆီယံဒေသ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့် ယှဉ်ပြိုင်မှု စည်းမျဉ်းစည်းကမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (ASEAN Aviation and Competition Regulation Workshop) ကျင်းပ

အာဆီယံဒေသ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့် ယှဉ်ပြိုင်မှု စည်းမျဉ်းစည်းကမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩစတြေးလျယှဉ်ပြိုင်မှုနှင့်စားသုံးသူရေးရာကော်မရှင် (Australia Competition and Consumer Commission – ACCC )နှင့် မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၊ ပုဂံမြို့တွင် နိုဝင်ဘာလ ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံ - ဩစတြေးလျ - နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN – Australia – New Zealand Free Trade Area _ AANZFTA) ၏ ယှဉ်ပြိုင်မှုဥပဒေအကောင်အထည်ဖော်ရေးအစီအစဉ် (Competition Law Implementation Program – CLIP) အရ ကျင်းပခဲ့ခြင်းဖြစ်ပြီး အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းစီမံချက် ၂၀၂၅ (ASEAN Competition Action Plan – ACAP 2025)တွင် ပါဝင်သော အာဆီယံဒေသအတွင်း ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာမြင့်မားစေရန်ဟူသော မဟာဗျူဟာနှင့်အညီ ယှဉ်ပြိုင်မှုမူဝါဒနှင့် အခြားသော စီးပွားရေးလုပ်ငန်းနယ်ပယ်များအကြား ဆက်သွယ်မှုခိုင်မာစေရေးအတွက် ကျင်းပခြင်း ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ယှဉ်ပြိုင်မှုမူဝါဒနှင့် အခြားသောစီးပွားရေးလုပ်ငန်းနယ်ပယ်များအကြား ဆက်သွယ်မှုခိုင်မာစေရန်ဟူသော အခြေခံရည်မှန်းချက်အတိုင်း ယှဉ်ပြိုင်မှုဥပဒေနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍဆိုင်ရာ အာဏာပိုင်အဖွဲ့များအကြား ချိတ်ဆက်မှုကို ခိုင်မာစေရန်ဖြစ်ပြီး သက်ဆိုင်ရာအာဏာပိုင်များအကြား ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို နားလည်စေရုံသာမက ရင်ဆိုင်ကြုံတွေ့နေရသော ယှဉ်ပြိုင်မှုဆိုင်ရာပြဿနာများနှင့် အခက်အခဲများကိုပါ အပြန်အလှန် သိရှိနားလည်ပြီး ဥပဒေထိန်းကျောင်း ဆောင်ရွက်မှုလုပ်ငန်းများကို အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ဆွေးနွေးဖြေရှင်းနိုင်စေရန် ဖြစ်ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ယှဉ်ပြိုင်မှုဆိုင်ရာကျွမ်းကျင်သူများ၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍမှ ကျွမ်းကျင်သူကိုယ်စားလှယ်များ၊ ဩစတြေးလျ ယှဉ်ပြိုင်မှုနှင့်စားသုံးသူရေးရာကော်မရှင်မှ ကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ ပုဂ္ဂလိကလေကြောင်းလိုင်း ၁၁ လိုင်းမှ တာဝန်ရှိသူကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ကြပါသည်။

ပုဂံမြို့တွင်နှစ်ရက်ကြာ ကျင်းပခဲ့သော အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် အရှေ့တောင်အာရှဒေသ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ၏ ASEAN Open Skies Policy အပါအဝင် ယှဉ်ပြိုင်မှုနှင့်ပတ်သက်၍ လက်ရှိကြုံတွေ့နေရသော အခက်အခဲများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ယှဉ်ပြိုင်မှုနှင့်ပတ်သက်၍ ရင်ဆိုင်ကြုံတွေ့ရသော အဓိကကျသည့်စိန်ခေါ်မှုများနှင့် ပုဂ္ဂလိကကဏ္ဍမှ ဥပဒေလိုက်နာရန် လိုအပ်သည့်အကြောင်းများ၊ ယှဉ်ပြိုင်မှုနှင့် အခြားသောဥပဒေထိန်းကျောင်းရေး အာဏာပိုင်များအကြား ပတ်သက်ဆက်စပ်မှုနှင့် ၎င်းတို့၏အခြေခံတူညီသည့် ရည်မှန်းချက်များ၊ လေကြောင်းပို့ဆောင်ရေး လုပ်ငန်းကဏ္ဍနှင့် ယှဉ်ပြိုင်မှုဥပဒေထိန်းကျောင်းသူများအကြား ဆက်စပ်မှုကို ခိုင်မာတိုးတက်ရန် လိုအပ်သည့် အကြောင်းခြင်းရာများနှင့် ယင်းတို့ကို မည်သို့ဆောင်ရွက်ရရှိနိုင်မည့်အကြောင်းများအား ဆွေးနွေးပြောကြားခဲ့ကြပြီး တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကာ 'အာဆီယံဒေသလေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့် ယှဉ်ပြိုင်မှုစည်းမျဉ်းစည်းကမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ'ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

**မေငြိမ်းခိုင်(ယှဉ်ပြိုင်မှု)**

# လွတ်လပ်သော ကုန်သွယ်မှုမှသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆီသို့

| ကြည်သာသစ်နိုင် |

ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာ့ကုန်သွယ်ရေး လောကမှာ ကုန်သွယ်မှုလျင် မြန်ချောမွေ့ခြင်း၊ အကောက်ခွန်နှုန်းထားများ လျှော့ချမှု၊ ကိုတာကန့်သတ် မှုများလျှော့ချရေး စတဲ့ဝေါဟာရတွေဟာ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာခဲ့ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်တဲ့အခါမှာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနဲ့ ညှိနှိုင်းဆွေးနွေးမှုတို့ဟာလည်း ကမ္ဘာ့ ကုန်သွယ်ရေးလောကမှာ မဖြစ်မနေ အရေးပါလာပါတယ်။

လွတ်လပ်သောကုန်သွယ်မှု (Free Trade) ဆိုတာဟာ နိုင်ငံခြားကုန်သွယ်မှုပြုတဲ့အခါမှာ အကောက်ခွန် အတားအဆီးများ ထားရှိခြင်း၊ အစိုးရက တစ်ဖက်သတ်ထောက်ပံ့ခြင်း၊ ကိုတာခွဲဝေခြင်းနဲ့ ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ ပြုလုပ်ခြင်း စတာတွေ ဖြေလျှော့ပေးထားခြင်းတို့ကို ဆိုလိုတာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အပါအဝင်ကမ္ဘာ့နိုင်ငံအသီးသီးဟာ နိုင်ငံရဲ့စီးပွားရေး တိုးတက်အောင် ဆောင်ရွက်တဲ့အခါမှာ လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီမှုတွေကို အလေးထားလုပ်ဆောင်နေပါတယ်။ သဘောတူညီမှုယူထားတဲ့ နိုင်ငံတွေဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား ကုန်သွယ်မှုပြုတဲ့အခါမှာ အတားအဆီးမထားတဲ့ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (Free Trade Area) တွေဖန်တီးလာပြီး လွတ်လပ်သော ကုန်သွယ်မှုမူဝါဒ(Free Trade Policy) ကို ဖော်ဆောင်ကြတဲ့အပြင် ကိုတာသတ်မှတ်မှု၊ လိုင်စင်ပေးမှု၊ ငွေလဲလှယ်မှုနှုန်းထား စတဲ့အကောက်ခွန်မဟုတ်တဲ့ အတားအဆီးတွေကို ဖြေလျှော့နိုင်ဖို့ ဆက်လက်ကြိုးစားပြန်ပါတယ်။ ကုန်သွယ်မှု ဖြေလျှော့ခြင်းဆိုရာမှာ နိုင်ငံအချင်းချင်းလွတ်လပ်သော ကုန်သွယ်မှုပြုတဲ့အခါ အစိုးရကကန့်သတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ကင်းလွတ်ခွင့်ရရှိစေတာကို ဆိုလိုတာ ဖြစ်ပါတယ်။



လွတ်လပ်သောကုန်သွယ်မှုကို လုပ်ဆောင်တဲ့အခါ အစိုးရရဲ့ ကန့်သတ်မှုတွေကို ဖြေလျှော့ထားတဲ့အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့မှုဟာ မြင်သာသလို ဈေးကွက်ဝေစု ကန့်သတ်မှုမရှိတဲ့အတွက် ပြိုင်ဆိုင်မှု မြင့်မားစွာနဲ့ ဈေးကွက်ဝေစုများများ ရရှိနိုင်ရေး စတဲ့ အခွင့်အရေးတွေ ရလာစေပါတယ်။ ကုန် သွယ်မှုဟာ ပွင့်လင်းမြင်သာလာပြီး တီထွင်ဆန်းသစ်မှု၊ အရည်အသွေးမြင့်မားမှု၊ အဆင့်မီ အခြေခံ အဆောက်အဦ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ စွမ်းအင်စတာတွေ ဟာ အရှိန်အဟုန်နဲ့တိုးတက်ဖို့လည်း လိုလာမှာဖြစ်ပါတယ်။

ကုန်သွယ်ရေးကဏ္ဍအစဉ်သဖြင့် ကြီးထွားတိုးတက်စေဖို့ဆိုရင် တီထွင် ဆန်းသစ်မှုဟာ အရေးကြီးလှပါတယ်။ အဆင့်မီ တန်ဖိုးမြင့်ထုတ်ကုန်တွေရဲ့ ကုန်ကျစရိတ်ဟာ နည်းပါးပေမယ့် အကျိုးအမြတ်ကတော့ များလှပါတယ်။ ဒါပေမဲ့စွမ်းအင်သုံးစွဲမှုနဲ့ ဈေးကွက် လိုအပ်ချက်ကလည်း များပြားလာမှာလည်းအသေအချာပါပဲ။

ဈေးကွက်နဲ့ ရင်းနှီးမြှုပ်နှံမှုကို ဖွင့်ပေးလိုက်တာဟာ စီးပွားရေးတိုးတက်စေတာမှန်ပေမယ့် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေဟာ ခိုင်မာမှသာ နိုင်ငံအတွက် ကောင်းမွန်တဲ့ရလဒ်တွေ ဖြစ်လာစေမှာပါ။ မှန်ကန်ကောင်းမွန်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ရရှိလာခြင်းမှတစ်ဆင့်နိုင်ငံရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းတွေ တိုးတက်အောင်နဲ့ အလုပ်အကိုင် အခွင့်အရေးတွေ ရရှိလာအောင် ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေရဲ့ နောက်ကွယ်မှာ အလုပ်အကိုင်အခွင့်အလမ်းဟာ တစ်ပါတည်းပါလာမယ်ဆိုတာ သေချာပါတယ်။ လွတ်လပ် သောကုန်သွယ်မှုနယ်မြေတွေမှာ သဘောတူညီမှုယူထားတဲ့ နိုင်ငံတွေအပြင် သဘောတူညီချက် ယူမထားတဲ့ နိုင်ငံတွေနဲ့ပါ ထိတွေ့ဆက်ဆံပြီး ကုန်သွယ်မှုမြင့်မားလာတဲ့ အချက်ဟာ ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နေပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေရရှိ လာတဲ့အခါ ပြည်တွင်းဈေးကွက် လက်ဝါးကြီးအုပ်မှုကို ကာကွယ်နိုင်တဲ့အပြင် ပြည်တွင်းလုပ်ငန်းရှင်တွေဟာလည်း ပြည်ပဈေးကွက်ကိုနိုင်ငံတကာ အဆင့်မီ ထိုးဖောက်နိုင်ရေးနဲ့ ပြည်တွင်း ဈေးကွက်ဝေစု လျော့မသွားစေဖို့ ရုန်းကန်လာရတဲ့ အတွက် ဈေးကွက်ဟာ လှုပ်ရှားတက်ကြွနေပြီး ပြိုင်ဆိုင်မှု မြင့်မားနေမှာဖြစ်ပါတယ်။

လွတ်လပ်သော ကုန်သွယ်မှုဟာ ကုန်ကြမ်းတင်ပို့ရောင်းချမှုကိုလည်း အားပေးမှာဖြစ်သလို ကုန်ကြမ်းတင်ပို့မှုဟာ တည်ငြိမ်တဲ့အကျိုးရလဒ်ကို ဖြစ်စေပါတယ်။ ဒါကြောင့် နိုင်ငံအချင်းချင်းမှာ ကုန်ကြမ်းတင်ပို့မှုဟာ ကုန် သွယ်မှုရဲ့အခြေခံလည်း ဖြစ်နေဆဲပါ ပဲ။ ဒီကမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဟာ ကျယ်ပြန့်လာမှာလည်း ဖြစ်ပါတယ်။ လွတ်လပ်တဲ့ကုန်သွယ်မှု နယ်မြေမှာ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေဟာ အကျိုးတူ ပူးပေါင်းမှုတွေ လုပ်ဆောင်လာကြမှာဖြစ်ပြီး စီးပွားရေးကွန်ရက်ဟာ ပိုမိုကြီးမား ကျယ်ပြန့်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတကာဈေး ကွက်ကျယ်ပြန့်ကြီးမားလာမှုဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လာနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အခြေခံတဲ့ကဏ္ဍစုံ တိုးတက်မှုရရှိဖို့ကိုနိုင်ငံအနေနဲ့ အမြတ်ထုတ်နိုင်ဖို့လိုသလို ထိုမှတစ်ဆင့် တိုးတက်ထွန်းကားတဲ့နိုင်ငံကို ဖော်ဆောင်နိုင်ဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်သော ကုန်သွယ်မှု နယ်မြေမှာ စီးပွားရေးတံခါးကို ကျယ်နိုင်သမျှ ကျယ်ကျယ်ဖွင့်ထားဖို့ တိုက်တွန်းရင်း ဝင်ရောက်လာမယ့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုလိုက်ပါတယ်။

■

## ထိုင်းနိုင်ငံ၌ အောက်တိုဘာလအတွင်း အခွန်ငွေဘာတ် ၉ ဒသမ ၂ ဘီလီယံ ကောက်ခံနိုင်ခဲ့

ထိုင်းအစိုးရသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အခွန်ငွေပိုမို မြင့်မားစွာ ရရှိစေရေး စီမံဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလတွင် အခွန်ငွေဘာတ် ၁၀ ဘီလီယံနီးပါးရရှိခဲ့ကြောင်း၊ ပြည်နယ်အေဂျင်စီများသည် ပြီးခဲ့သည့်လက အစိုးရ၏ ဘဏ္ဍာငွေအတွက် ဘတ် ၁၉၂ ဒသမ ၄ ဘီလီယံရရှိစေရန် စီမံဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်နယ်လုပ်ငန်းများနှင့် ပြည်နယ်အေဂျင်စီများ၏ ဝင်ငွေ လျာထားချက် မြင့်မားစွာချမှတ် ဆောင်ရွက်နိုင်မှသာ အခွန်ငွေပိုမိုမြင့်မားစွာ ရရှိနိုင်မည်ဖြစ်သည်ဟု ဘဏ္ဍာရေးဆိုင်ရာ မူဝါဒရုံးညွှန်ကြားရေးမှူးချုပ် Suwit Rojanavanichn က ပြောကြားပါသည်။

အောက်တိုဘာလအတွင်း ပြည်နယ်စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေမှာ ဘတ် ၄ ဒသမ ၄၄ ဘီလီယံရရှိပြီး လျာထားချက်ထက် ၁၄ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုရရှိခဲ့ပါကြောင်း၊ အခြားပြည်နယ် အေဂျင်စီများ၏ ဝင်ငွေမှာဘတ် ၁ ဒသမ ၃၇ ဘီလီ ယံရရှိပြီး လျာထားချက်ထက် ၈ ဒသမ ၃ရာခိုင်နှုန်း ပိုမိုရရှိခဲ့ပါကြောင်း၊ သို့ရာတွင် ယခင်နှစ်အလားတူကာလထက် ၆ ဒသမ ၆ ရာခိုင်နှုန်းလျော့နည်းခဲ့ပါကြောင်း၊ အစိုးရ၏ အခွန်ငွေစုဆောင်းနိုင်မှုသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေပြီး၊ အပြန်အလှန်အားဖြင့် စီးပွားရေးတိုးတက်မှုသည်လည်း အစိုးရ၏ အခွန်ငွေစုဆောင်းခြင်းကို ကူညီပေးပါကြောင်း Suwit က ပြောကြားပါသည်။

သို့ပါ၍ ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လျာထားချက်ပြည့်မီ အောင်မြင်မှုရရှိစေရန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်ငွေကောက်ခံခြင်းအား အနီးကပ် ကြီးကြပ်ကြပ်မတ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာနှစ်တစ်နှစ်အတွက် အခွန်ငွေစုဆောင်းနိုင်မှုမှာ ဘတ် ၂ ဒသမ ၄၅ ထရီလီယံဖြစ်ပြီး၊ တစ်နှစ်အတွက် ဘတ်ဂျက်မှာ ၂ ဒသမ ၉ ထရီလီယံဖြစ်သည့်အတွက် နှစ်စဉ် ၄၅၀ ဘီလီယံ ဘတ်ဂျက်လိုငွေ ပြနေပါကြောင်း Suwit က ပြောကြားပါသည်။

အခွန်ဦးစီးဌာနသည် ယခုဘဏ္ဍာရေးနှစ်၏ ပထမဦးဆုံးလတွင် အခွန်ငွေဘတ် ၁၁၇ ဘီလီယံကို စုဆောင်းနိုင်ခဲ့ပါသည်။ လျာထားချက်ထက် ၇.၂၆ သန်း၊ ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၆ ရာခိုင်နှုန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလထက် ဘတ် ၂ ဒသမ ၇၆ ဘီလီယံခန့် ရာခိုင်နှုန်းအားဖြင့် ၂ ဒသမ ၄ရာခိုင်နှုန်း ပိုမိုရရှိခဲ့ပါသည်။ လူတစ်ဦးချင်းအပေါ် ကောက်ခံသည့် ဝင်ငွေ ခွန်အနေဖြင့်ဘတ် ၅၈၄ သန်းဖြင့် စံချိန်တင်ရရှိခဲ့ပြီး၊ လျာထားချက် ၂၂ ဒသမ ၁ ဘီလီယံအပေါ် ၂ ဒသမ ၇ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ Value-added tax ၆၃ ဒသမ ၇ ဘီလီယံဘတ်ရရှိပြီး လျာထားချက်ထက် ၄၈၈ သန်းပိုမိုခဲ့ရရှိပြီး၊ နှစ်စဉ် တစ်နှစ်ထက်တစ်နှစ် ၈ ဒသမ ၉ရာခိုင်နှုန်းခန့် ပိုမိုတိုးတက်ရရှိခဲ့ပါသည်။

**မင်းအောင်အေး**

## တရုတ်နိုင်ငံ၏ လယ်ယာထွက်စားသောက်ကုန်ပစ္စည်းဈေးနှုန်းများအနည်းငယ်မြင့်တက်ခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာထွက်စားသောက်ကုန်ပစ္စည်းများ၏ ဈေးကွက်သည် နိုဝင်ဘာလ ၁၃ ရက်မှ ၁၉ ရက်အထိ ယခင်တစ်ပတ်ထက် သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာပြီး ၎င်းလယ်ယာထွက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုသည် သုည ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူ ကာကွယ်စောင့်ရှောက်မှုလေ့လာစောင့်ကြည့်ရေး အဖွဲ့၏ အဆိုအရ သိရပါသည်။

လယ်ယာစိုက်ပျိုးမွေးမြူရေးမှ ထွက်ရှိသောစားသောက်ကုန်ပစ္စည်းဈေးကွက်တွင် မွေးမြူရေးအသား၊ ငါးလက်ကားဈေးကွက်သည် အသီးသီး မြင့်တက်လာခဲ့ပါသည်။

ရေထွက်ကုန်ပစ္စည်းဈေးနှုန်းသည် ယခင်တစ်ပတ်ထက် သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

ဆန်ဈေးနှုန်းသည် ယခင်တစ်ပတ်ထက် သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့သော်လည်း ဂျုံမှုန့်သည် ဈေးနှုန်းအတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်းသာဖြစ်ပါသည်။ စားသုံးဆီဈေးနှုန်းလည်း အနည်းငယ်မြင့်တက်လာခဲ့ပြီး မြေပဲဆီဈေးနှုန်းသည် သုည ဒသမ ၃ ရာခိုင်နှုန်း၊ ပဲပိစပ်ဆီဈေးနှုန်းသည် သုည ဒသမ ၁ ရာခိုင်နှုန်း အသီးသီး မြင့်တက်လာခဲ့ပါသည်။

မွေးမြူရေးအသား၊ ငါးဈေးနှုန်းများနှင့် စားသုံးဆီဈေးနှုန်းများ အသီးသီးမြင့်တက်လာခဲ့သော်လည်း ဟင်းသီးဟင်းရွက်ဈေးနှုန်းများသည် အနည်းငယ်ကျဆင်းခဲ့ပါသည်။

**Source: http://english.mofcom.gov.cn/article/newsrelease/significantnews/201711/20171102674816. shtml**

**အောင်ကိုကို**

# ရေနံထုတ်လုပ်မှုလျှော့ချမည့်သက်တမ်းကို ထပ်မံတိုးမြှင့်လိုက်သည့် အိုပက်၏ ဆုံးဖြတ်ချက်ကြောင့် ရေနံစိမ်းဈေးများ မြင့်တက်

ရေနံထုတ်လုပ်မှုကို လျှော့ချမည့် သက်တမ်းကို ထပ်မံတိုးမြှင့်လိုက်သည့် အိုပက်နှင့် အဓိကရေနံထုတ်လုပ်သူများ၏ ဆုံးဖြတ်ချက်ကြောင့် ရေနံစိမ်း ကြိုရောင်းကြိုဝယ်ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ရေနံထုတ်လုပ်တင်ပို့ရောင်းချသည့်နိုင်ငံများအဖွဲ့ (အိုပက်)နှင့် အိုပက်အဖွဲ့ဝင်မဟုတ်သည့် ရုရှားနိုင်ငံ ဦးဆောင်သည့်ရေနံထုတ်လုပ်သူများသည် နိုဝင်ဘာလ ၃၀ ရက်က တွေ့ဆုံခဲ့ကြပြီး ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းအထိ ရေနံထုတ်လုပ်မှုကို ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့ကြသည်။

အမေရိကန်ရေနံစိမ်းကြိုရောင်းကြိုဝယ်ဈေးများသည် ၁၇ ဆင့် မြင့်တက်ခဲ့ကာ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၅၇ သို့ ရောက်ရှိခဲ့သည်။ ဖေဖော်ဝါရီလအတွက် ဘရင့်ရေနံစိမ်းဈေးကွက်တွင် ကြိုရောင်းကြိုဝယ်ဈေးများသည် ၂၄ ဆင့် မြင့်တက်ကာ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၈၇ ရှိခဲ့သည်။

ယခုကဲ့သို့ ဆုံးဖြတ်ချက်မချခင်က ရေနံထုတ်လုပ်မှုရပ်ဆိုင်းခြင်းကို နောက်ထပ် ကိုးလ တိုးမြှင့်ခဲ့ပါက ဈေးနှုန်းများ မြင့်တက်နိုင်ကြောင်း ဈေးကွက်ဆန်းစစ်ရေးမှူးများက သုံးသပ်ခဲ့သည်။

နိုဝင်ဘာလအတွင်း ဘရင့်ရေနံစိမ်းဈေးကွက်တွင် ရေနံစိမ်းတစ်စည်လျှင် ၃ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အမေရိကန်နိုင်ငံ အနောက်တက္ကဆက်ရေနံစိမ်းဈေးကွက်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ သည်။

ရေနံထုတ်လုပ်မှု ကန့်သတ်ချက်သည် ၂၀၁၈ခုနှစ် မတ်လကုန်ပိုင်းတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံစိမ်းဈေးနှုန်းကို မြှင့်တင်လိုသည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ရေနံထုတ်လုပ်မှုရပ်ဆိုင်းထားသည့် သက်တမ်းကို ထပ်မံတိုးမြှင့်လိုက်ခြင်းဖြစ်သည်။

ယခုကဲ့သို့ ရေနံစိမ်း ထုတ်လုပ်မှုကို ရပ်ဆိုင်းထားခြင်းဖြင့် တစ်နေ့လျှင် ရေနံစိမ်းစည် ၁ ဒသမ ၈သန်း လျှော့ချနိုင်ခဲ့သည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံ၏ရေနံထုတ်လုပ်မှုသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၉ ဒသမ ၆၈ သန်း ထုတ်လုပ်ခဲ့ရာ စံချိန်တင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

# ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ကျောင်းသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်များသို့ လက်မှတ်ရောင်းရငွေ အမေရိကန်ဒေါ်လာ သန်း ၉၀ ကျော် ဝင်ငွေရရှိ



ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကော ဝပ်ဘုရားကျောင်းသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်သည့် အတွက် ၂၀၁၇ခုနှစ် ပထမ ၁၁ လ အတွင်း အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၆ သန်းရရှိခဲ့ကြောင်းဖနွမ်းပင်ပို့စ်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် ကာလတူနှင့်နှိုင်းယှဉ် ပါက ၇၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ဒီဇင်ဘာလ ၁ ရက်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ ဝင်ငွေများတိုးတက် ရရှိခဲ့ခြင်းမှာ ယခုနှစ် အစောပိုင်းက ဘုရားကျောင်းသို့ ဝင်ခွင့်လက်မှတ်ဈေးနှုန်းများကို မြှင့်တင်လိုက်ခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

အန်ကောဝပ်ဘုရားကျောင်းသို့ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း ၂ ဒသမ ၁၈ သန်း လာရောက်လေ့လာကြည့်ရှုခဲ့ကြရာ ယခင်နှစ် ကာလတူကထက် ၁၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု ဆိုသည်။

အဆိုပါဘုရားကျောင်းသို့ လာရောက် လည်ပတ်သူများအနက် တရုတ်လူမျိုးများမှာ အများဆုံးဖြစ်ပြီး တောင်ကိုရီးယားက ဒုတိယနေရာတွင် ရှိနေပြီး အမေရိကန် ပြည်ထောင်စုက တတိယနေရာတွင် ရှိနေသည်။

ယင်းဘုရားကျောင်းသို့ဝင်ခွင့်အတွက် ယခုနှစ်အစောပိုင်းက သတ် မှတ်ခဲ့သည့် ဈေးနှုန်းများမှာ တစ်ရက်တာလည်ပတ်ခွင့်အတွက် အမေရိကန် ဒေါ်လာ ၃၇ ကျသင့်မည်ဖြစ်ပြီး သုံးရက်လည်ပတ်မည်ဆိုပါက အမေရိကန် ဒေါ်လာ ၆၂ ကျသင့်မည်ဖြစ်သည်။ တစ်ပတ်တာလည်ပတ်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၇၂ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ကမ္ဘာကျော် အန်ကောဝပ် ဘုရားကျောင်းသည် နိုင်ငံ၏ အနောက်မြောက်ပိုင်းရှိ ဆီရီယမ်ရိ(ပ်) ပြည်နယ်တွင် တည်ရှိပြီး ယူနက်စကို၏ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များတည်ရှိရာနေရာအဖြစ် ၁၉၉၂ ခုနှစ်က သတ်မှတ်ခြင်းခံခဲ့ရ သည်။

အဆိုပါအန်ကောဝပ်ဘုရားကျောင်း သည် ကမ္ဘောဒီးယားနိုင်ငံသို့လာရောက် လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များ၏ ခရီးလမ်းဆုံးမြို့လည်းဖြစ်သည်။

# မလေးရှားနိုင်ငံက တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့နိုင်ရန် စီစဉ်

တရုတ်လူမျိုးများသည် အနံ့စူးရှပြီး အရသာကောင်းမွန်သည့် ဒူးရင်းသီးများကို ကြိုက်နှစ်သက်ကြသဖြင့် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

၂၀၁၆ခုနှစ်တွင် တရုတ်နိုင်ငံ၏ ဒူးရင်းသီးတင်သွင်းမှုပမာဏသည် လွန်ခဲ့သည့် ၁၀ နှစ်ကထက် ၂၆ ရာခိုင် နှုန်းမြင့်တက်ခဲ့ကာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု၏စာရင်းကောက်ယူမှုများအရ သိရသည်။

မလေးရှားဒူးရင်းသီးစိုက်ပျိုးသူများသည် တရုတ်နိုင်ငံ နန်နင်းမြို့တွင် ယခု လအတွင်းက ကျင်းပသည့် ဒူးရင်းသီးပွဲတော်တွင် ပါဝင်ပြသခဲ့ရာ တရုတ်လူမျိုး ၁၆၅၀၀၀ က မလေးရှားဒူးရင်းသီး၏ အနံ့နှင့်အရသာကို ကြိုက်နှစ်သက်ကြကြောင်း၊ အထူးသဖြင့် Musang King မျိုးကို ပိုမိုကြိုက်နှစ်သက်ကြသည်ဟု ဆိုသည်။

"အခုဆိုရင် တရုတ်နိုင်ငံမှာ အုပ်စု နှစ်စုကွဲနေတယ်။ အိုင်ဖုန်းအိတ်ခ်စ်ကို ကြိုက်နှစ်သက်တဲ့အုပ်စုနဲ့ မလေးရှား ဒူးရင်းသီးကို ကြိုက်နှစ်သက်တဲ့အုပ်စု ဆိုပြီးတော့ အုပ်စုနှစ်စု ကွဲနေတယ်"ဟု မလေးရှားနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာစိုက်ပျိုးရေးအခြေခံစက်မှုဝန်ကြီးဌာန ဝန်ကြီး အာမက်ရှာဘရီချက်က ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသို့ လာရောက်လည်ပတ်သည့် တရုတ်လူမျိုးများသည် မလေးရှားဒူးရင်းသီးကို နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြကြောင်း၊ သို့သော် ဒူးရင်းသီးများကို ဟိုတယ်များ၊ လေဆိပ်များနှင့် အများပြည်သူသွားလာသည့် နေရာများသို့ ယူဆောင်သွားခွင့်မပြုကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ အထင်ကရအွန်လိုင်း ဈေးဝယ်စင်တာဖြစ်သည့် အလီဘာဘာတွင် ဒူးရင်းသီးနှင့်ဒူးရင်းသီးဖြင့် ပြုလုပ်ထားသည့် စားသောက်များ အများအပြား ရောင်းချလျက်ရှိသည်။

မလေးရှားနိုင်ငံတွင် ဒူးရင်းသီး စိုက်ပျိုးသူပေါင်း ၄၅၅၀၀ ရှိသည်။

# ဗီယက်နမ်နိုင်ငံက တရုတ်နိုင်ငံသို့ ပထမဦးဆုံး ကုန်သေတ္တာတင်ရထား စတင်ပြေးဆွဲ

ဗီယက်နမ် မီးရထားကော်ပိုရေးရှင်း လက်အောက်ခံဌာနခွဲတစ်ခု ဖြစ်သည့် Ratraco သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှ တရုတ်နိုင်ငံသို့ ပထမဦးဆုံး ကုန်သေတ္တာတင်ရထားကို နိုဝင်ဘာလ ၃၀ ရက်က စတင်ပြေးဆွဲခဲ့ကြောင်း ဗီယက်နမ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါကုန်သေတ္တာတင်ရထားတွင် ကွန်တိန်နာပေါင်း ၂၀တင်ဆောင်လာပြီး ကွန်တိန်နာများတွင် ကျောက်မီးသွေးများ၊ သတ္တုရိုင်းများ၊ လျှပ်စစ်ပစ္စည်းများကို တင်ဆောင်ခဲ့ပြီး တရုတ်နိုင်ငံတောင်ပိုင်းရှိ နန်နင်းသို့ ပို့ဆောင်မည်ဖြစ်သည်။

ယခုထွက်ခွာခဲ့သည့်ပထမဦးဆုံး ခရီးစဉ်ပြီးဆုံးပြီးနောက် Ratraco နှင့် တရုတ်နိုင်ငံမှ မိတ်ဖက်အဖွဲ့တို့သည် အပတ်စဉ် အင်္ဂါနှင့် ကြာသပတေးနေ့တိုင်းတွင် ရထားထွက်ခွာနိုင်ရန် စီစဉ်ထားသည်ဟု ဆိုသည်။

မယ်သီတာ စုစည်းတင်ပြသည်။

ယခုထွက်ခွာခဲ့သည့် ပထမဦးဆုံး ကုန်သေတ္တာတင်ရထားသည် ဒီဇင်ဘာလ ၆ ရက်တွင် နန်နင်းမှ ပြန်လည်ထွက်ခွာလာမည်ဖြစ်သည်။ အဆိုပါ ကုန်သေတ္တာတင်ရထားတွင် အဆင့်မြင့်နည်းပညာများဖြင့် ပြုလုပ်ထားသည့် အအေးခန်း ကွန်တိန်နာများကို ထည့်သွင်းထားသည်ဟု ဆိုသည်။

ယင်းကဲ့သို့ အအေးခန်း ကုန်သေတ္တာများကို ထည့်သွင်းထားရခြင်းမှာ အအေးခံကုန်စည်များအား နှစ်နိုင်ငံအကြား သယ်ယူပို့ဆောင်ရာတွင် ပိုမိုအဆင်ပြေစေရန်အတွက်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ရထားပြေးဆွဲခြင်းကြောင့် နှစ်နိုင်ငံစလုံးမှ ပြည်သူများ ပိုမိုအဆင်ပြေစေကြောင်း၊ တရုတ်နိုင်ငံတွင် နေထိုင်ကြသည့် အခြားလူမျိုးများလည်း ဗီယက်နမ်သို့လာရောက်နိုင်ကြကြောင်း၊ ထို့ပြင် နှစ်နိုင်ငံ ကုန်စည်ကူးသန်းရောင်းဝယ်မှုများပြုရာတွင် သယ်ယူပို့ဆောင်ခများ သက်သာသဖြင့် ကုန်စည်ဈေးနှုန်းများလည်း ကျဆင်းသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံမှတစ်ဆင့် အာရှအလယ်ပိုင်း၊ ရုရှား၊ ဥရောပဒေသတွင်း နိုင်ငံများသို့ ဗီယက်နမ်ကုန်စည်များကို တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း ဗီယက်နမ် နယူးအေဂျင်စီက ရေးသားဖော်ပြခဲ့သည်။

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ် ပါသည်။

အကြံညာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

# Excel International Trading Co., Ltd.





ဆန်နှင့် ဆန်ထွက်ပစ္စည်း ကြိတ်ခွဲ ရောင်းဝယ်ရေး







အားဖြည့်ဆန်

အသည်းပုံစပါးနှံ အမှတ်တံဆိပ်ပါသော အားဖြည့်ဆန်များကိုသာ ရွေးချယ်ဝယ်ယူစားသုံးကြပါရန်။

**Distributed by:**

EXCEL INTERNATIONAL TRADING CO., LTD.
Blk 79(B3-B3)# 101, Shwe Gone Daing Road, (Beside of SSC Women Center)
Bahan T/S, Yangon, Myanmar. Ph : 09 455041740, 09 765041740
+959 455041740
e-mail : excelintl.trading@gmail.com
http://www.facebook.com/myafradmin

**Produced By:**

SHWE LA WIN RICE MILL
No.467(B), Coner of Ka Naung Minthargyi Street and Hla Theingi Street, Hlaing Thar Yar Township,
Yangon. Ph : 01-558552, 01- 554034.

# IBS IDEAL BUSINESS SUCCESS CO.,LTD.

CAR EXPORTER, IMPORTER, GENERAL, TRADING & SERVICES

IBS Bring the Best



No.(118), Makhayar Minthagyi Maung Pyo Street,
Hlaing Tharyar Industrial City Zone(2),
Yangon. Myanmar.
Tel : (95)-1-684513, 684683, Fax : (95)-1-684513
E-mail : msteelcement@myanmar.com,ms.thanthansu@gmail.com.

# Ocean
SUPERCENTER

## သင့်မိသားစုအတွက်

### အကောင်းဆုံး ရွေးချယ်မှုများနှင့် ပြည့်စုံစေသောနေရာ



**BEST** CHOICE &
**GREAT** DEALS
for your family!

COMMERCE INTERNATIONAL

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တရုတ်နိုင်ငံက သံမဏိစက်ရုံတည်ဆောက်ရန် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ပူးတွဲတည်ဆောက်မည့် အကြီးဆုံးသံမဏိစက်ရုံအတွက် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၃ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဒါကာ ထရီဗြူးသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ သံမဏိစက်ရုံ တည်ဆောက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် နိုဝင်ဘာ ၂၉ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး Bangladesh Economic Zones Authority (BEZA), Chinese Yunnan Yongle Overseas Investment Co. Limited နှင့် Bangladeshi Star Infrastructure Development Consortium Limited တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေးဆိုင်ရာများကို ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး၊ ပြည်ပမှ သံမဏိများအား ပိုမိုတင်သွင်းနေမှုအား လျှော့ချရေးနှင့် ပြည်တွင်း၌ နည်းပညာများ ပိုမိုတိုးတက်ထွန်းကားရေးတို့ကို ဦးတည် ပြီး လုပ်ဆောင်မည်ဖြစ်ကြောင်း Star Consortium Bangladesh မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ သံမဏိစက်ရုံ တည်ဆောက်ရေးစီမံကိန်းကို Yunnan Yongle Overseas Investment Co. Limited ၏ မိခင်ကုမ္ပဏီဖြစ်သည့် Kunming Iron and Steel Holding Company (KISC) က တာဝန်ယူတည်ဆောက်မည်ဖြစ်သည်။




တရုတ်သံမဏိ ထုတ်လုပ်သူများသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဘင်္ဂလားဒေ့ရှ်-တရုတ် နှစ်နိုင်ငံပူးတွဲတည်ထောင်သည့် သံနှင့်သံမဏိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဇုန်တစ်ခုကို တည်ထောင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ သံမဏိစက်ရုံကို တည်ဆောက်ရခြင်းဖြစ်သည်ဟုဆိုသည်။

အဆိုပါသံမဏိစက်ရုံမှ တစ်နှစ်လျှင် သံနှင့် သံမဏိတန်ချိန် နှစ်သန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်ဟု ဆိုသည်။ သံနှင့်သံမဏိ စီးပွားရေးဇုန်တည်ဆောက်ရန်အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရက မြေဧကတစ်ထောင် ခွင့်ပြုခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းကြီး ၁၇ ခုဖြင့် ဖွဲ့စည်းထားသည့် Star Consortium Bangladesh သည် အဆိုပါသံမဏိစက်ရုံကြီး တည်ဆောက်မည့်စီမံကိန်းကို ပြည်တွင်းမှ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် KISC နှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းကြောင့် ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပေါ်ထွက်လာနိုင်ပြီး ရေနက်ဆိပ်ကမ်းများ၊ ပုဂ္ဂလိက ဆိပ်ခံတံတားများ၊ စက်ကိရိယာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ၊ သံမဏိဖြင့် ပြုလုပ်သည့်ပစ္စည်းများ ပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း Star Consortium Bangladesh မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

## ဗီယက်နမ်ရော်ဘာကုမ္ပဏီများက လာအိုနိုင်ငံတွင် ရော်ဘာပင်များ စိုက်ပျိုးသွားမည်

ဗီယက်နမ်နိုင်ငံ ရော်ဘာအုပ်စု (Vietnam Rubber Group-VRG) ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Quang Tri Rubber Co., Ltd. သည် လာအိုနိုင်ငံတွင် ရော်ဘာစိုက်ခင်းများ ထူထောင်သွားမည်ဖြစ်ကြောင်းဗီယက်နမ်သတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ်ကုမ္ပဏီသည် လာအိုနိုင်ငံ၊ Saravane ပြည်နယ်ရှိ မြေဧရိယာဟက်တာ ငါးရာတွင် ရော်ဘာပင်များ စိုက်ပျိုးသွားမည်ဖြစ်ပြီး ရော်ဘာကုန်ချောထုတ်လုပ်သည့်စက်ရုံကိုပါ တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါစီမံကိန်းအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို နိုဝင်ဘာ ၂၉ ရက်က လာအိုနိုင်ငံ ဗီယန်ကျင်းတွင် ပြုလုပ်ခဲ့သည်။

ဗီယက်နမ်ကုမ္ပဏီသည် အဆိုပါစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး နှစ်ပေါင်း ၃၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် လာအိုနိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဒုတိယဝန်ကြီး Khamlien Phonsena က ဗီယက်နမ်နိုင်ငံမှ ရော်ဘာပင်များ လာရောက်စိုက်ပျိုးမည့် စီမံကိန်းကို ကြိုဆိုပါကြောင်း၊ ယင်းစီမံကိန်းသည် ဒေသတွင်းရှိ ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည့်အပြင် ဆင်းရဲနွမ်းပါးမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင်ဒေသတွင်းမှ ပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းသစ်များ အများအပြား ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းစီမံကိန်းသည် ဗီယက်နမ်-လာအို နှစ်နိုင်ငံ သွေးစည်းညီညွတ်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ၂၀၁၇ ဟူသည့် ခေါင်းစဉ်အောက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည့် Quang Tri Rubber Co. Ltd. အနေဖြင့် လာအိုနိုင်ငံ၏သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ဥပဒေနှင့် လာအိုအစိုးရ၏ လမ်းညွှန်ချက်ဖြစ်သည့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြေရေးဆိုင်ရာများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး Khamlien က ပြောကြားခဲ့သည်။

ဗီယက်နမ်ရော်ဘာကုမ္ပဏီ၏ အကြီးအကဲဖြစ်သူ ဗန်လုက ယခုကဲ့သို့ စာချုပ်ချုပ်ဆိုခွင့်ရရှိသည့်အတွက် လာအိုအစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ လာအိုနိုင်ငံမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မယ်သီတာ စုစည်းသည်

